# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ သီတင်းကျွတ်လဆန်း (၉)ရက် ၊ တနင်္လာနေ့ ၊ (3-10-2022) ၊ အတွဲ (၃၁) ၊ အမှတ် (၁၅၆)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို မန္တလေးစက်မှုဇုန်ရှိ ဒုံးပျံဂျုံစက်နှင့် တိုးပွားမန်းဓာတ်မြေဩဇာစက်ရုံတို့ကို ကြည့်ရှုအားပေး



**မန္တလေး၊ အောက်တိုဘာ ၂**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုတို့သည် ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးစက်မှုဇုန်ရှိ ဒုံးပျံဂျုံစက်နှင့်တိုးပွားမန်းဓာတ်မြေဩဇာစက်ရုံတို့သို့ သွားရောက်ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မန္တလေးစက်မှုဇုန်ရှိ ဒုံးပျံဂျုံစက်သို့ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ဒိုင်းမွန်းစတားကုမ္ပဏီလီမိတက်၊ မန္တလေးစက်ရုံတာဝန်ခံ ဦးခွန်အောင်ဆန်းက စက်ရုံသမိုင်းကြောင်းနှင့် စက်စွမ်းအား၊ ဝန်ထမ်းအင်အားနှင့်ဖွဲ့စည်းပုံ၊နှစ်အလိုက် တိုးမြှင့်ထုတ်လုပ်နိုင်မှုနှင့် စာမျက်နှာ ၁၆ ကော်လံ ၁ ➯

## ရေဘုတ်ရေလှောင်တမံမှ မိုးစပါး စိုက်ဧက ၁၃၉၂ ဧကအတွက် စိုက်ပျိုးရေ ပေးဝေလျက်ရှိ

စာမျက်နှာ - ၁၉

## အောက်တိုဘာ ၂ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲ အတည်ပြုလူနာသစ် ၂၇၅ ဦး တွေ့ရှိ

စာမျက်နှာ - ၁၉

## မန္တလေးတောင်တော်တွင် သီတင်းကျွတ်ကာလ ပြောက်အိုး၊ မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်းကို တားမြစ်ပိတ်ပင်မည်

စာမျက်နှာ - ၂

## အာရှ-ပစိဖိတ်ဒေသ စားနပ်ရိက္ခာ ဖူလုံရန် ကန်ဒေါ်လာ ၁၄ ဘီလီယံ ကူညီမည့် ADB

ဆောင်းပါး စာမျက်နှာ - ၂၉

| မြို့ | အနိမ့်ဆုံးအပူချိန် / | အမြင့်ဆုံးအပူချိန် |
|---|---|---|
| နေပြည်တော် | ၂၄°C / | ၂၉°C |
| ရန်ကုန် | ၂၃°C / | ၃၁°C |
| မန္တလေး | ၂၄°C / | ၃၄°C |

## KNPP နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပြဋ္ဌာန်းချက်များ၊ ရာဇသတ်ကြီးပြဋ္ဌာန်းချက်ပါများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေများကို ချိုးဖောက်ခြင်းဖြစ်၊ တည်ဆဲဥပဒေများအရ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်

စာမျက်နှာ - ၂၃


ASEAN-OSHNET

(၄)ကြိမ်မြောက် အာဆီယံ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ယက်ဆု
(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိခဲ့သည့်
ရွှေဖီဦး အသင့်ဖျော်လက်ဖက်ရည်ထုပ် ထုတ်လုပ်ရေးစက်ရုံအား
ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။



ရွှေဖီဦး
3 in 1 Instant Tea Mix

DAGON BEVERAGES

ရတနာပုံ
၂၀၂၂ ခုနှစ် အောက်တိုဘာ ၃ ရက်
အယ်ဒီတာ့အာဘော်

# ငါးလုပ်ငန်းကဏ္ဍ တိုးချဲ့လုပ်ဆောင်

သဘာဝရေပြင်အတွင်း ငါးသယံဇာတတည်ရှိမှုများ လျော့ကျလာနေသဖြင့် ဖမ်းဆီးထုတ်လုပ်ရေးကဏ္ဍ ရေရှည်တိုးမြှင့်ထုတ်လုပ်နိုင်ရန် ကန့်သတ်ချက်များ ရှိလာနေပြီဖြစ်ရာ တိုးတက်လာသည့် လူဦးရေအတွက် ငါးမွေးမြူရေးကဏ္ဍကို တိုးချဲ့လုပ်ဆောင်ရန် လိုအပ်လာပြီဖြစ်သည်။

ငါးလုပ်ငန်းသည် မြန်မာနိုင်ငံ၏စီးပွားရေးကို အဓိက အထောက်အကူပြုလျက်ရှိသကဲ့သို့ နိုင်ငံတော်အသားတင်ထုတ်လုပ်မှုတန်ဖိုး (GDP) တိုးတက်ရေးအတွက်လည်း အထောက်အကူပြုလျက်ရှိသည်။ ထို့ပြင် နိုင်ငံအတွင်းရှိ ပြည်သူများ အသားဓာတ် ငါးစားသုံးရခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းကိုလည်း ရရှိစေသည်။ ယခုအခါ ငါးအရင်းအမြစ်များကို အလွန်အကျွံဖမ်းဆီးထုတ်ယူမှုများကြောင့် ပင်လယ်ပြင်နှင့် ရေချိုငါးသယံဇာတအရင်းအမြစ်များကို လျော့နည်းစေလျက်ရှိကြောင်း ကမ္ဘာ့ဘဏ်၏ ၂၀၁၉ ခုနှစ်က ထုတ်ပြန်သည့် မြန်မာနိုင်ငံ ပတ်ဝန်းကျင်ဆိုင်ရာ လေ့လာဆန်းစစ်ချက် အစီရင်ခံစာအရ သိရသည်။

ရေလုပ်ငန်းကဏ္ဍမှ နိုင်ငံတော်အသားတင်ထုတ်လုပ်မှုတန်ဖိုး (GDP) တိုးတက်ရေးအတွက် ရေချို၊ ရေငန် ငါး၊ ပုစွန်များနှင့် အခြားရေထွက်ကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် အစားအစာဘေးကင်းလုံခြုံရေးနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များကို ပိုမိုထုတ်လုပ်နိုင်ရေးအတွက် နည်းပညာများ ပံ့ပိုးကူညီမှုနှင့် ပြည်တွင်းစားသုံးမှု ဖူလုံရေးအပြင် ပြည်ပတင်ပို့မှုတိုးမြှင့်နိုင်ရေးအတွက် ငါးလုပ်ငန်းဦးစီးဌာနများက ရေထွက်ကုန်ပစ္စည်းများ တစ်နှစ်ထက်တစ်နှစ် တိုးတက်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် ငါးသယံဇာတတိုးပွားစေရေးအတွက် မြစ်၊ချောင်း၊အင်း၊အိုင်များအတွင်း ငါးမျိုးစိုက်ထည့်ခြင်းကို ဘဏ္ဍာနှစ်အလိုက် နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ ယခုဘဏ္ဍာနှစ်တွင်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ငါးမျိုးစိုက်ထည့်ခြင်းများကို သက်ဆိုင်ရာ ငါးလုပ်ငန်းဦးစီးဌာနများက ဆောင်ရွက်ပေးနေသကဲ့သို့ ရေပေါ်လှောင်အိမ်စနစ်ဖြင့် မြစ်၊ ချောင်း၊ ဆည်၊ ကန်နှင့် သဘာဝရေပြင်ကျယ်များတွင် ငါးမွေးမြူခြင်းလုပ်ငန်းများကို ဒေသနေပြည်သူများ လက်တွေ့လုပ်ကိုင်နိုင်ရေးအတွက် နည်းပညာနှင့်အကူအညီများ ဆောင်ရွက်ပေးလျက်ရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

ဘဏ္ဍာနှစ်အလိုက် ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ပြည်ပသို့ ရေထွက်ကုန်ပစ္စည်းတင်ပို့မှုမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၈၅၈ ဒသမ ၉၆ သန်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၇၈၅ ဒသမ ၀၂၁ သန်း၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လတာကာလတွင် အမေရိကန်ဒေါ်လာ ၂၆၂ ဒသမ ၆၁၉ သန်းနှင့် ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဩဂုတ်လကုန်ထိ အမေရိကန်ဒေါ်လာ ၂၆၀ ဒသမ ၀၈၂ သန်းရရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အချက်အလက်များအရ သိရသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် သက်ဆိုင်ရာ ငါးလုပ်ငန်းစခန်းများတွင် သဘာဝရေမြေနှင့် ကိုက်ညီစွာ မွေးမြူနိုင်သော ငါးမျိုးစိတ်များတင်သွင်းပြီး မျိုးပွားဖြန့်ဖြူးပေးခြင်း၊ စီးပွားဖြစ်မွေးမြူရန် အလားအလာရှိသော ဒေသတွင်း ရေချိုငါးမျိုးစိတ်များကို သုတေသနပြုစမ်းသပ်သားဖောက်ခြင်းမှ ဈေးကွက်ဝင်ငါးမျိုးစိတ်များ အောင်မြင်စွာ သားဖောက်ထုတ်လုပ်ပေးခြင်းဖြင့် ငါးမွေးမြူရေးကဏ္ဍမှ ပြည်တွင်းငါးစားသုံးမှု ဖူလုံရေးသာမက ပြည်ပပို့ကုန်တိုးမြှင့်ရေးကိုပါ အကျိုးပြုနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး အောက်တိုဘာ ၂**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့်ဝေဠုဝန်ရောစနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူးရဟန်းသံဃာတော်များနှင့်ပြည်သူ စုစုပေါင်း ၆၉၃၃၈ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"ဝေဠုဝန်ရောစနကျောက်စိမ်းစေတီတော်ကို နယ်စုံက ဘုရားဖူးတွေ နေ့စဉ် လာရောက်ဖူးမြော်ကြပါတယ်။ ဒီနေ့ဟာ ရုံးပိတ်ရက်ဖြစ်တဲ့အပြင် ဥပုသ်နေ့လဲဖြစ်တာကြောင့် ဘုရားဖူးဦးရေ တိုးလာပါတယ်။ နေ့ထူးနေ့မြတ် ရက်တွေဆိုရင် ဘုရားဖူးတွေ ပိုပြီးလာရောက်ဖူးမြော်တာကို တွေ့ရပါတယ်။ နားနေဆောင်တွေမှာလဲ ဝင်ရောက်နားခိုပြီး အေးဆေးစွာ အနားယူအပန်းဖြေနေကြတာကို တွေ့ရပါတယ်။ လိုဏ်ဂူအတွင်း ဝင်ရောက်လေ့လာကြတာကိုလဲ တွေ့ရပါတယ်။ သနပ်ခါးကျောက်ပျဉ်ကြီးမှာလဲ ဘုရားဖူးတွေ ဝင်ရောက်လိမ်းခြယ်တာတွေနဲ့ စည်ကားနေတာ တွေ့ရပါတယ်"ဟု ဝေဠုဝန်ရောစနကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြသည်။

ဝေဠုဝန်ရောစနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ ညနေထိ ဘုရားဖူးဦးရေ ၂၈၅၀ လာရောက် ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ ညနေထိ ဘုရားဖူး ၆၅၆၆၇ ဦး လာရောက်ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီ မိနစ် ၃၀ မှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ ညနေထိ ဘုရားဖူး ၈၂၁ ဦး လာရောက်ဖူးမြော်ကြောင်း မန္တလေးတောင်တော်ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြ၍ သိရသည်။

(၁၈၅)

# မန္တလေးတောင်တော်တွင် သီတင်းကျွတ်ကာလ ပြောက်အိုး၊ မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်းကို တားမြစ်ပိတ်ပင်မည်

**မန္တလေး အောက်တိုဘာ ၂**

မန္တလေးတောင်တော်တွင် သီတင်းကျွတ်ကာလ ပြောက်အိုး၊ မီးရှူးမီးပန်းများပစ်ဖောက်ခြင်းကို တားမြစ်ပိတ်ပင်မည်ဖြစ်ကြောင်း မန္တလေးတောင်တော် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းထွန်းက ပြောပြ၍ သိရသည်။

မန္တလေးမြို့တွင် ခရီးသွားပြည်သူများ စိတ်ဝင်တစားသွားရောက်လည်ပတ်သည့် နေရာများထဲ၌ မန္တလေးတောင်တော်လည်းပါဝင်ကြောင်း၊ မန္တလေးတောင်တော်သို့ ဘုရားဖူးခရီးသွားများ လာရောက်လည်ပတ်လျက်ရှိကြောင်း၊ မကြာမီ ရောက်ရှိလာတော့မည့် သီတင်းကျွတ်ပွဲတော်ကာလအတွင်း ခရီးသွားများကို အနှောင့်အယှက်မဖြစ်စေရန် ပြောက်အိုးနှင့် မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်းကို တားမြစ်ပိတ်ပင်မည်ဖြစ်ကြောင်း သိရသည်။

"သီတင်းကျွတ်ပွဲတော်ကာလမှာတော့ မန္တလေးတောင်တော်မှာ ပြောက်အိုးတွေ၊ မီးရှူးမီးပန်းတွေနဲ့ ရှူးဗိုင်းတွေ လုံးဝပစ်ဖောက်ခွင့်မပေးပါဘူး။ မန္တလေးတောင်တော်ကို လာကြတဲ့ခရီးသွားတွေအကုန်လုံးက ဘုရားလာဖူးတဲ့ ခရီးသွားတွေဖြစ်တဲ့အတွက် တချို့တရားထိုင်နေတဲ့သူတွေ၊ သက်ကြီးရွယ်အိုတွေကို အလန့်တကြားဖြစ်စေမဲ့ ပြောက်အိုးတွေ၊ မီးရှူးမီးပန်းတွေကို လုံးဝဖောက်ခွင့်မပေးပါဘူး"ဟု ဦးသိန်းထွန်းက ပြောပြသည်။

သီတင်းကျွတ်ကာလတွင် မန္တလေးတောင်တော်၌ ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းစွာ ဘုရားဖူးမြော်နိုင်ရေးအတွက် ယခုတစ်ပတ်အတွင်း လုံခြုံရေးအစီအမံများနှင့်ပတ်သက်၍ ဆွေးနွေးသွားမည့်အပြင် မန္တလေးတောင်တော်တွင် ပြောက်အိုးနှင့်မီးရှူးမီးပန်းများ ပစ်ဖောက်မှုမရှိရေး ဗီနိုင်းများချိတ်ဆွဲသွားရန် အစီအစဉ်လည်းရှိကြောင်း ၎င်းက ပြောပြ၍ သိရသည်။

(၁၈၄)

# ပြည်တွင်းရွှေဈေးနှုန်းများ ဆက်လက်ကျဆင်းနေ

**မန္တလေး အောက်တိုဘာ ၂**

ယခုတစ်ပတ်အတွင်း ပြည်တွင်းရွှေဈေးနှုန်းများ ဆက်လက်ကျဆင်းနေပြီး ကမ္ဘာ့ရွှေဈေးနှုန်းများလည်း တည်ငြိမ်မှုမရှိခြင်းကြောင့် အလုပ်အခက်ရှိနေဆဲဖြစ်ကြောင်း မန္တလေးရွှေဈေးကွက်အတွင်းမှ သိရသည်။

ပြည်တွင်းရွှေဈေးနှုန်းများ ကျဆင်းလာသော်လည်း အရောင်းအဝယ်အနေဖြင့် ပုံမှန်အခြေအနေတွင်သာ ရှိနေပြီး ယခင်ရွှေဈေးနှုန်းတက်ချိန်ကကဲ့သို့ စုဆောင်းလိုသူများ ဝယ်ယူမှုမျိုးမရှိကြောင်း သိရသည်။

"၁၆ ပဲရည် တစ်ကျပ်သားကို ငွေကျပ် သိန်း ၃၀ ကျော်တဲ့ထိ မြင့်တက်ခဲ့တဲ့ ပြည်တွင်းရွှေဈေးက ငွေကျပ် ၂၅ သိန်းအောက်ကို သိသိသာသာပြန်ကျသွားတယ်။ တစ်ပတ်လုံးအတိုင်းအတာအနေနဲ့ ကမ္ဘာ့ရွှေဈေးလဲ အတက်အကျမြန်တယ်လို့ ပြောရမှာပေါ့။ ပြီးတော့ ပြည်တွင်းရွှေဈေးကလဲ မတည်ငြိမ်သေးဘူး။ ဆက်ပြီးတော့ စောင့်ကြည့်ရအုံးမှာပါ"ဟု မန္တလေးမြို့မှ ရွှေလုပ်ငန်းရှင် ဦးရဲမင်းက ပြောပြသည်။

ယခုတစ်ပတ်တွင် ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၆၄၄ ဒေါ်လာဖြင့် ဈေးတန်းဖွင့်ခဲ့ပြီး ဒေါ်လာ ၁၆၇၀ ထိ အမြင့်ဆုံးတက်ခဲ့ကြောင်း၊ ထို့နောက် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၆၂၂ ဒေါ်လာထိ အနိမ့်ဆုံးကျဆင်း၍ ၁၆၆၇ဒေါ်လာဖြင့် ဈေးတန်းပိတ်ခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၂၅ ရက်က ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၆၄၄ ဒေါ်လာ၊ ပြည်တွင်းအခေါက်ရွှေ ၁၆ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၇၆၄၀၀၀၊ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၆၀၁၅၀၀၊ ငွေလဲလှယ်နှုန်းမှာ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ငွေကျပ် ၂၁၀၀ ရှိကြောင်း သိရသည်။

အောက်တိုဘာ ၁ ရက်တွင် ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၆၆၇ ဒေါ်လာ၊ ပြည်တွင်းအခေါက်ရွှေ ၁၆ ပဲရည် တစ်ကျပ်သားလျှင်ငွေကျပ် ၂၄၄၀၀၀၀၊ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၂၉၆၅၀၀၊ ငွေလဲလှယ်နှုန်းမှာ အမေရိကန်ဒေါ်လာတစ်ဒေါ်လာလျှင် ငွေကျပ် ၂၁၀၀ ရှိကြောင်း သိရသည်။

ယနေ့တွင် ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၆၆၇ ဒေါ်လာ၊ ပြည်တွင်းအခေါက်ရွှေ ၁၆ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၄၅၀၀၀၀၊ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၃၀၆၀၀၀၊ ငွေလဲလှယ်နှုန်းမှာ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ငွေကျပ် ၂၁၀၀ ရှိကြောင်း သိရသည်။

(၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၅၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဇလွန်မြို့နယ် ရွှေဘိုစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ဇလွန် အောက်တိုဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)အကောင်အထည်ဖော် ဆောင်ရွက်မည့် ရွှေဘိုစုကျေးရွာ၌ စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဟိန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းမှရရှိလာမည့်အကျိုးကျေးဇူးများ၊ အတိုးနှုန်း ကာလသတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များ ရွေးချယ်ရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ ကော်မတီဝင်များ ထမ်းဆောင်ရမည့်တာဝန်များ၊ လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ပြောကြားပြီး တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)လုပ်ငန်းကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့် အညီ ရွေးချယ်ခဲ့သည်။

ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အဆိုပါ ကျေးရွာရှိ နေကြာအပါအဝင် ဆီထွက်သီးနှံစိုက်ပျိုးသောတောင်သူများ လိုအပ်သည့် မျိုးစေ့၊ သွင်းအားစုနှင့် စိုက်ပျိုးစရိတ်များ ဝယ်ယူသုံးစွဲနိုင်စေရန် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) အရင်းမပျောက်မတည်ရန်ပုံငွေများ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့နေ ဒေါ်စောစောဝင်း၊ ဒေါ်မြင့်မြင့်ဝင်း၊ ဦးမောင်မောင်အေး-ဒေါ်ဆွေဆွေလင်း၊ ဦးကျော်တင်-ဒေါ်အေးအေးမူမိသားစုက ဖခင် ဦးလောရော-မိခင် ဒေါ်ချစ်၊ အစ်ကို ဦးကျော်ရှိန်တို့အားရည်စူး၍ တစ်နေ့တာဆွမ်းအတွက် ငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏ နှင့် အဖွဲ့ဝင်ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ပန်းတနော်မြို့နယ်တွင် ငါးခူဈေးကောင်းရရှိသဖြင့် ငါးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ အဆင်ပြေလျက်ရှိ



**ပန်းတနော် အောက်တိုဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် ယခုနှစ် စက်တင်ဘာလက မွေးမြူရေးငါးခူ ဈေးကောင်းရရှိသဖြင့် ငါးခူမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ အဆင်ပြေလျက်ရှိကြောင်း ပန်းတနော်မြို့နယ် မွေးမြူရေးလုပ်ငန်းရှင်များအသင်းဝင် ကိုအောင်ကျော်က ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်တွင် ယခုနှစ် ဩဂုတ်လအတွင်းက မွေးမြူရေး ငါးခူတစ်ပိဿာလျှင် ငွေကျပ် ၃၈၀၀ သာရှိပြီး စက်တင်ဘာလမှစ၍ ယနေ့ထိ ငါးခူတစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ မှ ၇၅၀၀ ထိ ဈေးကောင်းရရှိနေကြောင်း သိရသည်။

"အခုနှစ် စက်တင်ဘာလကနေ ဒီနေ့ထိ ငါးခူဈေးကကောင်းလာတယ်။ ငါးဈေးကောင်းနေတာကလဲ ပြည်တွင်းစားသုံးမှုများလို့ ဖြစ်ပါတယ်။ မနှစ်တုန်းက အရှုံးပြခဲ့တော့ ဒီနှစ် ဆက်မမွေးကြဘဲ ရပ်ခဲ့ကြတဲ့သူတွေများလို့ ငါးအထွက်နည်းပြီး အဝယ်ကုန်များနေပါတယ်။ ဈေးကလဲ ကောင်းနေတာဖြစ်တယ်။ လက်ရှိ ပြည်ပပို့ကုန်ကလဲ ပြန်လည်လည်ပတ်လာတယ်လို့သိရတယ်။ ငါးခူက ဈေးကွက်ရှိနေလို့ ဈေးကောင်းနေတာဖြစ်တယ်။ ငါးခူဈေးကောင်းတော့ မွေးမြူသူတွေလဲ အဆင်ပြေနေတာတွေ့ရပါတယ်"ဟု ပန်းတနော်မြို့နယ် မွေးမြူရေးလုပ်ငန်းရှင်များအသင်းဝင် ကိုအောင်ကျော်က ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ဒေသခံများသည် လယ်ယာလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများကို ပူးတွဲလုပ်ကိုင်ကြပြီး စီးပွားဖြစ်ငါးခူမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၄ ဦးရှိကြောင်း၊ အဆိုပါဒေသမှထွက်ရှိသည့်ငါးခူများကို ရန်ကုန်ဈေးကွက်သို့ အများဆုံးတင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်းက ငါးကန်တစ်ကန်ဖော်တာ ဈေးကောင်းလေးရခဲ့လို့ နောက်ထပ် ငါးကန်တစ်ကန် ထပ်ဖော်မှာဖြစ်ပါတယ်။ အခုနှစ်တော့ အထိုက်အလျောက် ဈေးရနေတယ်လို့ ပြောရမယ်။ ငါးဈေးလေး ဒီအတိုင်းဆက်ရနေရင် အဆင်ပြေပါတယ်။ မနှစ်တုန်းက ငါးခူတစ်ပိဿာမှ ငွေကျပ် ၂၈၀၀ ထိပဲဈေးရတော့ အဆင်မပြေပါဘူး"ဟု ပန်းတနော်မြို့နယ်မှ ငါးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးထက်ဆန်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ကျိုက်မရောမြို့နယ် နတ်စမ်းကျေးရွာ၌ အခြေခံစက်ချုပ်သင်တန်းဖွင့်

**ကျိုက်မရော အောက်တိုဘာ ၂**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေအမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် မိသားစုဝင်ငွေများတိုးပွားစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုအခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက နတ်စမ်းကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဝင်းနိုင်၊ မွန်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်အိကလျာနိုင်တို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းစိုးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဝင်းနိုင်နှင့် တာဝန်ရှိသူများက သင်တန်းသူများကို သင်ထောက်ကူပစ္စည်းများ ပေးအပ်ကြသည်။

အဆိုပါသင်တန်းသို့ ကျိုက်မရောမြို့နယ်အတွင်းရှိ နတ်စမ်းကျေးရွာနှင့် ခနောင်ကျေးရွာတို့မှသင်တန်းသူ ၁၆ ဦးတက်ရောက်ကြပြီး သင်တန်းတွင် ကျွမ်းကျင်နည်းပြ နှစ်ဦးက စာတွေ့၊ လက်တွေ့ဖြင့် ယနေ့မှ နိုဝင်ဘာ ၁၅ ရက်ထိ ရက်ပေါင်း ၄၅ ရက်ကြာ အခမဲ့ဖွင့်လှစ်သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းစိုးထံမှ သိရသည်။

**သန်းလွင်(မကွေး)**

# ဟိုပန်မြို့နယ် မာဟုန်ရွှေကျေးရွာ၌ စိမ့်စမ်းရေသွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ဟိုပန် အောက်တိုဘာ ၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ဟိုပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မာဟုန်ရွှေကျေးရွာ၌ စိမ့်စမ်းရေသွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ရီရီဦး၊ ဟိုပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိုက်စိုးနှင့် တာဝန်ရှိသူများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ မာဟုန်ရွှေကျေးရွာ၌ စိမ့်စမ်းရေသွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ရီရီဦးက လုပ်ငန်းများ ရေရှည်တည်တံ့စေရေး ပိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့သည်။

မာဟုန်ရွှေကျေးရွာတွင် သောက်သုံးရေရရှိရေးအတွက် အရှည်ပေ ၄၆၂၀ စိမ့်စမ်းရေသွယ်တန်းခြင်း၊ ဂါလန် ၃၀၀၀ ဆံ့ရေစုကန်တည်ဆောက်ခြင်း၊ အလျား ၂၅ ပေ၊ အနံသုံးပေ၊ အမြင့် ငါးပေရှိ ကျောက်စီရေတားတမံတည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၂၀ ဒသမ ၇၂ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာများစုဖွဲ့၍ ဇွန်လ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင်လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်နိုင်မှုကြောင့် မာဟုန်ရွှေကျေးရွာရှိ အိမ်ခြေ ၁၆ အိမ်မှ လူ ၅၂ ဦးနှင့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် သောက်သုံးရေအခက်အခဲများ အဆင်ပြေမည်ဖြစ်ကြောင်း ဟိုပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိုက်စိုးက ပြောပြ၍ သိရသည်။

**ရှိုးသန်းညွန့်**



# အကြံကောင်း ဉာဏ်ကောင်း

## ချစ်နိုင်(စိတ်ပညာ)




"ဆရာ အငြိမ်းစားယူဖို့ နောက်ဘယ်နှနှစ်လိုသေးလဲ"

ခရီးတစ်ခု အတူသွားရင်းမှာ ရင်းနှီးသောမိတ်ဆွေစာရေးဆရာတစ်ဦးက မေးသည်။

"ခုနစ်နှစ်ကျော်လောက် လိုပါသေးတယ်"

ထိုအချိန်က မိမိသည် နိုင်ငံ့ဝန်ထမ်းလည်းဖြစ်သဖြင့် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်လမ်း ပြည်ထောင်စုရိပ်သာတိုက်ခန်းတစ်ခုမှာ နေထိုင်လျက်ရှိသည်။ ဆရာသော်တာဆွေ(သူ့သမီးကြီး ဒင်ပယ်ဆွေအိမ်)နေခဲ့ဖူးသော အိမ်ခန်း(4-C)ဖြစ်သည်။ အောက်ထပ်မှာ စာရေးဆရာကြီး မန်းတင်နှင့် စာရေးဆရာမ မစန္ဒာ၊ သားအဖနေသွားခဲ့ဖူးသည်။ တစ်သက်လုံးနိုင်ငံ့ဝန်ထမ်းလုပ်လာခဲ့သည်မှာ နှစ်ပေါင်း ၃၀ ခန့်ရှိပြီ။ ကိုယ်ပိုင်ဘာမှမရှိသော်လည်း အစိုးရကပေးသဖြင့် နေစရာအိမ်ရှိ၊ သွားစရာကားရှိ၊ ရုံးတာဝန်ကြိုးစားလုပ်ဆောင်သကဲ့သို့ ကိုယ်ပိုင်အချိန်ဆို ဆရာသော်တာဆွေလိုစောစောထ၍ စာမှန်မှန်ရေးသည်။ တစ်နှစ်တစ်နှစ်ဆိုလျှင် ခြောက်အုပ်၊ ခုနစ်အုပ်ပုံမှန်ထွက်သည်။ ဆရာကြီးသော်တာဆွေ၊ ဆရာကြီးမန်းတင်နှင့် သူ့သမီးဆရာမ မစန္ဒာတို့ မိမိရှေ့ကနေထိုင်သွားခဲ့ကြသော တိုက်အမှတ်(၄)က စာရေးဆရာဓာတ်ကူးစက်ပုံရ၏။ စာရေးရသည်ကိုပျော်သည်။ နေရသည်ကိုကျေနပ်သည်။ အဆင်ပြေသည်။

"ဒါဆိုဆရာ့မှာ အိမ်ရှိပြီလား"

"မရှိဘူး ဆရာကြီး"

"ကိုယ်ပိုင်တိုက်ခန်းကောရှိသလား"

"မရှိဘူး ဆရာကြီးရ"

"မြေကော ရှိသလား"

"ရာထူးအရ ပေ(၆၀ × ၈၀)မြေတစ်ကွက်တော့ သာကေတမြို့ မြောက်ဖျားအစွန် လယ်ကွင်းထဲမှာရှိတယ်"

"မြေကွက်ရှိထားတော့ တော်သေးတာပေါ့။ ဆရာချစ် အိမ်ဆောက်လိုက်တော့လေ"

"ကျွန်တော့်မှာ ပိုက်ဆံမရှိဘူး"

(တိုက်အိမ်တစ်လုံးဆောက်လျှင် ငွေကျပ် သိန်းတစ်ရာ၊ နှစ်ရာ မရနိုင်ပါ။ ငွေကျပ်သိန်း သုံး၊ လေးရာ အနည်းဆုံးကုန်ကျမည့်အခြေအနေမျိုးမှာ)

"ရှိတာနဲ့ ပန္နက်ရိုက်၊ တိုင်ထူ၊ ဖြည်းဖြည်းဆောက်။ ဖြစ်သွားလိမ့်မယ်"

"ကျွန်တော် ဝန်ထမ်းအနှစ် ၃၀ စုဆောင်းခဲ့တာ ချွေချွေတာတာနေလို့ ငွေသိန်း ၂၀ ကျော် ၃၀ နီးပါးလေးပဲရှိတယ်ဆရာကြီး"။ မိမိက မမီသည့်ပန်းကိုတုံးခု၍ မလှမ်းလိုပေ။

"ပုံစံဆွဲပြီး ရှိတဲ့ပိုက်ဆံနဲ့ ဆောက်လိုက်ပါ"

မိမိမှာ အိမ်ဆောက်ဖို့ရာ စိတ်ကူးမရှိပါ။ ပိုက်ဆံကလည်း မလုံလောက်သဖြင့် စိတ်မကူးရဲပါ။ အိမ်ပိုင်ယာပိုင်ဖြစ်ဖို့မှာ တော်တော်ခက်ခဲလှသည်။

မိတ်ဆွေစာရေးဆရာကြီးမှာ အင်္ဂလန်မှ ဓာတုဗေဒပညာ Ph.D ဒေါက်တာဘွဲ့ယူခဲ့သော ပညာထူးချွန်သည့်ပုဂ္ဂိုလ်ဖြစ်လေသည်။ တက္ကသိုလ်ပညာရေးလောကတွင် လူချစ်လူခင်များသည်။ သူ့လိုအငြိမ်းစားတက္ကသိုလ်ဆရာကြီး၊ ဆရာမကြီးများ အစိုးရပေးသော တိုက်နှင့်ကားနှင့်နေခဲ့ရာမှ ပင်စင်လည်း ယူရရော ဟောဗျ-ချက်ချင်းလက်ငင်း နေရေး၊ စားရေး ဒုက္ခရောက်ခဲ့ကြပုံများကို နာမည်များနှင့်တကွ ဖြစ်ရပ်မှန် သာဓကများ ပြောပြသည်။ မိမိသဘောပေါက်သွားသည်။ ကြောက်ရွံ့နောက်ဆုတ်နေ၍မရ။ လာမည့်ဘေးပြေးတွေ့ဆိုသကဲ့သို့ မိမိအဖို့ မဖြစ်မနေကြိုးစားရမှာပါလားဟု နားလည်မိလေပြီ။

"ကျေးဇူးပါပဲ ဆရာကြီးရယ်"

သို့နှင့် သစ်ဝယ်၊ အုတ်ဝယ်၊ ဘိလပ်မြေဝယ်၊ သံချောင်းဝယ်။ မိမိက မည်သူ့ဆီကမျှ ဘယ်အရာကိုမှ အကူအညီလည်း ယခင်က တောင်းခဲ့ဖူးသူ၊ အပူကပ်သူ မဟုတ်သဖြင့် သစ်တောညွှန်ချုပ်က သစ်ဝယ်ခွင့်အလွယ်တကူပေးသည်။ စက်မှု(၁)အုတ်လိုသလောက်။ စက်မှု(၂)သံချောင်းလိုသလောက်။ ဘိလပ်မြေ မြိုင်ကလေးသွားယူ၊ လိုသလောက်။ ဆရာသမားများ၊ မိတ်ဆွေများက အစိုးရဈေးနှင့်ရောင်းချပေးအောင် ကူညီခဲ့ကြသဖြင့် ရသမျှစာမူခလေးများအားလုံးက အုတ်ခဲဖြစ်သွား၊ သစ်သားဖြစ်သွား။ စာအုပ်ကလည်း အဆက်မပြတ်ရေး၊ ရောင်းအားကောင်း။ အိမ်တစ်လုံးကိုယ်ပိုင်နေစရာရှိလာပါတော့သည်။ မခက်ခဲပေ။

မိတ်ဆွေကောင်းများက အစစဝိုင်းဝန်းကူညီခဲ့ကြပေသည်။ မိမိအငြိမ်းစားမယူမီ စာအုပ် ၈၀ ကျော်ရေးသားထုတ်ဝေခဲ့သည်။ အချို့စာအုပ်များက လေးကြိမ်၊ ငါးကြိမ်ရိုက်နှိပ်ခဲ့ရသည်။ ထိုအချိန်က သိန်း ၅၀၀ ကျော်တန်မည် နှစ်ထပ်တိုက်သေးသေးတစ်လုံးဆောက်ဖြစ်ခဲ့ပါတော့သည်။ ယခုဆိုလျှင် နှစ်ဆ၊ သုံးဆစသည် တန်နေပေရော့မည်။ ကိုယ်ပိုင်အမြော်အမြင်၊ ကိုယ်တိုင်စိတ်ကူး၊ ကိုယ့်တစ်ယောက်တည်းအတွေးက မှန်ချင်မှန်မည်၊ မှားချင်မှားမည်။ မိတ်ဆွေများကဲ့သို့ မြင်ကွင်းကျယ်စဉ်းစားနိုင်ခြင်း မရှိခဲ့ခြင်းမျိုးလည်း ရှိတတ်ပေသည်။ ယခုကဲ့သို့ အိုးပိုင်အိမ်ပိုင်ဘဝနေနိုင်ခြင်းက ခင်မင်ရင်းနှီးသောမိတ်ဆွေကောင်းက ထိုသို့အကြိမ်ကြိမ်အကြံပေးတိုက်တွန်းသဖြင့် ရခဲ့ခြင်းပါ။

"ကျေးဇူးအထူးတင်ရပါတယ် ဆရာကြီးခင်ဗျာ"

မိမိကလည်း သူတစ်ပါး လူအများကို ဆရာကြီးလို အကြံကောင်း ဉာဏ်ကောင်းများ(စာဖတ်သူက မတောင်းသော်လည်း ကောင်းကျိုးရစေလိုသော စေတနာအရ)မိမိမြင်သမျှ၊ သိသမျှ မျှဝေပါရစေ။

ရှာဖွေစုဆောင်းလာခဲ့ပေသည်။ တစ်ကြောင်းရရ၊ တစ်ချက်ယူယူ၊ အဖိုးထိုက်တန်သော အကြံကောင်းဉာဏ်ကောင်းများ။

အိန္ဒိယနိုင်ငံ၏ ခြောက်ဆက်မြောက်သမ္မတသည် အာကာသနှင့် ဒုံးပျံသိပ္ပံပညာရှင် **အဗ္ဗဒူလ်ကာလမ် (၁၉၃၁-၂၀၁၅)**ဖြစ်သည်။ မကွယ်လွန်မီ မြန်မာပြည်၏ ရန်ကုန်တက္ကသိုလ်သို့ နှစ်ကြိမ် နှစ်ခေါက်လာရောက်၍ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများကို ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမကြီးထဲတွင် ဟောပြောခဲ့ဖူးသည်။ ပညာကြီးသော နိုင်ငံ့ပြုပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ အမြော်အမြင်ရှိပြီး လူငယ်များ၏ပညာရေးကို အလေးအမြတ်တန်ဖိုးထားတတ်သော ပုဂ္ဂိုလ်တစ်ဦးဖြစ်ပေသည်။

မိမိက တရုတ်တွေးခေါ်ပညာရှင်ကွန်ဖြူးရှပ်(ဘီစီ ၅၅၁-၄၇၉)၊ ဆွန်ဇု(ဘီစီ ၅၄၄-၄၉၆)၊ ဂရိဘုရင်မားကပ်စ်အော်ရေးလီယပ်စ်အောဂတ်စတပ်(အေဒီ ၁၂၁- ၁၈၀)အစရှိသော ကမ္ဘာကျော်ထင်ရှားကျော်ကြားပုဂ္ဂိုလ်တို့၏အဆိုအမိန့်များကို လက်ဆင့်ကမ်းခဲ့ဖူးသော်လည်း အိန္ဒိယသမ္မတ အဗ္ဗဒူလ်ကာလမ်အကြောင်းတော့ တစ်ကြိမ်မျှသာ ရေးဖူးခဲ့သည်ထင်မိသည်။ ပြောစရာရှိပါသေးသည်။

အဗ္ဗဒူလ်ကာလမ် အမည်အပြည့်အစုံသိရအောင် တိတိကျကျဖော်ပြပါရစေ-

**Avul Pakir Jainulabdeen Abdul Kalam (1931-2015)**

ဘဝအောင်မြင်ရေး ခုနစ်ချက်ကို နေရာအတော်များများမှာ သူဟောပြောလေ့ရှိခဲ့သည်။ သူက ရှေ့ကတိုင်ပေး၊ ပရိသတ်ကလိုက်ဆို၊ အတိုင်အဖောက်အပေးအယူနဲ့ လေးနက်အောင်၊ မှတ်မိအောင်

❖ ကိုယ်ပိုင်အမြော်အမြင်၊ ကိုယ်တိုင်စိတ်ကူး၊ ကိုယ့်တစ်ယောက်တည်းအတွေးက မှန်ချင်မှန်မည်၊ မှားချင်မှားမည်။ မိတ်ဆွေများကဲ့သို့ မြင်ကွင်းကျယ်စဉ်းစားနိုင်ခြင်း မရှိခဲ့ခြင်းမျိုးလည်း ရှိတတ်ပေသည်။ ယခုကဲ့သို့ အိုးပိုင်အိမ်ပိုင်ဘဝနေနိုင်ခြင်းက ခင်မင်ရင်းနှီးသောမိတ်ဆွေကောင်းက ထိုသို့အကြိမ်ကြိမ်အကြံပေးတိုက်တွန်းသဖြင့် ရခဲ့ခြင်းပါ။ မိမိကလည်း သူတစ်ပါး လူအများကို ဆရာကြီးလို အကြံကောင်းဉာဏ်ကောင်းများ(စာဖတ်သူက မတောင်းသော်လည်း ကောင်းကျိုးရစေလိုသော စေတနာအရ)မိမိမြင်သမျှ၊ သိသမျှ မျှဝေပါရစေ။ ❖

သေသေချာချာ ဟောပြောခြင်းများကို လက်ကိုင်ဖုန်းယူကျူမှာ ကြည့်ရဖူး၏။ စာဖတ်သူလည်း တွေ့ဖူးကြားဖူးလိမ့်မည်ထင်၏။ မကြားရဖူးလျှင် ဘဝအတွက် အမှန်တကယ် အကျိုးရှိလှသော စကားများဖြစ်၍ အနှစ်ချုပ်ဖော်ပြပါမည်-

၁။ Work With Courage.
၂။ Be Unique Be You.
၃။ Culture of Excellence.
၄။ Leader Must Be Explorer.
၅။ Knowledge Makes You Great.
၆။ Think Out of Box, With Vision.
၇။ How To Manage Failure.

အထက်ပါ ခုနစ်ချက်သည် သူပြောသည့်ဘဝအတွက် အကြံပေးသော အကြံကောင်းဉာဏ်ကောင်းပါပဲ။ လက်ခံချင်လက်ခံ၊ ခံယူကျင့်သုံးချင်လျှင်သုံး။ သဘောမကျသဖြင့် မယူချင်လျှင်လည်း မယူဘဲနေ၍ရသည်။ ရှားရှားပါးပါး အိန္ဒိယလို လူဦးရေသန်းပေါင်း ၁၃၀၀ ကျော်ရှိနေသည့် ဟိန္ဒူဘာသာအများစုကြားထဲတွင် အိန္ဒိယနိုင်ငံ၏ ခြောက်ဆက်မြောက် တစ်ဦးတည်းသော အစ္စလာမ်သမ္မတဖြစ်၍ ထူးခြားလှသည်။ သူ့စွမ်းအားကတော့ ပညာ၊ မေတ္တာနှင့် သီလအရာမှာကြီးမားခြင်းဖြစ်သည်။ သူ့အာဘော်အနှစ်ချုပ်ရလျှင်-

**၁။ သတ္တိနဲ့ အလုပ်လုပ်ပါ။ သတ္တိနဲ့ ရှေ့ဆက်ချီတက်၊ သတ္တိနဲ့ ပြဿနာကို ဖြေရှင်းပါ။ အောင်မြင်တဲ့ထိ သတ္တိရှိရှိလုပ်ရမယ်။**

**၂။ သင်ယူပါ၊ လေ့လာပါ။ ကိုယ့်လမ်းကိုယ် ရဲရဲလျှောက်။ မိမိရဲ့ သီးသန့်ဖြစ်မှု၊ ထူးခြားမှုကို အားကိုးပါ။ ကိုယ့်ရဲ့ပန်းတိုင်ကို မပျောက်စေနဲ့။**

**၃။ အဆင့်အတန်းမြင့်မြင့် မိမိကိုယ်ကို တန်ဖိုးထားပါ၊ လေးစားပါ။ ယဉ်ကျေးသိမ်မွေ့သူဖြစ်ရမယ်။ သူများနဲ့ ယှဉ်ပြိုင်စရာမလိုပါ။ မိမိကိုယ်ကိုသာ နိုင်ငံကြီးသားပီသအောင်၊ လူကြီးလူကောင်းပီသအောင် ပြောဆိုပြုမူနေထိုင်ပါ၊ ဒါဟာ လူ့အဖွဲ့အစည်းကို အထောက်အကူပေးခြင်းအဖြစ် ကျေးဇူးပြုတာပါပဲ။**


**၄။ ခေါင်းဆောင်ပီသပါ၊ ခေါင်းဆောင်ဆိုတာ လမ်းသစ်ဖောက်ရတယ်။ မရောက်သေးတဲ့ ဧရိယာကို ရောက်အောင်ပေါက်အောင် ဦးဆောင်ချီတက်ရမယ်။**

**၅။ ယုံကြည်မှု၊ ဖြောင့်မတ်မှု၊ အမှန်တရားမြတ်နိုးတတ်မှု၊ တီထွင်ဖန်တီးနိုင်မှုတွေကို လေ့လာသင်ယူမှု၊ စူးစမ်းဆင်ခြင်မှုကနေရရှိစေတယ်။ ပညာဗဟုသုတကြွယ်ဝစေတယ်။ သတ္တိရှိစေတယ်။ အခြေအမြစ်သိနားလည်အောင် သင်ယူလေ့လာနေရမယ်။**

**၆။ အမြင်မကျဉ်းမြောင်းပါနဲ့။ သဘောထားမသေးသိမ်ပါနဲ့။ အမြင်ကျယ်ကျယ် ရှုမြင်တတ်ပါစေ။ (ငါမှငါ၊ ငါ့ပါတီမှ ငါ့ပါတီဆိုတဲ့ သေးသိမ်ကျဉ်းမြောင်းတဲ့ အမြင်သဘောထားဟာ မအောင်မြင်နိုင်)**

**၇။ အရှုံးတွေ့ရင်လည်း ရဲရဲရင်ဆိုင်ဖြတ်သန်းနိုင်ရမယ်။ အကျပ်အတည်း အကော်အစဲဆိုတာဟာလည်း အခွင့်အလမ်းကို ဖုံးကွယ်ပုံဖျက်ထားတဲ့ အခွင့်အရေးပဲဆိုတာ နားလည်ပါ။**

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချိုအိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကို ပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# ဝန်းသိုမြို့နယ်တွင် ဝါသီးနှံ ၇၅ ဧကနှင့် စံပြကွက်ငါးဧက စိုက်ပျိုးပြီးစီး

**ကောလင်း အောက်တိုဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင် ဝန်းသိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါသီးနှံ ၇၅ ဧကနှင့်စံပြကွက် ငါးဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြ၍ သိရသည်။

ပြီးခဲ့သည့်နှစ်က ဝန်းသိုမြို့နယ်တွင် ဝါသီးနှံဧက ၅၀ စိုက်ပျိုးရန် လျာထားသော်လည်း ၂၂ ဧကသာ စိုက်ပျိုးနိုင်ခဲ့ပြီး ဝါတစ်ဧကလျှင် ပိဿာချိန် ၃၀၀ ခန့်ထိ ထွက်ရှိခဲ့ကြောင်း၊ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝန်းသိုမြို့နယ်တွင် ဝါသီးနှံ ၇၅ ဧကနှင့် စံပြကွက်ငါးဧကစိုက်ပျိုးရန်လျာထားခဲ့ပြီး စက်တင်ဘာလပထမပတ်မှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဝန်းသိုမြို့နယ်မှာ ဝါသီးနံ ၇၅ ဧကနဲ့ စံပြကွက် ငါးဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ အခု စိုက်ဧကအားလုံး စိုက်ပျိုးပြီးပြီ။ ဝန်းသိုမြို့နယ်မှာ ဝါသီးနှံကို မနှစ်ကစပြီး စမ်းစိုက်ခဲ့တာပါ။ ဝါတစ်ဧကကို ပိဿာချိန် ၃၀၀ လောက် ထွက်ခဲ့တယ်။ အခြားဒေသမှာ ထွက်ရှိသလိုမျိုး တစ်ဧကကို ဝါပိဿာချိန် ၅၀၀၊ ၆၀၀ လောက်ထိ မထွက်ခဲ့ဘူး။ ဒီနှစ် အထွက်နှုန်းကောင်းဖို့ ဌာနကဝန်ထမ်းတွေနဲ့ တောင်သူတွေ ပူးပေါင်းဆောင်ရွက်နေပါတယ်"ဟု ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

ဝန်းသိုမြို့နယ်တွင် ယခုနှစ် စိုက်ပျိုးမည့်ဝါသီးနှံ ၇၅ ဧကကို ရွှေတောင်(၈)ဝါမျိုး စိုက်ပျိုးထားကြောင်း၊ ဝါသီးနှံစိုက်ပျိုးမည့် တောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဝါမျိုးများ စုဆောင်းထားရှိပြီး ဝါသီးနှံများကို အချိန်မီစိုက်ပျိုးနိုင်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)



# တောင်တွင်းကြီးမြို့နယ်အတွင်း ကျေးရွာနှစ်ရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှုစစ်ဆေး

**တောင်တွင်းကြီး အောက်တိုဘာ ၂**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တောင်တွင်းကြီးမြို့နယ် ရွာလေးကုန်းကျေးရွာနှင့် မန်ကျည်းကုန်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက် ၁၀ နာရီက ကွင်းဆင်းစစ်ဆေးခဲ့သည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကြီး၊ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခုတ်မွန်းလျန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ရွာလေးကုန်းကျေးရွာနှင့် မန်ကျည်းကုန်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးအောင်ကြီးက ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် လမ်းရေရှည်တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

တောင်တွင်းကြီးမြို့နယ်အတွင်း ရွာလေးကုန်းကျေးရွာတွင် ကျေးရွာတွင်းလမ်းအရှည် ၅၂၈ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၁၀ သိန်း စုစုပေါင်းငွေကျပ် သိန်း ၁၁၀ ဖြင့် လည်းကောင်း၊ မန်ကျည်းကုန်းကျေးရွာတွင် ကျေးရွာတွင်းလမ်းအရှည် ၅၄၇ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၁၀ သိန်း စုစုပေါင်းငွေကျပ်သိန်း ၁၁၀ ဖြင့် လည်းကောင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်ခဲ့ကြောင်း ခရိုင်ဦးစီးမှူး ဦးအောင်ကြီးထံမှ သိရသည်။

**ကျော်ဦး**

# လောကအလှ ဖန်တီးကြ

- အကြင်နာ နှလုံးသားဖြင့်
  အပြုံးများ ရှေ့ဆောင်ကာ၊
  မွန်မြတ်ဖွယ် ပရအကျိုးကို
  ထမ်းပိုးစဉ်သာ၊
  ရိုးသားမှု အတူယှဉ်ပါ
  ဖြူစင်စွာ စိတ်ကောင်းမွေး၊
  အတ္တမာန် အစွယ်ဖြတ်လို့
  ပယ်သတ်အဝေး။

- ရိုးဖြောင့်မှန် စိတ်ထားလေးနဲ့
  ဘဝအရေး ကောင်းမွန်စေ၊
  လူတိုင်းအပေါ် စာနာစိတ်
  ပြည့်သိပ်စဉ်ပေ၊
  သည်းခံခြင်း မင်္ဂလာတွေ
  ရင်မှာမသွေ ဆောက်တည်အထူး၊
  မုဒိတာ ဘဝင်နှလုံးရယ်နဲ့
  ရွှင်ပြုံးကြည်နူး။

- ကောင်းမှုတွေ ရွယ်ရည်ခူးလို့
  ရွှင်ပျော်မြူး ထာဝစဉ်၊
  ချစ်မေတ္တာ ရင်မှာလွှမ်း
  အေးချမ်းကြည်လင်၊
  လူ့လောက အလှဆင်
  ဘဝတွင် နေပျော်ကောင်း၊
  လူ့ရပ်ပြည် ဘေးမခတယ်
  အေးမြစေကြောင်း။ ။

**ရဲသွေးနီ(တက်ဝန်)**

# ချောက်မြို့နယ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်

**ချောက် အောက်တိုဘာ ၂**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်မည့်ကျေးရွာနှစ်ရွာမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များအား ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို အောက်တိုဘာ ၁ ရက် နံနက် ၉ နာရီက ချောက်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

အခမ်းအနားတွင် ချောက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မေသက်နိုင်က ချောက်မြို့နယ်အတွင်းရှိ ချောင်းတက်ကျေးရွာအုပ်စု ချောင်းတက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) ဆောင်ရွက်မည်ဖြစ်၍ Type-3 အဖြစ် ငွေကျပ်သိန်း ၁၀၀ ကို လည်းကောင်း၊ ဆားလယ်ကျေးရွာအုပ်စု ဆားလယ်ကျွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်မည်ဖြစ်၍ Type -1 အဖြစ် ငွေကျပ်သိန်း ၃၀၀ ကို လည်းကောင်း လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ချောက်မြို့နယ် ဦးစီးမှူး ဒေါ်မေသက်နိုင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ချောင်းတက်ကျေးရွာနှင့် ဆားလယ်ကျွန်းကျေးရွာမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း ကော်မတီဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါစီမံကိန်း ရန်ပုံငွေများကို နေကြာနှင့် အခြားဆီထွက်သီးနှံ စိုက်ပျိုးမည့် တောင်သူ ၁၃၁ ဦးအား ငွေကျပ် ၁၀၀ လျှင် အတိုးနှုန်း ပြား ၅၀ ဖြင့် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မေသက်နိုင်ထံမှ သိရသည်။

**အထွေး**

## နိုင်ငံတကာ သတင်းများ

# အမေရိကန်အကျဉ်းသား ခုနစ်ဦးကို ဗင်နီဇွဲလား ပြန်လွှတ်ပေး

**ဝါရှင်တန် အောက်တိုဘာ ၂**

ဗင်နီဇွဲလားနိုင်ငံသည် အောက်တိုဘာ ၁ ရက်က ဗင်နီဇွဲလား၌ ဖမ်းဆီးခံထားရသော ရေနံလုပ်ငန်း တာဝန်ရှိသူ ငါးဦးအပါအဝင် အမေရိကန်နိုင်ငံသား ခုနစ်ဦးကို အကျဉ်းထောင်များမှ ပြန်လွှတ်ပေးခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါ အကျဉ်းသားခုနစ်ဦး ပြန်လွှတ်ရေးအတွက် အမေရိကန်အစိုးရက အပြန်အလှန်အနေဖြင့် အမေရိကန်နိုင်ငံ၌ မူးယစ်ဆေးဝါးမှုဖြင့် ဖမ်းဆီးခံထားရသော ဗင်နီဇွဲလားနိုင်ငံသား နှစ်ဦးကို ပြန်လွှတ်ပေးခဲ့ကြောင်း သိရသည်။

အမေရိကန်နိုင်ငံက ပြန်လွှတ်ပေးခဲ့သည့် ဗင်နီဇွဲလားနိုင်ငံသား မူးယစ်တရားခံနှစ်ဦးမှာ ဗင်နီဇွဲလား သမ္မတဇနီးနှင့် တူအရီးတော်စပ်ကြောင်း အမေရိကန်အစိုးရတာဝန်ရှိသူများက ပြောကြားခဲ့သည်။

အမေရိကန်နှင့် ဗင်နီဇွဲလားနိုင်ငံတို့သည် အဆိုပါအကျဉ်းသားချင်း အပြန်အလှန်ဖလှယ်မှုကို အမည်နာမ မသိရသည့် တတိယနိုင်ငံတစ်နိုင်ငံ၌ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အကျဉ်းသားချင်းအပြန်အလှန် လဲလှယ်ရေးအစီအစဉ်ဖြစ်မြောက်ရေးအတွက် အမေရိကန်နှင့် ဗင်နီဇွဲလား တာဝန်ရှိသူများသည် လျှို့ဝှက်ဆွေးနွေး ညှိနှိုင်းမှုများ အချိန်ယူပြုလုပ်ခဲ့ရသည်။

အဆိုပါ အကျဉ်းသားချင်း ဖလှယ်မှုသည် သမ္မတရာထူးကို ဂျိုးဘိုင်ဒင် ရယူခဲ့ပြီးနောက်ပိုင်း အမေရိကန်နိုင်ငံအတွက် အကြီးမားဆုံး အကျဉ်းသားချင်းဖလှယ်မှု ဖြစ်ခဲ့ကြောင်း သိရသည်။ KKO

# ဘူလ်ဂေးရီးယားနိုင်ငံ၌ ၁၈ လတာကာလအတွင်း စတုတ္ထမြောက်ရွေးကောက်ပွဲ ကျင်းပ

**ဆိုဖီယာ အောက်တိုဘာ ၂**

၁၈ လတာ ကာလအတွင်း စတုတ္ထအကြိမ်မြောက် အထွေထွေ ရွေးကောက်ပွဲကို ဘူလ်ဂေးရီးယားနိုင်ငံက ယနေ့တွင်ကျင်းပခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

နိုင်ငံရေးမတည်ငြိမ်မှုနှင့် စီးပွားရေးပြဿနာများ ရင်ဆိုင်နေရစဉ်အတွင်း ဘူလ်ဂေးရီးယားနိုင်ငံသည် ၁၈ လတာ ကာလအတွင်း စတုတ္ထမြောက် အထွေထွေရွေးကောက်ပွဲကို ကျင်းပခဲ့ရခြင်းဖြစ်သည်။

ယနေ့ အထွေထွေရွေးကောက်ပွဲ ပဏာမရလဒ်များမှာ အောက်တိုဘာ ၃ ရက်တွင် ပေါ်ထွက်လာဖွယ်ရှိသည်။

အဆိုပါ ရွေးကောက်ပွဲတွင် အနည်းဆုံး ပါတီရှစ်ခုထိ လွှတ်တော်တွင်း ဝင်ရောက်ရေးအတွက် အနည်းဆုံးလိုအပ်မည့်ထောက်ခံမဲရာနှုန်းကို ရယူနိုင်ကြဖွယ်ရှိသည်။

ယခုနှစ်ဇွန်လအတွင်း အတိုက်အခံများ၏ အယုံအကြည်မရှိအဆိုကြောင့် အနောက်အုပ်စုလိုလားသည့် ညွန့်ပေါင်းအစိုးရပြိုကွဲခဲ့ရပြီးနောက် ဘူလ်ဂေးရီးယားနိုင်ငံက အထွေထွေ ရွေးကောက်ပွဲများ ကျင်းပခဲ့ခြင်းဖြစ်သည်။

ဘူလ်ဂေးရီးယားနိုင်ငံသည် စီးပွားရေးအရ အဆင်းရဲဆုံးနှင့် နိုင်ငံရေးတည်ငြိမ်မှု အနည်းဆုံး ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံဖြစ်ကြောင်း သိရသည်။ KKO



# ဘရာဇီးနိုင်ငံ၌ သမ္မတရွေးကောက်ပွဲ ပထမအကျော့ကျင်းပ



**ဘရာဇီးလီးယား အောက်တိုဘာ ၂**

ဘရာဇီးသမ္မတ ရွေးကောက်ပွဲ ပထမအကျော့ကိုယနေ့တွင် ကျင်းပခဲ့ရာ ဘရာဇီးပြည်သူ သန်း ၁၂၀ ကျော် ပါဝင်မဲပေးခဲ့ကြကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါ ရွေးကောက်ပွဲတွင် လက်ဝဲဝါဒီသမ္မတလောင်း လူလာဒါဆေးလ်ဗားက ပြိုင်ဘက် လက်ရှိသမ္မတ ဘော်လ်ဆိုနာရိုကို အနိုင်ရဖွယ်ရှိကြောင်း သိရသည်။

သမ္မတရွေးကောက်ပွဲ မတိုင်မီ ပြုလုပ်ခဲ့သော လူထုသဘောထား စစ်တမ်းကောက်ခံချက် ရလဒ်အများစုတွင် လူလာဒါဆေးလ်ဗားက လူထုထောက်ခံမှုနှုန်းအရ ဘော်လ်ဆိုနာရိုထက် သာလွန်နေခဲ့သည်။

ပထမအကျော့ သမ္မတရွေးကောက်ပွဲတွင် လူလာဒါဆေးလ်ဗားအနေဖြင့် ထောက်ခံမဲရာနှုန်း ၅၀ ကျော်ရရှိခဲ့ပါက ဒုတိယအကျော့ ရွေးကောက်ပွဲ ဆက်လက်ကျင်းပရန် မလိုတော့ဘဲ ပြတ်သားသည့် အနိုင်ရလဒ်ကို ရယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

အကယ်၍ ပထမအကျော့ ရွေးကောက်ပွဲ၌ ပြိုင်ဘက်သမ္မတလောင်း နှစ်ဦးစလုံး ပြတ်သားသည့် အနိုင်ရလဒ်မရခဲ့ပါက အောက်တိုဘာ ၃၀ ရက်တွင် ဒုတိယအကျော့ သမ္မတရွေးကောက်ပွဲများ ကျင်းပရမည်ဖြစ်သည်။

ပထမအကျော့ ဘရာဇီးသမ္မတ ရွေးကောက်ပွဲရလဒ်များမှာ မဲရုံပိတ်သိမ်းပြီး နာရီအနည်းငယ်အကြာတွင် ပေါ်ထွက်လာဖွယ်ရှိကြောင်း သိရသည်။ KKO

# နိုင်ဂျီးရီးယားနိုင်ငံက တရုတ်နိုင်ငံထုတ် C-919 ခရီးသည်တင်လေယာဉ်ကို ဝယ်ယူနိုင်ရေး ပြင်ဆင်လျက်ရှိ

**အဘူဂျာ အောက်တိုဘာ ၂**

နိုင်ဂျီးရီးယား နိုင်ငံသည် တရုတ်နိုင်ငံက ထုတ်လုပ်သော C-919ခရီးသည်တင်ဂျက်လေယာဉ်ကို ဝယ်ယူနိုင်ရေး ပြင်ဆင်လျက်ရှိသည်ဟု နိုင်ဂျီးရီးယားလေကြောင်းဆိုင်ရာဝန်ကြီးက ပြောကြားခဲ့ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။



နိုင်ဂျီးရီးယားလေကြောင်းဆိုင်ရာဝန်ကြီး ဟာဒီဆီရီကာက နိုင်ငံပိုင်လေကြောင်းလိုင်းကို တိုးချဲ့နိုင်ရန်အတွက် တရုတ်နိုင်ငံထုတ် C-919 လေယာဉ်ကိုဝယ်ယူသွားရန် စီစဉ်လျက်ရှိပြီး ၂၀၂၅ ခုနှစ်တွင် လေယာဉ်အစင်းရေ ၃၀ ထိတိုးလာမည်ဖြစ်ကြောင်း အောက်တိုဘာ ၁ ရက်က ပြောကြားခဲ့သည်။

လေကြောင်းလိုင်း သစ်တွင် အဲဘတ်စ် (AIR.PA)နှင့် ဘိုးရင်း (BA.N) လေယာဉ်များအပြင် တရုတ်လေကြောင်းစည်းကမ်းထိန်းသိမ်းရေးအဖွဲ့မှ အသိအမှတ်ပြုထားသော C-919 ကိုပါထည့်သွင်းပျံသန်းနိုင်ရေးအတွက် စီစဉ်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ အဲဒီ C-919 ကို မကြည့်ဖူးသေးပါဘူး။ ဒါပေမဲ့ တခြားနိုင်ငံတွေထုတ်လုပ်ထားသလိုကောင်းတယ်ဆိုရင် ကျွန်တော်တို့ ဘာကြောင့် မဖြစ်နိုင်ရမှာလဲ"ဟု ကနေဒါနိုင်ငံ မွန်ထရီရယ်ရှိ ကုလသမဂ္ဂ လေကြောင်းအေဂျင်စီ၏ သုံးကြိမ်မြောက်အစည်းအဝေးတွင် ၎င်းက ပြောကြားခဲ့သည်။

နိုင်ဂျီးရီးယား နိုင်ငံအနေဖြင့် လေကြောင်းကဏ္ဍ ဖွံ့ဖြိုးရေးကို ကြိုးပမ်း ဆောင်ရွက်လျက်ရှိပြီး အဆိုပါလေယာဉ်သစ်များ ဝယ်ယူရေးသည်သမ္မတမူဟမ်မာဒူဘူဟာရီ၏ ၂၀၁၅ခုနှစ် ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေး ကတိများထဲမှ တစ်ခုပါဝင်ကြောင်း သိရသည်။ AZH

# အီရန်နှင့် အမေရိကန်အကျဉ်းသားလဲလှယ်ရေးကို ဒေသတွင်း နိုင်ငံတစ်နိုင်ငံ၏ ပါဝင်ကူညီပေးမှုဖြင့် သဘောတူညီမှုရရှိ

**တီဟီရန် အောက်တိုဘာ ၂**

အီရန်နိုင်ငံနှင့် အမေရိကန်တို့၏နှစ်နိုင်ငံအကျဉ်းသားလဲလှယ်ရေးကို ဒေသတွင်းနိုင်ငံတစ်နိုင်ငံ၏ အကူအညီဖြင့် လုပ်ဆောင်နိုင်ခဲ့သည်ဟု အီရန်နိုင်ငံပိုင်သတင်းဌာနတစ်ခုက အောက်တိုဘာ ၁ ရက်တွင် ဖော်ပြခဲ့ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မကြာသေးမီ ရက်သတ္တပတ်များအတွင်း အီရန်နိုင်ငံနှင့်အမေရိကန်တို့၏ နှစ်နိုင်ငံအကျဉ်းသားလဲလှယ်ရေးကိစ္စကို အမည်မဖော်လိုသော ဒေသတွင်း နိုင်ငံတစ်နိုင်ငံ၏ ဖျန်ဖြေပေးမှုဖြင့် အကြိတ်အနယ်ဆွေးနွေးမှုပြုလုပ်ကာ သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

အဆိုပါအကျဉ်းသား လဲလှယ်မှုသည် အီရန်နိုင်ငံတွင်း ဖမ်းဆီးထားသည့် အီရန်-အမေရိကန် စီးပွားရေးသမားတစ်ဦးကို အီရန်ထောင်က ပြန်လွှတ်ခဲ့ပြီးနောက် စေ့စပ်ညှိနှိုင်းမှု စတင်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါစီးပွားရေးလုပ်ငန်းရှင်က အီရန်နိုင်ငံပိုင်သတင်းဌာန Nournewsကိုပြောကြားခဲ့ကြောင်း သိရသည်။


အဆိုပါဆွေးနွေးမှု အတွင်း အမေရိကန်၏ အရေးယူပိတ်ဆို့မှုကြောင့် အချိန်ကာလအတော်ကြာ အကျပ်အတည်း ဖြစ်လျက်ရှိသော အီရန်နိုင်ငံပိုင်ဆိုင်သည့် ဘီလီယံနှင့်ချီသော ဒေါ်လာငွေများကိုလည်း ပြန်လည်ထုတ်ယူနိုင်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ဩဂုတ်လအတွင်း အီရန်နိုင်ငံက အမေရိကန်နှင့် အကျဉ်းသား လဲလှယ်ရေးကိစ္စ အဆင်သင့်ဖြစ်နေကြောင်း ကြေညာခဲ့ပြီးနောက် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်ကလည်း အီရန်နိုင်ငံတွင်အီရန်-အမေရိကန် စီးပွားရေးလုပ်ငန်းရှင်တစ်ဦး ရက်ပေါင်း ၂၅၀၀ ကြာ မှားယွင်းဖမ်းဆီးထားရကြောင်းနှင့် အီရန်တွင်ဖမ်းဆီးချုပ်နှောင်ခံထားရသည့် အမေရိကန်အားလုံး၏လွတ်လပ်ခွင့်ကို အာမခံရန်ဆုံးဖြတ်ထားသည်ဟု ၎င်း၏ တွစ်တာစာမျက်နှာပေါ်တွင် ရေးသားခဲ့ကြောင်း သိရသည်။

AZH

# SCIENCE AND TECHNOLOGY

## တရုတ်နိုင်ငံ၏ ဝန်တီယန်အာကာသသုတေသနခန်း ဆိုက်ကပ်နေရာပြောင်းရွှေ့မှုကို ကမ္ဘာ့ပတ်လမ်းကြောင်းပေါ်၌ အောင်မြင်စွာပြုလုပ်နိုင်ခဲ့



**ပေကျင်း အောက်တိုဘာ ၂**

တရုတ်နိုင်ငံ၏ ဝန်တီယန် အာကာသသုတေသနခန်း ဆိုက်ကပ် နေရာပြောင်းရွှေ့မှုကို ကမ္ဘာပတ်လမ်းကြောင်းပေါ်၌အောင်မြင်စွာပြုလုပ်နိုင်ခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက အောက်တိုဘာ ၁ ရက်က ရေးသားတင်ပြထားသည်။

အဆိုပါဆိုက်ကပ်နေရာပြောင်းရွှေ့မှုသည် ကမ္ဘာပတ်လမ်းကြောင်းပေါ်၌ တရုတ်နိုင်ငံက ပထမဆုံး အကြိမ်ပြုလုပ်ခဲ့သော အရွယ်အစားကြီးမားသည့် အာကာသစခန်းပင်မကိုယ်ထည် ဆိုက်ကပ်နေရာပြောင်းရွှေ့မှု ဖြစ်ကြောင်း သိရသည်။

ဆိုက်ကပ်နေရာပြောင်းရွှေ့မှု လုပ်ငန်းစဉ်အတွင်း ဝန်တီယန် အာကာသ သုတေသနခန်းသည် စက်တင်ဘာ ၃၀ ရက်က တီယန်ဟီ အာကာသစခန်း ပင်မကိုယ်ထည်မှ ခွာထွက်ခဲ့ပြီး နေရာပြောင်းရွှေ့မှုကို စတင်ခဲ့ကြောင်း တရုတ်အမျိုးသား အာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

ဝန်တီယန် အာကာသသုတေသနခန်း နေရာပြောင်းရွှေ့မှုသည် တစ်နာရီခန့်ကြာမြင့်ခဲ့ပြီး အောင်မြင်စွာ အဆုံးသတ်ခဲ့ကြောင်း သိရသည်။

ဝန်တီယန် အာကာသသုတေသနခန်းသည် တရုတ်နိုင်ငံက တည်ဆောက်နေဆဲဖြစ်သည့် တီယန်ကောင်း အာကာသစခန်း၏ ဒုတိယမြောက် ပင်မကိုယ်ထည်ဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် တီယန်ကောင်းအာကာသစခန်း၏ တတိယမြောက် ပင်မကိုယ်ထည်ဖြစ်သော မင်တီယန် အာကာသုတေသနခန်းကို ယခုလအတွင်း လွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။

KKO

## နာဆာက ဟက်ဘယ်အာကာသရေဒီယိုတယ်လီစကုပ်၏ ပတ်လမ်းအဆင့်မြှင့်တင်ရေး Space-X ကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက်ရန် စီစဉ်

**ဝါရှင်တန် အောက်တိုဘာ ၂**

ဟက်ဘယ်အာကာသရေဒီယိုတယ်လီစကုပ်၏ ပတ်လမ်းအဆင့်ကို မြှင့်တင်ရေးအတွက် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)က Space-X ကုမ္ပဏီနှင့်ပူးပေါင်းဆောင်ရွက်ရန် စီစဉ်ထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၁ ရက်က ရေးသားတင်ပြထားသည်။

ဟက်ဘယ် အာကာသရေဒီယိုတယ်လီစကုပ်၏ မစ်ရှင်သက်တမ်းကို ဆက်တိုးရေးအတွက် Space-X ကုမ္ပဏီနှင့်ပူးပေါင်း၍ အာကာသယာဉ်မှူးများလိုက်ပါမည့် မစ်ရှင်တစ်ခုလွှတ်တင်ရန် ဖြစ်နိုင်ခြေ ရှိ၊ မရှိကို စဉ်းစားသုံးသပ်နေကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားသည်။

သက်တမ်းအားဖြင့် ၃၂ နှစ်ရှိပြီဖြစ်သော ဟက်ဘယ်အာကာသရေဒီယိုတယ်လီစကုပ်သည် မူလပတ်လမ်းပေါ်မှ တဖြည်းဖြည်း နိမ့်ဆင်းလာလျက်ရှိရာ ပတ်လမ်းအမြင့်ကို ပြန်လည်မြှင့်တင်ခြင်း မရှိခဲ့ပါက အဆိုပါတယ်လီစကုပ်



သည် ၂၀၃၀ ပြည့်နှစ်ခန့်တွင် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်လာမည် ဖြစ်ကြောင်း သိရသည်။

၂၀၀၉ ခုနှစ်အတွင်း အာကာသလွန်းပြန်ယာဉ်ဖြင့် နောက်ဆုံးအကြိမ် ပြုပြင်ထိန်းသိမ်းမှုပြုလုပ်ခဲ့ပြီးနောက်ပိုင်း ဟက်ဘယ်အာကာသရေဒီယိုတယ်လီစကုပ်သည် မူလပတ်လမ်းမှ ၁၅ မိုင်ခန့်နိမ့်ဆင်းခဲ့ကြောင်း နာဆာ၏အဆိုအရ သိရသည်။

လက်ရှိအချိန်တွင် ဟက်ဘယ် အာကာသ ရေဒီယိုတယ်လီစကုပ်သည် ကမ္ဘာမြေပြင်အထက် ၃၃၅ မိုင်အကွာ ပတ်လမ်းပေါ်၌ ရှိနေကြောင်း သိရသည်။

သို့ရာတွင် လက်ရှိပတ်လမ်းအမြင့်ကို ၁၉၉၀ ပြည့်နှစ်အတွင်း လွှတ်တင်ပြီးနောက် ရယူခဲ့သည့် ပတ်လမ်းဖြစ်သည့် ကမ္ဘာမြေပြင်အထက် အမြင့် ၃၇၂ မိုင်တွင်ရှိသော မူလပတ်လမ်းထိ မြှင့်တင်နိုင်ခဲ့ပါက ဟက်ဘယ်အာကာသ ရေဒီယိုတယ်လီစကုပ်၏ မစ်ရှင်သက်တမ်းကို နှစ် ၂၀ ထိ ဆန့်ထုတ်နိုင်ဖွယ်ရှိကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။ KKO

## နာဆာ၏အင်ဂျီနျူတီရဟတ်ယာဉ်က အင်္ဂါဂြိုဟ်လေထုလွှာအတွင်း ၃၃ ကြိမ်မြောက် ကင်းထောက်ပျံသန်း

**ဝါရှင်တန် အောက်တိုဘာ ၂**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ အင်ဂျီနျူတီ ရဟတ်ယာဉ်သည် အင်္ဂါဂြိုဟ်လေထုလွှာအတွင်း ၃၃ ကြိမ်မြောက်အဖြစ် ကင်းထောက်ပျံသန်းမှုပြုလုပ်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၁ ရက်က ရေးသားတင်ပြထားသည်။

၃၃ ကြိမ်မြောက် ကင်းထောက်ပျံသန်းမှုအတွင်း အင်ဂျီနျူတီရဟတ်ယာဉ်သည် အင်္ဂါဂြိုဟ်လေထုလွှာအတွင်း အမြင့် ၃၃ ပေထိ တက်ရောက်၍ ၃၆၅ ပေအကွာအဝေးထိ ပျံသန်းခဲ့ကြောင်း သိရသည်။

တစ်မိနစ်ခန့် ကြာမြင့်ခဲ့သည့် ၃၃ ကြိမ်မြောက် ကင်းထောက်ပျံသန်းမှု ပြီးဆုံးချိန်တွင် အင်ဂျီနျူတီရဟတ်ယာဉ်သည် နေရာသစ်၌ ဆင်းသက်ခဲ့ကြောင်း သိရသည်။

အင်ဂျီနျူတီရဟတ်ယာဉ်သည် အင်္ဂါဂြိုဟ်လေထုလွှာအတွင်း ၃၃ ကြိမ်မြောက် ကင်းထောက်ပျံသန်းမှုကို စက်တင်ဘာ ၂၄ ရက်က ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အင်ဂျီနျူတီရဟတ်ယာဉ်သည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင် လှေ့လာရေးယာဉ်နှင့်အတူ အင်္ဂါဂြိုဟ်၏ ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်း နယ်မြေ၌ ဆင်းသက်ခဲ့ကြောင်း သိရသည်။

မူလက စမ်းသပ်ယာဉ်အဖြစ် ရည်ရွယ်လွှတ်တင်ခဲ့သော အင်ဂျီနျူတီရဟတ်ယာဉ်သည် လက်ရှိအချိန်တွင် ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်အတွက် နယ်မြေကင်းထောက်ယာဉ်အဖြစ် ပျံသန်းမှုများပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

KKO

# HEALTH

## အာဖရိကမျောက်များ၌ရှိသော ပိုးရပ်သစ်ကြောင့် ကူးစက်ရောဂါထပ်မံပေါ်ထွက်လာမည့်အရေးစိုးရိမ်ရ

**နယူးယောက် အောက်တိုဘာ ၂**

အာဖရိကမျောက်များ၌ ရှိနေသော ဗိုင်းရပ်စ်တစ်မျိုးကြောင့် ကမ္ဘာပေါ်တွင် ကူးစက်ရောဂါ ကပ်ဘေးတစ်ခု ထပ်မံပေါ်ထွက်လာမည့်အရေး စိုးရိမ်ရကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက အောက်တိုဘာ ၁ ရက်က ရေးသားတင်ပြထားသည်။

ဆီမီယန် ကိုယ်တွင်းသွေးယိုအဖျားရောဂါဗိုင်းရပ် (SHFV) သည် လက်ရှိအချိန်တွင် လူသားများထံ မကူးစက်သေးသော်လည်း ကူးစက်ရန် အားယူနေကြောင်း အမေရိကန်နိုင်ငံ ကော်လိုရာဒိုဟိုလ်ဒါ တက္ကသိုလ်မှသုတေသနပညာရှင်များ၏အဆိုအရ သိရသည်။

အာဖရိက မျောက်များတွင်ရှိတတ်သည့် SHFV ဗိုင်းရပ်ကူးစက်ခံရပါက ကိုယ်တွင်းသွေးယိုမှု အပါအဝင် အီဘိုလာဗိုင်းရပ်ရောဂါလက္ခဏာများနှင့် အလားတူသည့် လက္ခဏာများ ပေါ်ထွက်လာတတ်ကြောင်း သိရသည်။

အဆိုပါ ဗိုင်းရပ်ရောဂါရှိသည့် မျောက်သတ္တဝါ အားလုံးလိုလိုမှာ သေဆုံးရတတ်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

ဓာတ်ခွဲခန်းစမ်းသပ်မှုများအရ SHFV ဗိုင်းရပ်သည် လူသားဆဲလ်များ၏ လက်ခံပရိုတင်းများ၌ တွယ်ကပ်၍ ပွားနိုင်စွမ်းရှိသည်ကို တွေ့ရကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

သို့ဖြစ်ရာ SHFV ဗိုင်းရပ်ကို လူသားများတွင် မတွေ့ရသေးသည့်တိုင် ၎င်းဗိုင်းရပ်မှာ လူသားများထံ ကူးစက်ရေးအတွက် အားယူနေသည့်သဘောမျိုးရှိသည်ဟု သိပ္ပံပညာရှင်များက သတိပေးထားကြောင်း သိရသည်။

KKO

## အဝလွန်မှုပြဿနာကို ဦးနှောက်ပွံ့ဖြိုးမှု ဖောက်ပြန်မှုရောဂါအဖြစ်သတ်မှတ်ရန် အကြံပြုထား

**နယူးယောက် အောက်တိုဘာ ၂**

အဝလွန်မှုပြဿနာကို ဦးနှောက်ဖွံ့ဖြိုးမှုဖောက်ပြန်မှုရောဂါတစ်မျိုးအဖြစ်သတ်မှတ်ရန် အကြံပြုထားကြောင်း သုတေသနပညာရှင်များ၏ အဆိုကိုကိုးကား၍ The Daily Mail သတင်းစာက အောက်တိုဘာ ၁ ရက်က ရေးသားတင်ပြထားသည်။

အဝလွန်မှုပြဿနာကို အော်တစ်ဇင်ရောဂါနှင့်တက်ကြွမှုလွန်ကဲခြင်းကြောင့် အာရုံမစူးစိုက်နိုင်မှုပြဿနာ (ADHD) ရောဂါများကဲ့သို့ပင် ဦးနှောက်ဖွံ့ဖြိုးမှုဖောက်ပြန်မှုရောဂါများစာရင်း၌ ထည့်သွင်းသင့်ကြောင်း အမေရိကန်နိုင်ငံ ဘေလာဆေးကောလိပ်မှ သုတေသနပညာရှင်များက အကြံပြုထားကြောင်း သိရသည်။

အဝလွန်မှုပြဿနာသည် ကလေးဘဝ ဦးနှောက်အပြောင်းအလဲများကြောင့်လည်း ဖြစ်ပွားတတ်သည့်သဘာဝရှိကြောင်း လေ့လာချက်တစ်ရပ်က ဖော်ထုတ်တင်ပြခဲ့ပြီးနောက် အဝလွန်မှုပြဿနာကို ဦးနှောက်ဖွံ့ဖြိုးမှု ဖောက်ပြန်မှုရောဂါများစာရင်းအတွင်း ထည့်သွင်းသင့်သည်ဆိုသော အကြံပြုချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် အဝလွန်မှုပြဿနာကို အပြုအမူအလေ့အထဆိုင်ရာ ရောဂါတစ်မျိုးအဖြစ် ဆေးပညာရှင်များက သတ်မှတ်ထားကြောင်း သိရသည်။

အဝလွန်မှုပြဿနာကို ဦးနှောက်ဖွံ့ဖြိုးမှုဖောက်ပြန်မှုရောဂါတစ်မျိုးအဖြစ် ပြောင်းလဲကိုင်တွယ်မှုသည် တစ်ကမ္ဘာလုံး ရင်ဆိုင်နေရသည့် အဝလွန်မှုပြဿနာကို တားဆီးရေးအတွက် သော့ချက်တစ်ခုဖြစ်လာနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။ KKO



## နိုင်ငံတကာ အားကစားသတင်းများ

# အင်ဒိုနီးရှားလီဂါဝမ်းပြိုင်ပွဲတစ်ခုတွင် ပရိသတ်များရုန်းရင်းဆန်ခတ်မှုကြောင့် အနည်းဆုံးလူ ၁၇၄ ဦး သေဆုံးပြီး ဦးရေ ၃၀၀ ကျော်ဒဏ်ရာရ



**ဂျကာတာ အောက်တိုဘာ ၂**

အင်ဒိုနီးရှားနိုင်ငံ လီဂါဝမ်းပြိုင်ပွဲတစ်ခုဖြစ်သည့် အရီမာအသင်းနှင့် ဆူရာဘာရာအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် ပရိသတ်အချင်းများမှုကြောင့် အနည်းဆုံး လူ ၁၇၄ ဦးသေဆုံး၍ ပရိသတ်ဦးရေ ၃၀၀ ကျော် ဒဏ်ရာများရရှိခဲ့ကြောင်း အင်ဒိုနီးရှားဘောလုံးအဖွဲ့ချုပ်က ကြေညာခဲ့သည်ဟု ဒေးလီးမေးလ် သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပွဲစဉ်ကို ပရိသတ်ဦးရေ ၄၀၀၀၀ ထိ လာရောက်ကြည့်ရှုခဲ့ပြီး အိမ်ရှင် အရီမာအသင်းအနေဖြင့် ဆူရာဘာရာအသင်းကို သုံးဂိုးနှစ်ဂိုးဖြင့် နှစ်ပေါင်း ၂၃ နှစ်အတွင်း ပထမဆုံးရှုံးနိမ့်မှုကြောင့် အဆိုပါရလဒ်ကိုလက်မခံနိုင်သည့် ပရိသတ်များက ကွင်းအတွင်း ဝင်ရောက်၍ အချင်းများမှုဖြစ်ပွားခဲ့ရာ ရဲတပ်ဖွဲ့ဝင် နှစ်ဦးအပါအဝင် လူ ၁၇၄ ဦး သေဆုံးခဲ့၍ လူပေါင်းများစွာ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အရှေ့ဂျာဗား ရဲတပ်ဖွဲ့ခေါင်းဆောင် အာဖင်တာက "ပရိသတ်တွေအနေနဲ့ ပြိုင်ပွဲပြီးတဲ့အချိန်မှာ ကွင်းအတွင်း စုပြုံဝင်ရောက်လာပြီး တိုက်ခိုက်မှုတွေ ပြုလုပ်ခဲ့ပါတယ်။ လုံခြုံရေးတပ်ဖွဲ့တွေက အတတ်နိုင်ဆုံးထိန်းသိမ်းခဲ့ပေမဲ့ မီးကျည်တွေ၊ မီးခိုးဗုံးတွေ ပစ်ဖောက်မှုကြောင့် ကွင်းအတွင်းအောက်ဆီဂျင်လျော့နည်းမှု ဖြစ်ပွားခဲ့တာပါ။ ဒါကြောင့် ကယ်ဆယ်ရေးအဖွဲ့တွေအနေနဲ့ အစွမ်းကုန်ကြိုးစားခဲ့ရပါတယ်။ ဒါ့ပြင် ကွင်းအတွင်းကာရံထားတဲ့ခြံစည်းရိုးကို ကျော်တက်သူတွေရှိသလို ကွင်းအပြင်မှာရပ်ထားတဲ့ ရဲကားအပါအဝင် ကားတွေလဲ မီးရှို့ခံခဲ့ရတဲ့ အကြမ်းဖက်မှုတွေဖြစ်ခဲ့ပါတယ်။ ဖြစ်စဉ်ကို အသေးစိတ်စုံစမ်းနေပေမဲ့ အခုဖြစ်ရပ်မှာ အနည်းဆုံး လူ ၁၇၄ ယောက်သေဆုံးပြီး အယောက် ၃၀၀ ကျော် ဒဏ်ရာရခဲ့ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ ML

# ကိုဗစ်ကူးစက်ခံထားရသည့်အတွက် ဂျပန်အိုးပင်းပြိုင်ပွဲမှ ကင်မရွန်းနော်ရီ နုတ်ထွက်

**တိုကျို အောက်တိုဘာ ၂**

ဗြိတိန်အဆင့်(၁)တင်းနစ်ကစားသမား ကင်မရွန်းနော်ရီသည် ဂျပန်နိုင်ငံ တိုကျိုမြို့တွင် အောက်တိုဘာ ၃ ရက်၌ စတင်ကျင်းပမည့် ဂျပန်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်တော့မည်မဟုတ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု Malay Mail သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့အဆင့် (၈) နေရာတွင် ရပ်တည်နေသည့် ကင်မရွန်းနော်ရီသည် ကိုဗစ်ရောဂါကူးစက်ခံထားရသည့်အတွက် ပြိုင်ပွဲမှနုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

ကင်မရွန်းနော်ရီသည် တောင်ကိုရီးယားနိုင်ငံတွင် ကျင်းပနေသည့် ကိုရီးယားအိုးပင်းပြိုင်ပွဲကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့သော်လည်း ကိုဗစ်ရောဂါကူးစက်ခံထားရသည့်အတွက် စက်တင်ဘာ ၃၀ ရက်က ယှဉ်ပြိုင်ကစားရမည့် ကိုရီးယားအိုးပင်းတင်းနစ်ပြိုင်ပွဲကွာတားဖိုင်နယ်အဆင့်တွင် ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်းမရှိဘဲ ပြိုင်ပွဲမှ နုတ်ထွက်ခဲ့ရကြောင်း သိရသည်။

ကင်မရွန်းနော်ရီသည် လက်ရှိ အဖျားရောဂါခံစားနေရပြီး လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု ခံယူနေရကြောင်း သိရသည်။

ကင်မရွန်းနော်ရီက "တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့မှာကျင်းပခဲ့တဲ့ကိုရီးယားအိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ရင်း ရုတ်တရက်နေမကောင်းဖြစ်ခဲ့ပါတယ်။ကျန်းမာရေးစစ်ဆေးမှု ခံယူကြည့်တော့ ကိုဗစ်ရောဂါ ကူးစက်ခံရတယ်လို့ သိရပါတယ်။ ဒါကြောင့် စက်တင်ဘာ ၃၀ ရက်မှာ ယှဉ်ပြိုင်ကစားရမယ့် ကိုရီးယား အိုးပင်းတင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ကနေ နုတ်ထွက်ခဲ့ရတယ်။ အခုလိုအပ်တဲ့ ကျန်းမာရေး စောင့်ရှောက်မှုတွေ ခံယူနေပါတယ်။အမြန်ဆုံးသက်သာလာမယ်လို့ မျှော်လင့်ပါတယ်။ ဒါပေမဲ့ အောက်တိုဘာ ၃ ရက်မှာ ကျင်းပမယ့် ဂျပန်အိုးပင်းတင်းနစ်ပြိုင်ပွဲမှာတော့ ပါဝင်ယှဉ်ပြိုင်နိုင်တော့မှာမဟုတ်ပါဘူး"ဟု တွစ်တာစာမျက်နှာမှတစ်ဆင့် ရေးသားဖော်ပြခဲ့သည်။ AZL

# ၂၀၀၉ ခုနှစ်နောက်ပိုင်း လီဗာပူးအသင်းအိမ်ကွင်း၌ ဟက်ထရစ်ဂိုး သွင်းယူနိုင်ခဲ့သည့် ပထမဆုံးကစားသမားအဖြစ် ထရိုဆက်မှတ်တမ်းဝင်

**လန်ဒန် အောက်တိုဘာ ၂**

ဘရိုက်တန်အသင်း တိုက်စစ်ကစားသမား ထရိုဆက်သည် လီဗာပူးအသင်းနှင့် ဘရိုက်တန်အသင်းတို့ကစားခဲ့သည့် ပွဲစဉ်တွင် အသင်းအတွက် ဟက်ထရစ်သွင်းဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် လီဗာပူးအသင်းအိမ်ကွင်း အန်ဖီးလ်တွင် ၂၀၀၉ ခုနှစ်နောက်ပိုင်း ဟက်ထရစ် ဂိုးသွင်းယူနိုင်ခဲ့သည့် ပထမဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်ဟု Opta.com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် လီဗာပူးအသင်းနှင့် ဘရိုက်တန်အသင်းတို့သည် ပွဲချိန်တစ်လျှောက်လုံး အပြန်အလှန်သွင်းဂိုးများဖြင့် သုံးဂိုးစီ သရေလဒ်ထွက်ပေါ်ခဲ့ပြီး ထရိုဆက်က အသင်းအတွက် ပွဲချိန်လေးမိနစ်၊ ၁၇ မိနစ် နှင့် ၈၃ မိနစ်တို့တွင် ဂိုးများသွင်းယူခဲ့ပြီးနောက် မှတ်တမ်းကောင်းတစ်ရပ် ရရှိခဲ့ခြင်းဖြစ်သည်။

လီဗာပူးအသင်း သမိုင်းတစ်လျှောက် အသင်းအိမ်ကွင်းအန်ဖီးလ် အားကစားကွင်းတွင် ပြိုင်ဘက်ကစားသမားတစ်ဦးက ဟက်ထရစ်သွင်းယူခဲ့သည့်အကြိမ်ရေ သုံးကြိမ်သာရှိခဲ့ပြီး ထရိုဆက်မတိုင်မီက ပီတာအန်ဒိုဗူနှင့် အာရှာဗင်တို့က သွင်းယူခဲ့ခြင်းဖြစ်ပြီး ပြီးခဲ့သည့် ၂၀၀၉ ခုနှစ်က လီဗာပူးအသင်းနှင့် အာဆင်နယ်အသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် အာရှာဗင်က နောက်ဆုံးသွင်းယူခဲ့ခြင်းဖြစ်ပြီး ယခုအခါ ထရိုဆက်က လီဗာပူးအသင်း အိမ်ကွင်းတွင် ဟက်ထရစ်သွင်းယူနိုင်ခဲ့သည့် တတိယမြောက်ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ STA



# ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ် ပွဲကြိုသုံးသပ်ချက်

STA

**လီဗာပူး Vs ရိန်းဂျား**

**ကစားမည့်ရက်/အချိန် ၅-၁၀-၂၀၂၂ (နံနက် ၀၁:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ရိန်းဂျား ၁ - ၀ လီဗာပူး**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | |
|---|---|---|---|
| **လီဗာပူး -** | **ဝေး(ရှုံး)** | **အိမ်(နိုင်)** | **အိမ်(သရေ)** |
| **ရိန်းဂျား -** | **အိမ်(ရှုံး)** | **အိမ်(နိုင်)** | **ဝေး(နိုင်)** |

လီဗာပူးအသင်းဟာ အုပ်စုထိပ်ဆုံးနေရာကို ပြန်လည်တက်ရောက်နိုင်ဖို့အတွက် အခုအိမ်ကွင်းပွဲစဉ်မှာ မဖြစ်မနေအနိုင်ရလဒ်ရရှိအောင် ကြိုးစားလာမှာပါ။ လက်ရှိ ရိန်းဂျားအသင်းရဲ့ ခြေစွမ်းပိုင်းကလဲ အဝေးကွင်းမှာ လီဗာပူးအသင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ရခက်ခဲနိုင်လို့ ခြေစွမ်းပိုင်းအသာစီးမှာရှိတဲ့ လီဗာပူးအသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း - လီဗာပူး ၂ - ၀ ရိန်းဂျား**

# Volunteers of America Classic ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို ချာလေဟူးလ်နှင့် လင်ရှီယူတို့ ပူးတွဲဦးဆောင်

**တက္ကဆက် အောက်တိုဘာ ၂**

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်တွင်ကျင်းပနေသည့် Volunteers of America Classic အမျိုးသမီး ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့အပြီးတွင် အင်္ဂလန်ဂေါက်သီးရိုက်မယ် ချာလေဟူးလ်နှင့် တရုတ်ဂေါက်သီးရိုက်မယ် လင်ရှီယူတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၁ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ပူးတွဲဦးဆောင်နေကြောင်း GA သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ပြင်သစ်ဂေါက်သီးရိုက်မယ် ဘော်တီယာနှင့် နယူးဇီလန်ဂေါက်သီးရိုက်မယ် လိုင်ဒီယာကိုတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၀ ချက် လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

ကနေဒါ ဂေါက်သီးရိုက်မယ် မက်ဒီရှက်ခ်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ကိုးချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်လျက်ရှိသည်။

အမှတ်ပေးဇယား၏ အဆင့် (၃)အတွင်းရပ်တည်နေသည့်ပြိုင်ပွဲဝင်များကြား ရိုက်ချက်ကွာဟမှုမရှိဘဲ ချန်ပီယံဆုအတွက် နောက်ဆုံးနေ့ထိ အကြိတ်အနယ်ယှဉ်ပြိုင်ကစားရမည့် အခြေအနေဖြစ်နေသည်။

တရုတ် ဂေါက်သီးရိုက်မယ် လင်ရှီယူက "တတိယနေ့မှာကစားနိုင်တဲ့အခြေအနေအားလုံးကို ပြန်သုံးသပ်ကြည့်မယ်ဆိုရင် အားရကျေနပ်မှုရှိပါတယ်။ ကျေနပ်စရာကောင်းလောက်တဲ့ ရလဒ်တွေပါ။ ဒါပေမဲ့လဲ အဆုံးသတ်ပိုင်းတွေမှာ အားနည်းတာတွေ ရှိပါတယ်။ တတိယနေ့ရဲ့ ကျင်းနံပါတ်(၁၆)မှာ Bogey ရိုက်ချက်ရခဲ့တယ်။ အဆုံးသတ်ပိုင်းအားနည်းလို့ Bogey ဖြစ်သွားခဲ့တာပါ။ ကျန်တဲ့ကျင်းတွေမှာတော့ အားလုံးအဆင်ပြေခဲ့ပါတယ်။ ကျင်းနံပါတ်(၁၆)မှာ အားနည်းခဲ့ပေမဲ့ ကျင်းနံပါတ်(၁၇)နဲ့ (၁၈)မှာ Birdies ရိုက်ချက်တွေ ရယူနိုင်ခဲ့တဲ့အတွက် အားနည်းချက်ကို ပြန်ဖာထေးနိုင်ခဲ့တယ်။ နောက်ဆုံးနေ့မှာလဲ အကောင်းဆုံးရိုက်နိုင်မယ်လို့ယုံကြည်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

## အားကစားသတင်း အတိုအထွာများ

- ဝုဗ်အသင်းသည် ရလဒ်ပိုင်းဆိုးရွားနေသည့် နည်းပြဘရူနိုလက်ချ်နေရာတွင် အစားထိုးရန်အတွက် နည်းပြသစ်ရှာဖွေနေကြောင်း သတင်းများထွက်ပေါ်နေသည်။
- ဆီဗီလာအသင်းနှင့်ပွဲစဉ်တွင် ပါဝင်ကစားခွင့်ရခဲ့သည့် အေတီကိုအသင်းကစားသမား ကိုကီသည် အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၅၅၄ ပွဲရှိခဲ့သဖြင့် အေတီကိုအသင်း သမိုင်းတစ်လျှောက် ပွဲအများဆုံးကစားခဲ့သည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။
- မန်စီးတီးအသင်းက ယခုနှစ်မှခေါ်ယူထားသည့် တိုက်စစ်မှူး ဟာလန်းကို လုပ်ခလစာတိုးမြှင့်၍ သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။ ML

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၁၄) တွင် ရန်ကုန်ယူနိုက်တက်အသင်းက ရခိုင်ယူနိုက်တက်အသင်းကို ၁၀ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိ



**ရန်ကုန် အောက်တိုဘာ ၂**

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၄) အဖြစ် ယနေ့ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ သုဝဏ္ဏ အားကစားကွင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းက ၁၀ ဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက ရန်ကုန်ယူနိုက်တက် အသင်းက ရခိုင်ယူနိုက်တက်အသင်းကို ခြေစွမ်းပိုင်းအသာ၊ ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် ၁၈ မိနစ်နှင့် မိနစ် ၃၀ တွင် ဝင်းနိုင်ထွန်းက လည်းကောင်း၊ ပွဲချိန် ၂၆ မိနစ်တွင် ရန်နိုင်ဦးက လည်းကောင်း၊ပွဲချိန် ၄၄ မိနစ်နှင့် ၄၅ မိနစ်တွင် ဂျူနီယာက လည်းကောင်း ရန်ကုန်ယူနိုက်တက်အသင်းအတွက် သွင်းဂိုးများ အသီးသီး သွင်းယူနိုင်ခဲ့ပြီး ပထမပိုင်းအပြီးတွင် ငါးဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း ရန်ကုန်ယူနိုက်တက်အသင်းက ဆက်လက်ဖိအားပေးကစားနိုင်ခဲ့ကာ ရခိုင်ယူနိုက်တက်အသင်းအနေဖြင့် ရန်ကုန်ယူနိုက်တက်အသင်း တိုက်စစ်ဆင်မှုများကို ခက်ခက်ခဲခဲထိန်းချုပ်ကစားခဲ့သော်လည်း ပွဲချိန် ၅၃ မိနစ်၊ ပွဲချိန် ၈၉ မိနစ်နှင့် မိနစ် ၉၀ တို့တွင် ဝင်းနိုင်ထွန်းကလည်းကောင်း၊ ပွဲချိန် ၅၅ မိနစ်တွင် ဂျူနီယာကလည်းကောင်း၊ ပွဲချိန် ၇၂ မိနစ်တွင် ဟိန်းဇေယျာလင်းကလည်းကောင်း ရန်ကုန်ယူနိုက်တက် အသင်းအတွက် ဦးဆောင်ဂိုးများအသီးသီး ဆက်လက် သွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ရန်ကုန်ယူနိုက်တက်အသင်းက ရခိုင်ယူနိုက်တက်အသင်းကို ၁၀ဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ STA

# သောမတ်မူလာနှင့် ကီမစ်ချ်တို့ ကိုဗစ်-၁၉ တွေ့ရှိမှုကြောင့် လာမည့်ချန်ပီယံလိဂ်ပွဲစဉ်ကို လွဲချော်မည်

**မြူးနစ် အောက်တိုဘာ ၂**

ဘိုင်ယန်မြူးနစ် အသင်းသည် ဘွန်ဒက်လီဂါပြိုင်ပွဲတွင် ဂိုးပြတ်အနိုင်ရရှိခဲ့ပြီးနောက် လာမည့် အောက်တိုဘာ ၄ ရက်တွင် ကစားရမည့် ချန်ပီယံလိဂ်ပြိုင်ပွဲအတွက် ကစားသမားများကို ကိုဗစ်-၁၉ စစ်ဆေးမှုပြုလုပ်ခဲ့ရာ ကွင်းလယ်ကစားသမား သောမတ်မူလာနှင့် ကီမစ်ချ်တို့ရောဂါပိုးတွေ့ရှိမှုကြောင့် လာမည့် ပလာဇန်အသင်းနှင့်ပွဲစဉ်ကိုလွဲချော်မည်ဟု ထုတ်ပြန်ခဲ့ကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

သောမတ်မူလာနှင့် ကီမစ်ချ်တို့သည် လေဗာကူဆင်အသင်းကို လေးဂိုးပြတ်ဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် ပွဲထွက်ကစားသမားအဖြစ်ပါဝင်ခွင့်ရခဲ့သော်လည်း ယခုအခါ ကိုဗစ်-၁၉ ရောဂါ စစ်ဆေးတွေ့ရှိခဲ့သဖြင့် ၎င်းတို့၏နေအိမ်တွင် သီးသန့်စောင့်ကြည့်ခံခဲ့ရသောကြောင့် အောက်တိုဘာ ၄ ရက်တွင် ကစားရမည့်ပလာဇန်အသင်းနှင့် ချန်ပီယံလိဂ်ပွဲစဉ်ကို လွဲချော်မည်ဟု အသင်းတာဝန်ရှိသူများက ပြောကြားခဲ့သည်။

အဆိုပါကစားသမား နှစ်ဦးစလုံးသည် နည်းပြနာဂျယ်စမန်း လက်အောက်တွင် ပုံစံကောင်းပြသနိုင်သဖြင့် ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ၌ ပွဲထွက်ကစားသမားအဖြစ်ပါဝင်ခွင့်ရခဲ့ပြီးသွင်းဂိုး နှစ်ဂိုးစီနှင့် ဂိုးဖန်တီးမှုလေးကြိမ်စီပြုလုပ်ထားနိုင်သောကြောင့် ၎င်းတို့ပါဝင်နိုင်ခြင်းမရှိသည့် အသင်းကွင်းလယ်ပိုင်းအနေဖြင့် အခက်တွေ့နိုင်မည်ဖြစ်ကြောင်း သိရသည်။ ML

# လန်ဒန်ဒါဘီပွဲစဉ်တွင် ဂိုးသွင်းယူနိုင်သည့်ဟယ်ရီကိန်း ဂိုးသွင်းအများဆုံးကစားသမားအဖြစ် ရပ်တည်

**လန်ဒန် အောက်တိုဘာ ၂**

အာဆင်နယ်အသင်းနှင့် စပါးအသင်းတို့ကစားခဲ့သည့် မြောက်လန်ဒန်ဒါဘီပွဲစဉ်တွင် အသင်းအတွက် ချေပဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့သည့် တိုက်စစ်မှူး ဟယ်ရီကိန်းသည် လန်ဒန်ဒါဘီပြိုင်ပွဲတစ်လျှောက် သွင်းဂိုး ၄၄ ဂိုးထိ သွင်းယူနိုင်ခဲ့သောကြောင့် ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့သည်ဟု 90Min.com က ယနေ့တွင် ဖော်ပြခဲ့သည်။

လန်ဒန်ဒါဘီပြိုင်ပွဲတွင် အာဆင်နယ်အသင်း ကစားသမားဟောင်း တိုက်စစ်မှူး အွန်နရီက သွင်းဂိုး ၄၃ ဂိုးဖြင့် ရပ်တည်နေသော်လည်း ယခုပွဲစဉ်တွင် စပါးအသင်းတိုက်စစ်မှူး ဟယ်ရီကိန်းက ပင်နယ်တီမှတစ်ဆင့် သွင်းဂိုးရရှိခဲ့သောကြောင့် စုစုပေါင်း သွင်းဂိုး ၄၄ ဂိုးထိ ရှိလာခဲ့ပြီး ဒါဘီပြိုင်ပွဲတစ်လျှောက် ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။



ထို့အတူ ဟယ်ရီကိန်းသည် ပရီးမီးယားလိဂ်သမိုင်းတွင် ဂိုးသွင်းအများဆုံး ကစားသမားဖြစ်သည့် တိုက်စစ်မှူး အလန်ရှီးယားအဝေးဂိုး ၈၈ ဂိုး သွင်းယူခဲ့သည့်စံချိန်ကိုလည်းကျော်ဖြတ်၍ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အဝေးကွင်း သွင်းဂိုး ၁၀၀ ပြည့်မြောက်ခဲ့သည့် မှတ်တမ်းကောင်းကိုလည်း ရရှိခဲ့ကြောင်း သိရသည်။ ML

# WBA အက်တမ်ဝိတ်တန်းလက်ရှိချန်ပီယံဆုကို မွန်ဆာရက် ဆက်လက်ထိန်းသိမ်း

**မက္ကဆီကိုစီးတီး အောက်တိုဘာ ၂**

WBA အက်တမ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ မက္ကဆီကိုလက်ဝှေ့မယ် မွန်ဆာရက်နှင့် စိန်ခေါ်သူ မက္ကဆီကိုလက်ဝှေ့မယ် ဘယ်ဒါရက်စ်တို့ အောက်တိုဘာ ၁ ရက်က မက္ကဆီကိုနိုင်ငံ မက္ကဆီကိုစီးတီးတွင်ထိုးသတ်ခဲ့ရာ လက်ရှိချန်ပီယံ မွန်ဆာရက်က ဒိုင်အမှတ်ဖြင့်အနိုင်ရရှိကာ လက်ရှိချန်ပီယံဘွဲ့ကို ကာကွယ်နိုင်ခဲ့ကြောင်း Boxing Scene သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မွန်ဆာရက်သည် ဒိုင်အမှတ်ဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သော်လည်း စိန်ခေါ်သူ ဘယ်ဒါရက်စ်အား သက်သောင့်သက်သာဖြင့်သာအနိုင်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

အမှတ်ပေးဒိုင် သုံးဦးရှိသည့်အနက် အမှတ်(၁)ဒိုင်က ၁၀၀-၉၃ မှတ်ဖြင့်လည်းကောင်း၊ အမှတ် (၂) ဒိုင်က ၉၇-၉၃ မှတ်ဖြင့်လည်းကောင်း၊ အမှတ်(၃) ဒိုင်က ၉၈-၉၂ မှတ်ဖြင့်လည်းကောင်း မွန်ဆာရက်အားအနိုင်ပေးခဲ့သည်။

ဘယ်ဒါရက်စ်အနေဖြင့် လက်ဝှေ့မယ်ဘဝ သက်တမ်းတစ်လျှောက် ပထမဦးဆုံးသော ကမ္ဘာ့ချန်ပီယံကို ဆွတ်ခူးနိုင်ရေးအတွက် အကောင်းဆုံး ကြိုးစားပြင်ဆင်ခဲ့သော်လည်း လက်ရှိချန်ပီယံအား ကျော်ဖြတ်နိုင်ခဲ့ခြင်းမရှိခဲ့ကြောင်း သိရသည်။

မွန်ဆာရက်စ်က "လက်ရှိချန်ပီယံဘွဲ့ကို ကာကွယ်နိုင်ဖို့အတွက် အချိန်ယူပြီးတော့ အကောင်းဆုံး ပြင်ဆင်ခဲ့ပါတယ်။ ပြင်ဆင်ခဲ့တဲ့အတိုင်းလဲ အကောင်းဆုံးလုပ်ပြနိုင်ခဲ့တယ်။ဘယ်ဒါရက်စ်ဟာ ခက်ခဲတဲ့ပြိုင်ဘက်တစ်ယောက်ပါ။ ကျွန်မအနေနဲ့ ဘယ်ဒါရက်စ်လိုပြိုင်ဘက်မျိုးကိုပြတ်သားတဲ့ရလဒ်မျိုးနဲ့အနိုင်ရအောင် ကစားနိုင်ဖို့ဆိုတာတော့ မလွယ်ကူပါဘူး။ ဒါကြောင့် နောက်ဆုံးအချိုးပြီးဆုံးတဲ့ထိ ဒိုင်အမှတ်နဲ့ပဲ အနိုင်ထိုးသတ်ဖို့ ဆုံးဖြတ်ခဲ့တယ်။ အကောင်းဆုံး ထိန်းချုပ် ထိုးသတ်နိုင်ခဲ့လို့ လက်ရှိချန်ပီယံဘွဲ့ကို စွမ်းဆောင်နိုင်ခဲ့တာ ဖြစ်ပါတယ်။ နောက်ထပ်နှစ်ပေါင်းများစွာဒီခါးပတ်ကို ဆက်ထိန်းထားနိုင်အောင်ကြိုးစားသွားမှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL



# ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲသမိုင်းတစ်လျှောက် အသက်အငယ်ဆုံး အသင်းခေါင်းဆောင်အဖြစ် ဘယ်လင်ဟမ် မှတ်တမ်းဝင်

**ဘာလင် အောက်တိုဘာ ၂**

ဒေါ့မွန်အသင်း လူငယ်ကစားသမား ဘယ်လင်ဟမ်သည် ဒေါ့မွန်အသင်းနှင့် ကိုလုံးအသင်းတို့ကစားခဲ့သည့်ပွဲစဉ်တွင် အသင်းခေါင်းဆောင်အဖြစ် ပွဲထွက်ပါဝင်ကစားခဲ့ပြီးနောက် ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲ သမိုင်းတစ်လျှောက် အသက်အငယ်ဆုံး အသင်းခေါင်းဆောင်အဖြစ် မှတ်တမ်းဝင်ခဲ့သည်ဟု Bild သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၁၉ နှစ်ရှိ ဘယ်လင်ဟမ်သည် ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ်က ဘာမင်ဂမ်အသင်းမှ ဒေါ့မွန်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် အသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့ကာ ဘောလုံးရာသီတိုင်းတွင် အဓိကကစားသမားအဖြစ် ခြေစွမ်းပြသနိုင်ခဲ့ပြီး ပွဲထွက်ခွင့်ရရှိနေသူဖြစ်သည်။

လက်ရှိဒေါ့မွန်အသင်းတွင် ပထမအသင်းခေါင်းဆောင်အဖြစ် ဝါရင့်ကွင်းလယ်ကစားသမား မားကိုစ်ရူး၊ ဒုတိယအသင်းခေါင်းဆောင်အဖြစ် ဝါရင့်ခံစစ်ကစားသမား မက်ဟမ်မဲလ်နှင့်တတိယအသင်းခေါင်းဆောင်အဖြစ် ဘယ်လင်ဟမ်တို့က တာဝန်ယူထားပြီး မားကိုစ်ရူးနှင့် ဘယ်လင်ဟမ်တို့အနေဖြင့် ဒဏ်ရာကြောင့် ပါဝင်နိုင်ခြင်း မရှိသည့်အတွက် ဘယ်လင်ဟမ်က အသင်းခေါင်းဆောင်အဖြစ် ပထမဆုံးအကြိမ် ပွဲထွက်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲသမိုင်းတစ်လျှောက် အသင်းခေါင်းဆောင်တာဝန်ယူခဲ့ကြသူများ အနေဖြင့် အနည်းဆုံး အသက် ၂၅ နှစ်နှင့်အထက် ကစားသမားများသာဖြစ်ပြီး အသက် ၂၀ နှင့် အောက်ကစားသမားများ အသင်းခေါင်းဆောင်တာဝန်ယူကစားခြင်း မရှိသေးဘဲ ယခုအခါ ဘယ်လင်ဟမ်က အသက် ၁၉ နှစ်နှင့် အသင်းခေါင်းဆောင်အဖြစ်ပထမဆုံးကစားခဲ့သည့်ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ STA

**ပရီးမီးယားလိဂ် ပွဲစဉ် (၉) ရလဒ်**

| | | | | |
|---|---|---|---|---|
| မန်စီးတီး | ၆ | - | ၃ | မန်ယူ |
| လိဒ် | ၀ | - | ၀ | အေဗီလာ |

**စပိန်လာလီဂါ ပွဲစဉ် (၇) ရလဒ်**

| | | | | |
|---|---|---|---|---|
| အက်စ်ပန်ညို | ၂ | - | ၂ | ဗလင်စီယာ |
| ဆဲလ်တာဗီဂို | ၁ | - | ၀ | ဘက်တစ် |

(ဝ၄ဝ)

**အီတလီစီးရီးအေ ပွဲစဉ် (၈) ရလဒ်**

| | | | | |
|---|---|---|---|---|
| လာဇီယို | ၄ | - | ၀ | စပီဇီယာ |
| အတ္တလန်တာ | ၁ | - | ၀ | ဖီအိုရင်တီးနား |

**ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၈) ရလဒ်**

| | | | | |
|---|---|---|---|---|
| ဟာသာဘာလင် | ၁ | - | ၁ | ဟော်ဖန်ဟိမ်း |
| ရှော်လ်ကေး | ၂ | - | ၃ | အော့စ်ဘတ် |

(ဝ၄ဝ)

# ဝေဖန်အကြံပြုခြင်းသည် အောင်မြင်မှုကိုဖြစ်စေသည်

## ပုသိမ်အောင်သန့်ဦး

ငယ်စဉ်က ကျောင်းတွင်းစကားရည်လုပွဲအတွက် အရွေးဘက်မှဝင်ရောက်ယှဉ်ပြိုင်ရန် ကျွန်တော်အရွေးခံရသည်။ ပထမ ကျောင်းတွင်းကျပန်းစကားပြောပွဲတွင်ယှဉ်ပြိုင်စေပြီး ကျပန်းစကားပြောပြိုင်ပွဲမှ ခြောက်ဦးကို ထပ်မံရွေးချယ်ခြင်းဖြစ်သည်။ ထိုအချိန်က ကျွန်တော်သည် ငမိုးရိပ်ကွက်သစ်တွင် နေထိုင်လေရာ ညနေတိုင်း ထမင်းစားပြီးနောက် ငမိုးရိပ်ချောင်းကူးတံတား ကားလမ်းတံတားထိပ်တွင် တစ်ယောက်တည်းသွားပြီး ပြိုင်ပွဲမကျင်းပမီထိ နေ့တိုင်းသွားရောက်လေ့ကျင့်သည်။ တစ်ခါမှ ပွဲမတိုးဖူးသဖြင့် စိုးရိမ်စိတ်များနှင့် စကားရည်လုပွဲကို ကျွန်တော်ယှဉ်ပြိုင်သည်။

ယှဉ်ပြိုင်ပြီးနောက် စင်မြင့်ပေါ်မှ ကျွန်တော်ဆင်းလာသောအခါ ဆရာတစ်ဦးက ဤသို့မှတ်ချက်ချပါသည်။

"အောင်သန်းဦး မင်းပြောသွားတာ အချက်အလက်တွေ ပြည့်စုံပါတယ်။ ဒါပေမဲ့ စကားပြောတာ တအားမြန်လွန်းနေတယ်။ ဖြည်းဖြည်းနဲ့အဖြတ်အတောက်မှန်မှန် ပြောနိုင်ဖို့လေ့ကျင့်အုံးကွဲ့"ဟု ဆိုပါသည်။

ကျွန်တော်လည်း သဘောပေါက်ပါသည်။ ကျွန်တော် စကားပြောသည်မှာ မြန်လွန်းပြီး အဖြတ်အတောက်မရှိ၊ အသက်ပင်မရှူနိုင်ဘဲ တစ်ရှိန်ထိုး ပြောသွားခဲ့သည်ကိုး။ နောင်ပြင်မည်ဟု တေးမှတ်ထားသည်။

နောင် တောင်ဥက္ကလာ (၁၆) ရပ်ကွက်တွင် ကျွန်တော်တို့ကျောင်းနှင့် ရပ်ကွက်စာကြည့်တိုက်အသင်း လူငယ်တို့ယှဉ်ပြိုင်ကြသည့် စကားရည်လုပွဲတွင် ကျွန်တော်အဖြတ်အတောက်မှန်မှန်နှင့် ထိထိမိမိ ပြောလာနိုင်ကြောင်း သတိထားမိသည်။ အတွေ့အကြုံအနည်းငယ်ရရှိလာသဖြင့် အံဝင်ခွင်ကျပြောလာနိုင်သည်။ ပရိသတ်ကိုကြောက်စိတ်မရှိတော့ပါ။

စာရေးဆရာပေါက်စဘဝတွင် တောင်ဥက္ကလာ ကဗျာကလာပ်စည်းနှင့် ကျွန်တော်တို့ သယ်န်းကျွန်း ကဗျာဆရာများအင်အားစုတို့ စကားရည်လုပွဲ ယှဉ်ပြိုင်ကြရန် စီစဉ်ကြသည်။ ကျွန်တော်က သယ်န်းကျွန်း ကဗျာဆရာများအင်အားစုဘက်မှ ပါဝင်ယှဉ်ပြိုင်ရမည်။ ဥက္ကလာကဗျာကလာပ်စည်းမှ ဥက္ကလာခင်စော၊ ဗျာပုံ နီလုံဦး၊ ဥက္ကလာသိန်းထွေး တို့ပါမည်။ သယ်န်းကျွန်း ကဗျာဆရာများ အင်အားစုဘက်မှ စာရေးဆရာ မြတ်လွန်း၊ ကဗျာဆရာ ပုသိမ်မောင်ထွေးညိုနှင့် ကျွန်တော်ပါဝင်မည်။ သို့သော် ဤပွဲတွင် အနားနီးမှ ကျွန်တော် မပါဝင်နိုင်တော့။ အဘိုးဖြစ်သူ ပုသိမ်တွင် နေမကောင်းဖြစ်နေ၍ အမြန်လာရန် သံကြိုးစာရောက်လာသဖြင့် ကျွန်တော့်အစား ကဗျာဆရာ မောင်နန်းလု ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ကျောင်းဆရာလောင်းဘဝတွင် ဆရာအတတ်သင်မှဦးစီးကျင်းပသော ကျပန်းစကားပြောပွဲတွင်ကျွန်တော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ကျောင်းဆရာဖြစ်လာသောအခါ သီတင်းကျွတ်မီးထွန်းပွဲနှင့် ဆရာကန်တော့ပွဲတွင် ဆရာ၊ ဆရာမ အချင်းချင်း အဆိုအချေသုံးယောက်စီရွေးပြီး စကားရည်လုပွဲယှဉ်ပြိုင်ကြရာ အတော်အသင့်ပြောလာနိုင်ကြောင်း သတိထားမိသည်။

ထိုအချိန်က ကျွန်တော့်ဝတ္ထုတိုလေးများ မဂ္ဂဇင်းများတွင် ပါစပြုနေပြီ။ ထို့ကြောင့် ကျွန်တော့်ကို စာရေးဆရာဟု အများကအသိအမှတ်ပြုစဖြစ်သည်။ ရောက်ရှိရာဒေသများတွင် စာဆိုတော်နေ့ အထိမ်းအမှတ် ဟောပြောပွဲများတွင် ဝင်ရောက်ဟောပြောရသည်။ မိုင်းဆတ်၊ ကျိုင်းတုံ၊ ဟဲဟိုးမြို့တို့တွင် ရန်ကုန်မှစာရေးဆရာကြီးများကို မဖိတ်နိုင်သောအခါ ဒေသခံစာရေးဆရာ၊ စာပေဝါသနာရှင်များ၊ ကျောင်းဆရာများ ထဲမှရွေးကာ စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲများတွင် ဝင်ရောက်ဟောပြောခဲ့ပါသည်။

နောင် ကလောမြို့နယ် စာဆိုတော်နေ့စာပေဟောပြောပွဲများကိုဦးဆောင်လာရသောအခါ စာရေးဆရာကြီးများနှင့်အတူ အိမ်ဖြည့်ဝင်ရောက်ဟောပြောရသည်များလည်း ရှိလာသည်။ တစ်ခါက ကလောမြို့၊ အောင်ပန်းမြို့နှင့်ဟဲဟိုးမြို့ သုံးပွဲဆက်ကာ ဆရာမောင်စိန်ဝင်း(ပုတီးကုန်း)၊ ဆရာချစ်နိုင်(စိတ်ပညာ) နှင့်ဆရာမောင်ငြိမ်းသူ(ကြို့ပင်ကောက်)တို့ ဟောပြောရန် စီစဉ်ထားပါသည်။ ကလောနှင့်အောင်ပန်း ဟောပြောပြီးနောက် ဆရာချစ်နိုင်(စိတ်ပညာ) အရေးပေါ်ရန်ကုန်ပြန်ရန် ဖြစ်ပေါ်လာရာ ကျွန်တော်ဟဲဟိုး ဟောပြောပွဲတွင် ဆရာမောင်စိန်ဝင်း(ပုတီးကုန်း)၊ ဆရာမောင်ငြိမ်းသူ(ကြို့ပင်ကောက်) တို့နှင့်အတူ ဟောပြောခဲ့ရသည်။ ထို့အတူ ဆရာကြီးသိန်းသန်းထွန်း၊ ဆရာမကြီး အင်းလေးသန္တာခင်တို့နှင့်အတူ ဟဲဟိုးတွင် ဟောပြောခဲ့ဖူးသည်။

ကျွန်တော် ကျောင်းဆရာဘဝမှ အငြိမ်းစားယူပြီးနောက် ရန်ကုန်မြို့ရှိ အကျိုးဆောင်ဂျာနယ်နှင့် Revenue ဂျာနယ်တို့တွင် တာဝန်ခံစာတည်းပြုလုပ်သောအခါ စာရေးဆရာများနှင့်ပို၍ ရင်းနှီးကျွမ်းဝင်လာသကဲ့သို့ စာပေဟောပြောပွဲများတွင်လည်း စာရေးဆရာများနှင့်အတူ လိုက်ပါဟောပြောခွင့် ရရှိလာခဲ့ပါသည်။

ကျွန်တော် မိုင်းရှူး ဝမ်ကန်အရပ်ရှိ ကျောက်တွင်းများကိုရောက်ရှိပြီး ကျောက်သမားတို့၏ဘဝကို လေ့လာကာ စာရေးရန်အချက်အလက်များစုဆောင်းနေချိန်တွင် ပရဟိတဆရာတော်တစ်ပါးဖြစ်သည့် မီးလွှတ်ဆရာတော်က သူတည်ထောင်ထားသော ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများတွင် ကျောင်းသားများကို စာပေဗဟုသုတ၊ အသိဉာဏ်ကြွယ်ဝစေရေးအတွက် လာရောက်ဟောပြောပေးပါရန် မေတ္တာရပ်ခံသဖြင့် ဆရာတော်၏ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ဝမ်ကန်နှင့်ဆိုင်းလျှံတို့တွင် သွားရောက်ဟောပြောခဲ့ပါသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး မော်လူးမြို့၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ဓမ္မစေတီလမ်းရှိ ရှိုင်းဟုတ်ကုမ္ပဏီတွင် နှစ်ကြိမ်၊ ကျောက်တံတားမြို့နယ် အခြေခံပညာအထက်တန်းကျောင်းတွင် ဆရာကြီးသိပ္ပံစိုးမြင့်နိုင်နှင့်တွဲကာ ကျောင်းသား၊ ကျောင်းသူများကို ပညာပေးဟောပြောခဲ့ပါသည်။

ရွှေပြည်သာ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းတွင်ကား ဆရာကြီး မောင်ကျေးဇူးနှင့်တွဲကာ ဟောပြောခဲ့သည်။ ရောဝတီတိုင်းဒေသကြီး မကျည်းစဉ်ကျေးရွာတွင် ဆရာမော်ဝန်းကြည်မြတ်၊ ဆရာပုသိမ်ရန်နောင်စိုးတို့နှင့်အတူ ဟောပြောခဲ့ရသလို ဒုတိယအကြိမ် မကျည်းစဉ်ဟောပြောပွဲတွင် ဆရာလင်းသိုက်ညွန့်နှင့်တွဲကာ ဟောပြောခဲ့သည်။

> ❖ "ဆရာ ဂျပန်နိုင်ငံက ဆေးသုတေသနပညာရှင် ဟီဒရောအကြောင်း ပြောနေစဉ်တစ်လျှောက် ပရိသတ်ရဲ့စိတ်ဝင်စားမှု အထွတ်အထိပ်ကို ရောက်နေတာ တွေ့ရတယ်။ အဲဒီအကြောင်းပြောပြီးတာနဲ့ အဆုံးသတ်လိုက်ရင် ဆရာရဲ့ဟောပြောချက်ဟာ အင်မတန်အောင်မြင်ခဲ့မှာ။ ဆရာက ရှေ့ဆက်ပြီး အခြားအကြောင်းအရာတွေ ပြောင်းလိုက်တော့ အီသွားတယ်။ ကျွန်တော်တို့လဲ ဖြစ်ခဲ့ဖူးပါတယ်။ ဒါ ဟောပြောမှုလောဘကြီးတယ်လို့ခေါ်တယ်။ နောင် ဆင်ခြင်နိုင်ဖို့အကြံပြုတာပါ"ဟု ဆရာကောင်းသန့်ကပြောပြီး ပြုံးပြလက်ဆွဲနှုတ်ဆက်ပါသည်။ ❖

နတ်တလင်းမြို့နယ် ကုန်းသာကျေးရွာ စာပေဟောပြောပွဲတွင် ဆရာနန္ဒာမိုးကြယ်၊ ဆရာဘသက်ဆွေတို့နှင့်အတူ ဟောပြောခဲ့ပါသည်။

ရှာငံမြို့တွင်ကျင်းပသော ဗိုလ်မှူးကြီးဗထူး နှစ်တစ်ရာပြည့်အကြို ဟောပြောပွဲတွင်ကား ဆရာမော်ဝန်းကြည်မြတ်၊ တေးသံရှင် နှင်းနှင်းထူးတို့နှင့်အတူ ဟောပြောခဲ့ပါသည်။ City Star တွင်ကျင်းပသော ဆရာသူလိုင်၏ စာအုပ်မိတ်ဆက်ပွဲတွင် ဆရာချစ်ဦးညိုနှင့်အတူ ဆရာသူလိုင်၏ စာအုပ်အပေါ် ဝေဖန် သုံးသပ်ခဲ့ပါသည်။

ဆရာတက္ကသိုလ်မင်းသူ၏ စာအုပ်မိတ်ဆက်ပွဲတွင် ဆရာကြီးဆင်ဖြူကျွန်းအောင်သိန်း၊ ဆရာကောင်းသန့်တို့နှင့်အတူ ဆရာတက္ကသိုလ်မင်းသူ၏ စာအုပ်ကို ဝေဖန်သုံးသပ်ခဲ့ပါသည်။

၂၀၀၄ ခုနှစ်က ပခုက္ကူစာပေဆုရ၍ ပခုက္ကူ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသော စာပေဟောပြောပွဲတွင် ဆရာမကြီး ကြူကြူသင်း၊ ဆရာထန်လှိုင်တို့နှင့်အတူ ဟောပြောခဲ့သည်။ မင်းလှမြို့နယ် ငါးဘတ်အိုင်ကျေးရွာ စာပေဟောပြောပွဲတွင် ဆရာမြတ်ဝေတိုး(ပညာရေးတက္ကသိုလ်)နှင့်တွဲကာ ဟောပြောခဲ့သလို ဝမ်းတွင်း၊ မိတ္ထီလာဟောပြောပွဲ၊ ပုသိမ်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်းကြီး လေးကျောင်းတွင်ကျင်းပသော "လူငယ်အကျိုးပြုစာပေ" ဟောပြောပွဲများနှင့် အောင်ပန်းမြို့ (ပဉ္စမအကြိမ်) ခနုလက်ဖက်ရည်ကြမ်းဝိုင်း စာပေဟောပြောပွဲများတွင်လည်း နှစ်ဦးအတူ ဟောပြောခဲ့ကြပါသည်။

သန်လျင် စာပေဟောပြောပွဲတွင် ဖိုးစော(သန်လျင်)၊ မိုးပန်းမွန်(ရာမည)တို့နှင့်အတူ ဟောပြောခဲ့ပါသည်။ ရောဝတီစာပေဆွေးနွေးပွဲတွင် ဆရာမကြီး ကြူကြူသင်း၊ ဆရာမ မနှင်းဖွေးတို့နှင့်အတူ ဟောပြောခဲ့ပါသည်။

ဇလွန်စာပေဟောပြောပွဲတွင်ကား ဆရာချစ်နိုင်(စိတ်ပညာ)၊ ဆရာကောင်းသန့်၊ ဆရာ သန်လျင်မောင်မောင်ဦးတို့နှင့်တွဲကာ ဟောပြောခဲ့ပါသည်။ ဤဟောပြောပွဲတွင် ဆရာကောင်းသန့်က ကျွန်တော့်ကို ဟောပြောပွဲပညာတစ်ရပ် လမ်းညွှန်ခဲ့ပါသည်။ ကျွန်တော် ဟောပြောပွဲစင်မြင့်ထက်မှ ဆင်းလာကာ ကုလားထိုင်တွင်ထိုင်လိုက်စဉ် ဆရာကောင်းသန့်က-

"ဆရာ ဂျပန်နိုင်ငံက ဆေးသုတေသနပညာရှင် ဟီဒရောအကြောင်း ပြောနေစဉ်တစ်လျှောက် ပရိသတ်ရဲ့ စိတ်ဝင်စားမှု အထွတ်အထိပ်ကိုရောက်နေတာ တွေ့ရတယ်။ အဲဒီအကြောင်းပြောပြီးတာနဲ့ အဆုံးသတ်လိုက်ရင် ဆရာရဲ့ဟောပြောချက်ဟာ အင်မတန်အောင်မြင်ခဲ့မှာ။ ဆရာက ရှေ့ဆက်ပြီး အခြားအကြောင်းအရာတွေ ပြောင်းလိုက်တော့ အီသွားတယ်။ ကျွန်တော်တို့လဲ ဖြစ်ခဲ့ဖူးပါတယ်။ ဒါ ဟောပြောမှုလောဘကြီးတယ်လို့ ခေါ်တယ်။ နောင် ဆင်ခြင်နိုင်ဖို့ အကြံပြုတာပါ"ဟု ဆရာကောင်းသန့်ကပြောပြီး ပြုံးပြလက်ဆွဲနှုတ်ဆက်ပါသည်။

ထန်းတစ်ပင်မြို့နယ် နဲ့သမိန်ရွာစာပေဟောပြောပွဲတွင် ဆရာဒေါက်တာခင်မောင်ညို၊ ဆရာကောင်းသန့်တို့နှင့်အတူ ဟောပြောရပြန်ပါသည်။ ဤအခါတော့ ပရိသတ်အထွတ်အထိပ် ရောက်ရှိခံစားနေကြခိုက် ကျွန်တော် အဆုံးသတ်လိုက်သည်။ စင်ပေါ်မှဆင်းလာတော့ ဆရာကောင်းသန့်က မတ်တတ်ရပ်ပြီး လက်ဆွဲနှုတ်ဆက်သည်။

"ဆရာ အောင်သန်းဦး ဟောပြောတာ ဒီတစ်ခါ အကောင်းဆုံးပဲ" ပြုံးပြီး ဆိုလေသည်။

တကယ်တော့ စာပေဟောပြောပွဲဖြစ်စေ၊ မည်သည့် စကားပြောပွဲမျိုးဖြစ်စေ ထောက်ပြဝေဖန်အကြံပြုကြသူများ ရှိရန်လိုအပ်ပါသည်။ ထိုသို့ အကြံပြုကြမှလည်း ဟောပြောသူက သိရှိပြုပြင်နိုင်မည်ဖြစ်ပါသည်။ မည်သည့်လုပ်ငန်းကို ဆောင်ရွက်ကြသည်ဖြစ်စေ အောင်မြင်မှုရရှိရန် ဝေဖန်မှုသည် မရှိမဖြစ်လိုအပ်ပါသည်။

ကျွန်တော်ကျောင်းသားဘဝက ပထမဦးဆုံး စကားရည်လုပွဲတွင် ကျွန်တော့်အတန်းပိုင်ဆရာက "မင်းစကားပြောတာ မြန်လွန်းတယ်၊ ဖြည်းဖြည်းမှန်မှန် အဖြတ်အတောက် တိတိကျကျနဲ့ ပြောတတ်ဖို့ လိုသေးတယ်"ဟု ဝေဖန်အကြံပြုချက်အတိုင်း ပြုပြင်ခဲ့ပါသည်။

ထို့အတူ စာရေးဆရာတစ်ဦး ဖြစ်လာပြီးသောအခါ စာပေဟောပြောပွဲတစ်ပွဲတွင် ဆရာကောင်းသန့်၏ ဝေဖန်အကြံပြုချက်အတိုင်း လိုက်နာဟောပြောခဲ့ပါသည်။

ဝေဖန်ရေးသည် အထူးလိုအပ်ပါသည်။ ဝေဖန်ခြင်းသည် ရှုတ်ချခြင်းမဟုတ်၊ ကဲ့ရဲ့ခြင်းမဟုတ်၊ ပို၍ကောင်းရန် လမ်းညွှန်ခြင်းသာဖြစ်ပါသည်။ ဝေဖန်ရေးနှင့် မိမိကိုယ်မိမိ ဝေဖန်ရေးတို့ကား မရှိမဖြစ်လိုအပ်ပါသတည်း။

# ထားဝယ်မြို့တွင် ထားဝယ်ရိုးရာ သပိတ်မျှောပွဲတော် ကျင်းပသွားမည်




**ထားဝယ် အောက်တိုဘာ ၂**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ ထားဝယ်ရိုးရာသပိတ်မျှောပွဲတော်ကို အောက်တိုဘာ ၉ ရက် (သီတင်းကျွတ်လပြည့်နေ့) တွင် ထားဝယ်မြစ်ကမ်းရှိ တလိုင်းမရပ် ဆိပ်ကမ်းသာလမ်း ပြည်သူ့အပန်းဖြေရင်ပြင်တွင် ကျင်းပမည်ဖြစ်ကြောင်း ထားဝယ်ရိုးရာ သပိတ်မျှောပွဲတော်ကျင်းပရေးကော်မတီ အတွင်းရေးမှူး ဒေါ်ရွှေကြည်က ပြောပြ၍ သိရသည်။

သပိတ်မျှောပွဲတော်ကို နှစ်စဉ်နှစ်တိုင်း သီတင်းကျွတ်လပြည့်နေ့တွင် ကျင်းပလေ့ရှိပြီး သပိတ်မျှောပွဲတော်သို့ လာရောက်သူများကို တေးဂီတများဖြင့် ဖျော်ဖြေခြင်း၊ ထားဝယ်ရိုးရာ ယဉ်ကျေးမှုအက၊ ထားဝယ်ဒေသ သပိတ်မျှောပွဲအက၊ ရွှေဝယ်သူများ ရေအိုးရွက်ယိမ်းအက၊ အိုးစည်အက၊ သမိုင်းအလှ တနင်္သာရီအက၊ ရွှေဝယ်သူများ ရေခပ်သွားအကများဖြင့် သီဆို ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

"နှစ်စဉ် အစဉ်အလာမပျက် ကျင်းပနေတဲ့ ပွဲတော်တစ်ခုဖြစ်ပါတယ်။ ဒီနှစ်မှာလဲ ထားဝယ်သူ၊ ထားဝယ်သားတွေရဲ့ ရိုးရာ အဆိုအကတွေနဲ့ စည်စည်ကားကား ကျင်းပသွားမှာဖြစ်ပါတယ်။ သပိတ်မျှောပွဲတော်ကို လာရောက်ဆင်နွှဲကြသူတွေကိုလဲ မြိတ်အစားအစာတွေနဲ့ စတုဒိသာအဖြစ် ဧည့်ခံကျွေးမွေးသွားမှာဖြစ်ပါတယ်"ဟု ထားဝယ်ရိုးရာ သပိတ်မျှောပွဲတော်ကျင်းပရေးကော်မတီ အတွင်းရေးမှူး ဒေါ်ရွှေကြည်က ပြောပြသည်။

သပိတ်မျှောပွဲတော်သည် ရှင်ဥပဂုတ္တအားရည်မှန်း၍ ထားဝယ်ရိုးရာ မြေသပိတ်ထဲတွင် ဆွမ်း၊မုန့်၊ သစ်သီး၊ ပေါက်ပေါက်၊ မုန့်ဆီကြော်၊ ယိုအမျိုးမျိုး စသည့် လှူဖွယ်များကိုထည့်ပြီး တံခွန်၊ ကုက္ကားများစိုက်ထူကာ ဆီမီးများ ထွန်းညှိ၍ သပိတ်မျှောခြင်းဖြစ်ကြောင်း၊ ရာသီဥတုမိုးလေဝ သကောင်းမွန်စေရန်၊ ဆန်ရေစပါး စီးပွားဥစ္စာပေါများ တိုးတက်စေရန်၊ မိုးဒဏ်၊ လေဒဏ်၊ သဘာဝဘေးရန်များနှင့် မကောင်းသော ဘေးကံကြမ္မာအပေါင်း ကင်းဝေးလွတ်မြောက်စေရန်ရည်ရွယ်၍ ထားဝယ်မြို့တွင် ရှေးအစဉ်အဆက်ကတည်းက နှစ်စဉ်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ASH

# Longing ရုပ်ရှင်ဇာတ်ကား၌ မင်းသားကြီး ရစ်ချက်ဂီရီ ပါဝင်မည်ဖြစ်

**နယူးယောက် အောက်တိုဘာ ၂**

ကမ္ဘာကျော်မင်းသားကြီး ရစ်ချက်ဂီရီသည် Longing အမည်ရှိ ဒရာမာရုပ်ရှင်ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၁ ရက်တွင် ရေးသားတင်ပြထားသည်။

Longing ဇာတ်ကားသည် ဟီဘရူးဘာသာစကားပြော ရုပ်ရှင်ဇာတ်ကားဖြစ်သည့် Longing (2017) ကို အင်္ဂလိပ်ဘာသာစကားပြောရုပ်ရှင်ဇာတ်ကားအဖြစ် ပြန်လည်ရိုက်ကူးသည့်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားသည် မင်းသားကြီး ရစ်ချက်ဂီရီအတွက် Three Christs (2017) ဇာတ်ကားနောက်ပိုင်း ပထမဆုံးရုပ်ရှင်ဇာတ်ကားဖြစ်သည်။

Longing ဇာတ်ကားသည် လွန်ခဲ့သော နှစ် ၂၀ ကျော်က ချစ်သူဟောင်းဖြစ်သူနှင့် သားတစ်ဦးရရှိခဲ့ကြောင်း သိလာရသူ သက်ကြီးပိုင်း လူလွတ်တစ်ဦး၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးသည့်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားကို မူလ Longing ဇာတ်ကား၏ အစွရေး ဒါရိုက်တာ ဆာဗီဂါဘီဇွန်က တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

လက်ရှိတွင် Longing ဇာတ်ကားထုတ်လုပ်မှုကို ကနေဒါနိုင်ငံ အွန်တေရီယိုမြို့၌ စတင်နေပြီဖြစ်ကြောင်း သိရသည်။

KKO




# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက အသက် ၇၅ နှစ်အထက် သက်ကြီးရုပ်ရှင်ပညာရှင် ဦးရေ ၅၀ ကို လစဉ်ပံ့ပိုးငွေ ထုတ်ပေး

**ရန်ကုန် အောက်တိုဘာ ၂**

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက အသက် ၇၅ နှစ်အထက် သက်ကြီးရုပ်ရှင်ပညာရှင် ဦးရေ ၅၀ ကို စက်တင်ဘာလအတွက် လစဉ်ပံ့ပိုးငွေများ အောက်တိုဘာ ၁ ရက်က ရုပ်ရှင်အစည်းအရုံးတွင် ထုတ်ပေးခဲ့ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင် အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင် သက်ကြီးရုပ်ရှင်ပညာရှင်များကို လစဉ်ပံ့ပိုးငွေအဖြစ် သက်ကြီး ရုပ်ရှင်ပညာရှင်တစ်ဦးလျှင် ငွေကျပ် တစ်သောင်း လစဉ် ထုတ်ပေးလျက်ရှိပြီး ရုပ်ရှင်အစည်းအရုံးဝင် အလွှာအသီးသီးမှ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များကို အခါအားလျော်စွာ ပံ့ပိုးငွေများကိုလည်း ထုတ်ပေးလျက်ရှိကြောင်း သိသည်။

"သက်ကြီးရုပ်ရှင်အနုပညာရှင် အတတ်ပညာရှင်အယောက် ၅၀ ကို ရုပ်ရှင်အစည်းအရုံးအနေနဲ့ လစဉ်ပံ့ပိုးပေးလျက်ရှိပါတယ်။ အောက်တိုဘာ ၁ ရက်က စတင်ပြီးတော့ စက်တင်ဘာလအတွက် ပံ့ပိုးငွေတွေကို ထုတ်ပေးနေတာဖြစ်ပါတယ်။ ဒါ့ပြင် ရုပ်ရှင်အစည်းအရုံး အလွှာအသီးသီးက အနုပညာရှင်၊ အတတ်ပညာရှင်တွေကိုလဲ အလှူရှင်တွေနဲ့ အစည်းအရုံးရဲ့ ရန်ပုံငွေတွေနဲ့ပေါင်းစပ်တော့ ကိုဗစ်ကာလ တစ်လျှောက်မှာ အခါအားလျော်စွာ ပံ့ပိုးမှုတွေ ပြုလုပ်ခဲ့တာ ဒသမအကြိမ်ထိရှိခဲ့ပါပြီ"ဟု မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြသည်။



ထို့ပြင် မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးက အစည်းအရုံးဝင်များကို ဆန်၊ ဆီ၊ ပဲ၊ ဆား၊ ငါးသေတ္တာ စသည့် စားသောက်ကုန်များ ပံ့ပိုးကူညီခြင်းများဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ASH

# Now You See Me 3 ဇာတ်ကားကို ဒါရိုက်တာ ရူဘင်ဖလိုက်ချာ ရိုက်ကူးမည်

**နယူးယောက် အောက်တိုဘာ ၂**

Lionsgate ရုပ်ရှင်ကုမ္ပဏီ၏ Now You See Me 3 ဇာတ်ကားကို ဒါရိုက်တာ ရူဘင်ဖလိုက်ချာက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၁ ရက်တွင် ရေးသားတင်ပြထားသည်။

Now You See Me 3 ဇာတ်ကားသစ်အတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဆက်ဂရာဟမ်စမစ်က တာဝန်ယူရေးသားပေးထားကြောင်း သိရသည်။

ဒါရိုက်တာ ဖလိုက်ချာသည် Zombieland (2009) ၊ Uncharted ၊ Venom ကဲ့သို့ နာမည်ကျော်ရုပ်ရှင်ဇာတ်ကားများကို ရိုက်ကူးပေးခဲ့သူဖြစ်သည်။

လက်ရှိတွင် Now You See Me 3 ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့် သရုပ်ဆောင်များကို Lionsgate ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Lionsgate ရုပ်ရှင်ကုမ္ပဏီသည် ပထမဆုံး Now You See Me ဇာတ်ကားကို ၂၀၁၃ ခုနှစ်က စတင်ရိုက်ကူးပြသခဲ့ပြီး Now You See Me 2 ကို ၂၀၁၆ ခုနှစ်တွင် ရိုက်ကူးပြသခဲ့သည်။

အဆိုပါ ဇာတ်ကားများသည် မျက်လှည့်ပညာရှင်တစ်စု၏ စွန့်စားခန်းများကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားသည့် ဇာတ်ကားများဖြစ်ကြကြောင်း သိရသည်။ KKO



# သထုံမြို့ သိမ်ကုန်းရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ကျောင်းဝင်းအတွင်း၌ ရှေးဟောင်းအုတ်ခွက်ဘုရားများ တွေ့ရှိ

**သထုံ အောက်တိုဘာ ၂**

မွန်ပြည်နယ် သထုံမြို့ သိမ်ကုန်းရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ကျောင်းဝင်းအတွင်း၌ ကျောင်းဆောင်သစ်ဆောက်လုပ်ရန် မြေသားတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ရာမှ ရှေးဟောင်းအုတ်ခွက်ဘုရားများကို စက်တင်ဘာ ၃၀ ရက်က တွေ့ရှိခဲ့ကြောင်း MKK ဆောက်လုပ်ရေးလုပ်ငန်းမှ မန်နေဂျာ ဦးတိုးမြင့်က ပြောပြ၍ သိရသည်။

မွန်ပြည်နယ် သထုံမြို့ သိမ်ကုန်းရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း ကျောင်းဆောင်သစ်ဆောက်လုပ်ရန် မြေတူးခြင်းလုပ်ငန်းများ ဆောင်ရွက်နေစဉ် အနက် လေးပေခန့်တွင် မုဒြာမျိုးစုံပါဝင်သည့် ရှေးဟောင်းလက်ရာများဟု ယူဆရသော အုတ်ခွက်ဘုရားအဆူ ၂၁၀ ကို တူးဖော်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းက ကျောင်းဆောင်သစ်အတွက် မြေတူးတဲ့လုပ်ငန်းတွေ လုပ်ကိုင်နေတုန်းမှာ အနက် လေးပေလောက်ကနေ အုတ်ခွက်ဘုရားတွေကို တွေ့ရှိခဲ့တာဖြစ်ပါတယ်။ မြို့နယ်အဖွဲ့အစည်း အဆင့်ဆင့်ကိုတော့ အကြောင်းကြားထားပြီးပါပြီ။ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနကိုလဲ သတင်းပို့ထားပါတယ်။ မြို့ခံသမိုင်း သုတေသီတွေကတော့ အေဒီ ခုနှစ် ရာစုလောက်က အုတ်ခွက်ဘုရားတွေဖြစ်တယ်လို့ မှန်းဆထားပါတယ်"ဟု MKK ဆောက်လုပ်ရေးလုပ်ငန်းမှ မန်နေဂျာ ဦးတိုးမြင့်က ပြောပြသည်။

အဆိုပါကျောင်းဝင်းအတွင်း၌ ၁၉၈၂ ခုနှစ်ကလည်း ရှေးဟောင်းအုတ်ခွက်ဘုရား ၁၀၀၀ ကျော်ကို တူးဖော်တွေ့ရှိခဲ့ကြောင်းသိရသည်။

ASH

# YCDC creates public open spaces in Yangon City


An open space for public recreation in Yangon.

**Yangon October 2**

Yangon City Development Committee stated that it searches and creates public open spaces for public recreation in Yangon City.

Public open spaces are created in Yangon City for development of the city and growing of lawns on both sides of roads to ease tension of city dwellers.

In this regard, public open spaces were created at Mingala Kandawgyi and the Mingala Kandawgyi public recreation centre was created on Khayeybin Road between Lower Mingaladon and Danyingon roads in Insein Township.

The old lake was renovated for public recreation. It is more than 57 acres of land. The structure of the lake was built similar to the bund of Inya Lake. Moreover, flowery plants were also grown similar to the bund of Inya Lake.

Khayaybin road was upgraded near the lake, and bike lane was expanded. Moreover, the lake was facilitated with concrete pavements, seats, lampposts, sluice gates and water collecting tanks in addition to three acre of lawns.

Moreover, the bund of the lake is filled with sport equipment for the people to take physical exercises.

Departments concerned under the YCDC are striving for completion of creation facilities for local people from Minagladon, Htaukkyant, Hlegu, North Okkalapa, Mayangon, Insein and Shwepyitha townships.

336

# Highway express bus lines instructed to sell tickets to ID holders only

**Yangon October 2**

The Yangon Region Transport Committee-YRTC stated that highway express bus lines are instructed to sell bus tickets to ID holders only during the Thadingyut holidays and not to rise prices of tickets.

Number of passengers increases at Yangon-based Aungmingala highway bus terminal, Dagon-Ayeya and Dala highway bus terminals during the Thadingyut lighting festival.

At that time, some bus line rise prices of tickets taking advantage for increasing number of passengers because most of the workers working in Yangon take a break of work to return home.

As such, YRTC released disciplines for highway bus lines to safely transport passengers during the period.

Bus lines are instructed not to rise prices of tickets, sell tickets to Citizenship scrutiny card holders and check laggages.

Moreover, passengers are instructed to follow the health protocol of Covid-19 pandemic on their trips due to increasing number of infected patients.

Aungmingala highway bus terminal handles 314 express buses of 115 bus lines to transport some 6,000 passengers on a daily basis and Dagon-Ayeya more than 150 buses of 66 lines to carry 1,500 passengers per day.

336


A highway bus terminal in Yangon.

# Myanmar plans to hold Myanmar Rice Conference 2022 in October

**Yangon October 2**

The Ministry of Commerce and the Myanmar Rice Federation are planning to hold the Myanmar Rice Conference 2022 in October this year and relevant officials are holding discussions regarding the issues of pre-determining the topics to be included in the discussion, which will discuss about Myanmar rice, according to the Myanmar Rice Federation.

The intentions to held Myanmar Rice Conference 2022 were to produce enough high-quality rice locally, to increase the export of high-quality rice abroad, to develop the socio-economic lives of farmers by increasing rice yield and to improve rice milling techniques.

Officials from the Ministry of Commerce and the Myanmar Rice Federation, as well as officials from rice organizations throughout the country, mill owners, rice traders and businessmen will attend the Myanmar Rice Conference 2022 and exchange views on the processes that should be carried out for the development of Myanmar's rice sector.

Moe Yan (Oakkala)

# Hurricane Ian: They stayed for the storm - what happens now?

**Florida October 2**

For Renee Smith and her paralysed, cancer-stricken husband Christopher, evacuation was not an option when Hurricane Ian came violently bearing down on their Florida home.

"It would have taken an ambulance, a stretcher, and three grown men to move him," she said of Christopher, who became paralysed just days before the hurricane as a result of prostate cancer spreading to his spine. "I had no control and it was terrifying."

Without any other choices, Mrs Smith resorted to desperate measures to protect her husband. She used cable ties and gaffer tape to attach a tarpaulin to his hospital bed in a bid to keep him dry and used his wheelchair to barricade the front door from the 150mph (241km/h) winds.

Even that, she feared, may have not been enough.

"I'm his caretaker, so I stayed," she told the BBC from her home in Punta Gorda - one of the Gulf Coast communities hardest hit by the category four storm. "I put a life preserver around his neck, kissed him and told him I loved him."

In Mrs Smith's case, the danger primarily came from the hurricane's ferocious winds. Many others were hit by a powerful storm surge.

Suzie Mack, a Fort Myers resident, told the BBC that her brother's mobile home park saw water as high as 8ft during the storm.

"They got on their air mattresses inside their house, because it was too late to leave, and by the time the surge got to its peak, they had about a foot of air left in their homes," she said. "Nobody died there, but it was a horrific story to hear."

BBC

# Indonesia: At least 125 dead in football stadium crush

**Jakarta October 2**

At least 125 people have died in a crush at an Indonesian football match that has become one of the world's worst stadium disasters.

Hundreds were also hurt in aftermath of home team Arema FC's loss to bitter rivals at the overcrowded stadium late on Saturday in Malang, East Java.

The crush took place after police tear-gassed fans who invaded the pitch.

As panic spread, thousands surged towards Kanjuruhan stadium's exits, where many suffocated.

Fifa, the world's governing football body, states that no "crowd control gas" should be carried or used by stewards or police at matches.

One eyewitness told the BBC that police had fired numerous tear gas rounds "continuously and fast" after the situation with fans became "tense".

Fifa President Gianni Infantino said it was "a dark day for all involved in football and a tragedy beyond comprehension".

Indonesian officials at one stage put the death toll in the disaster as high at 174 people, but this was later revised downwards.

BBC



Damaged police vehicles lay on the pitch inside Kanjuruhan stadium.

# Over US$5.431 billion earned from export of finished industrial goods from 1 April to 16 September


An offshore oil and gas extraction site.

**Nay Pyi Taw October 2**

Myanmar earned more than US$5.431 billion from the export of finished industrial products from 1 April to 16 September in the current fiscal 2022-2023, said U Nanda, director of the Trade Department under the Ministry of Commerce.

Of the amount earned in the period, over US$1.695 billion was earned by the state-owned sector and over US$3.736 billion by the private sector.

"From 1 April to 16 September this fiscal, we earned US$5.431 billion from the export of finished industrial goods including CMP garments. In comparison with the same period of last fiscal, this amount exceeded US$1.504 billion," U Nanda said.

The group of finished industrial goods includes CMP garment and clothing, jewelries, natural gas, sugar and others. Among them, CMP tops, followed by natural gas. In the import sector, import of oil and oil products top, followed by textile. ASH

# New Mingala market construction 66 per cent complete

**Yangon October 2**

Yangon City Development Committee on 23 September stated that a plan is underway to complete construction of new Mingala market in coming April, and its completion at present is 66 per cent.

It is a wholesale centre for distribution of medicines, cosmetics, electronic equipment, textiles, kitchen utensils, household accessories and personal goods to the whole nation. The market is located at the corner of Banyadala and Setyon roads in Mingala Taungnyunt Township of Yangon Region.

The market was destroyed by fire on 9 January 2016. The new building is being built on the place of old Mingala market as of September 2019. The 17-storey building will have more than 5,000 shops with car parks, cinema, restaurants and others.

The market will be facilitated with 21 lifts and a car park will take position on the second floor for 400 cars and the sixth floor 350.

Upon completion, the market will be formed with medicines and medical equipment on the 5th floor, textiles and clothes on the sixth floor, cosmetics on the 7th floor, fancy and textiles on the 8th floor, warehouses on 9th and 10th floors, mini offices on 12th floor, cinemas on 13th floor.

The ground floor will be formed with banks, supermarkets and restaurants. Some 4,000 shoppers from old market will be resettled at the new one.

The Yangon Region Minister for Development Affairs Chairman of Yangon City Development Committee and officials inspected the progress of construction for the new market on 23 September. 336

# Cooperative societies to cultivate 45,855 acres of green grams through the contract farming system

**Pathein October 2**

Cooperative societies will plant more than 45,855 acres of green grams in 22 townships in the Ayeyawady Region through contract farming system in the coming winter, according to U Htay Myint Aung, director of the Ayeyawady Region Cooperative Department.

As for the cooperative societies, the Department of Agriculture will provide 120,000 kyats per acre to plant green grams in the coming winter through the contract farming system. The Department of Agriculture will not give cash to support the cooperative societies, but the pure green gram seeds, fertilizer, pesticides and other agricultural inputs that the farmers of the cooperative society needed, will be purchased from the companies and distributed.

In addition, for the success of agricultural activities, agricultural experts from the Department of Agriculture and input distribution companies will also support farmers with agricultural technologies. It is reported that the Department of Agriculture and the Department of Rural Development are working together to ensure that the cooperative societies can implement the cultivation of green grams acreage through the contract farming system.

Moe Yan (Oakkala)


A green gram plantation.

# Myanmar and India to cooperate in oil crop and seedling technology and research

**Nay Pyi Taw October 2**

Myanmar and India will be cooperating in oil crop and seedling technology and research, said Dr Ye Tin Tun, director general of the Agriculture Department.

Bilateral cooperation involves technologies and research in agriculture, mainly for oil crops including sunflower, beans and pulses and production of quality strains and seeds to ensure sufficiency for both countries.

"Myanmar and India will cooperate in technology and research development in agriculture activities. The Indian government, its private organizations and investors are likely to partner with Myanmar in beans and pulses and oil crops such as sunflower. The purpose is to produce quality strains and seeds for self-sufficiency of both countries," said Dr Ye Tint Tun.

Cooperation will also cover production of value-added foodstuffs based on potato and maize in India as well as research on its fruits.

ASH


A sunflower plantation.

# Large number of travellers flock into villages in Madaya Township from third week of September

**Mandalay October 2**

There have been a large number of travellers paid a visit to the villages in Madaya Township, where village-based tourism has been developed, since the third week of September, according to U Maung Maung Lay, the leader of the Irrawaddy Dolphin Conservation Group.

At present, among the villages that are developing tourism, the most visited by travellers are the villages in Madaya Township, Mandalay Region. It is reported that local travellers are interested in earthenware, pottery, and pagodas made by handicrafts including Myanmar traditions, in these villages.

At present, the number of local travellers visiting Sinkyun, Ayekyun, Mayasun, and Seinpangkon villages in Madaya Township, Mandalay Region was only more than 20 people per day in the first week of September, but since the third week of September, more than 100 local travellers have visited.

There are also locals from the villages in the Madaya Township who take a boat ride in the Ayeyawady River to see the Irrawaddy dolphins.

184

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## Donbass ရီပတ်ပလစ်ကန်များ၊ Kherson နှင့် Zaporozhye တို့ ရုရှားနိုင်ငံသို့ဝင်ရောက်လာမှုကို မော်စကိုက ဆွေးနွေးမည်မဟုတ်



Donbass ရီပတ်ဗလစ်ကန်များ၊ Kherson နှင့် Zaporozhye တို့၏ ရုရှားနိုင်ငံသို့ဝင်ရောက်လာသည့် ရွေးချယ်မှုနှင့်စပ်လျဉ်း၍ မော်စကိုက ဆွေးနွေးမည်မဟုတ်ကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ပြောကြားခဲ့သည်။

မော်စကိုသည် ကိယက်ဗ်နှင့်ဆွေးနွေးရန်အသင့်ရှိကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က Lugansk နှင့် Donetsk People's Republics (LPR နှင့် DPR) အပါအဝင် Kherson နှင့် Zaporozhye နယ်မြေများ ရုရှားနိုင်ငံတွင်ပါဝင်ရေးဆိုင်ရာ သဘောတူစာချုပ်များလက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် ပြောကြားခဲ့သည်။ Kherson နှင့် Zaporozhye နယ်မြေများသည် ယူကရိန်းနိုင်ငံ လက်အောက်မှ လွတ်လပ်ရေးကြေညာပြီး ခွဲထွက်ခဲ့ကာ ရုရှားနိုင်ငံသို့ ပူးပေါင်းခဲ့ခြင်းလည်းဖြစ်သည်။

"Kiev အစိုးရအား ရန်လိုမှုများအားလုံးကို ရပ်တန့်ရန်၊ ၂၀၁၄ ခုနှစ်တွင် စတင်ခဲ့သောစစ်ပွဲကို ရပ်တန့်ရန်နှင့်ညှိနှိုင်းရေးစားပွဲသို့ ပြန်သွားရန် ကျွန်ုပ်တို့တောင်းဆိုပါသည်"ဟု ၎င်းက ထပ်လောင်းပြောကြားပြီး မော်စကိုသည် ရုရှားနိုင်ငံသို့ ပူးပေါင်းလိုသည့် ရုရှား၏သစ္စာခံနယ်မြေများကို သစ္စာဖောက်မည်မဟုတ်ကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ပြောကြားခဲ့သည်။

ပူတင်သည် နယ်မြေလေးခုမှ ပြည်သူများ၏ လွတ်လပ်စွာရွေးချယ်ခွင့်ကို လေးစားစွာဖြင့်ဆက်ဆံရန် ယူကရိန်းနိုင်ငံကို တောင်းဆိုခဲ့သည်။

"လူတွေက သူတို့ရဲ့ရွေးချယ်မှုနဲ့သူတို့ရှိတယ်။ ရှင်းပါတယ်။ ဒါက ငြိမ်းချမ်းရေးအတွက် တစ်ခုတည်းသောနည်းလမ်းပဲ"ဟု ဟု သမ္မတပူတင်က ဆိုသည်။

ရုရှားသည် ရနိုင်သမျှနည်းလမ်းပေါင်းစုံဖြင့် ၎င်း၏နယ်မြေကိုကာကွယ်သွားမည်ဖြစ်ကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က သတိပေးခဲ့ပြီး ၎င်းပြည်သူများ၏ လုံခြုံရေးကိုသေချာစေရန် အရာအားလုံးကို လုပ်ဆောင်မည်ဟုလည်း ထပ်လောင်းသတိပေးခဲ့သည်။

ရုရှားနိုင်ငံနှင့် ပူးပေါင်းထားသော နယ်မြေလေးခုကို ပြန်လည်တည်ဆောက်ရန် ကူညီသွားမည်ဟုလည်း ၎င်းကကတိပြုပြီး အဆိုပါဒေသရှိ ပြည်သူများသည် ရုရှားဒေသအားလုံး၏ပံ့ပိုးမှုကို ခံစားရမည်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

စက်တင်ဘာ ၃၀ ရက်က ကျင်းပပြုလုပ်ခဲ့သော အခမ်းအနားသည် နယ်မြေလေးခုကို ရုရှားနိုင်ငံသို့ ပူးပေါင်းဝင်ရောက်ခြင်း၏ တရားဝင်လုပ်ငန်းစဉ် စတင်ခြင်းဖြစ်သည်။ ပူတင်သည် ပေါင်းစည်းရေးသဘောတူစာချုပ်များကို လက်မှတ်ရေးထိုးပြီးနောက် ၎င်းတို့အား ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးက စစ်ဆေးမည်ဖြစ်ပြီး ရှင်းလင်းပါက ရုရှားပါလီမန်၏လွှတ်တော်နှစ်ရပ်ဖြစ်သည့် State Duma နှင့် Federation Council တို့ထံ အတည်ပြုချက်ပေးပို့မည်ဖြစ်သည်။ ရုရှားလွှတ်တော်အမတ်များသည် ၎င်းကိစ္စကိုဆွေးနွေးရန် လာမည့်သီတင်းပတ်တွင် ခေါ်ယူမည်ဟု မျှော်လင့်ရသည်။

ယူကရိန်းပြည်နယ်အတွင်း Donetsk နှင့် Lugansk ဒေသများကို အထူးအဆင့်အတန်းသတ်မှတ်ပေးရန် ဒီဇိုင်းထုတ်ထားသည့် Minsk သဘောတူညီချက်များကို အကောင်အထည်ဖော်ရန် ပျက်ကွက်သည်ဟု ရုရှားကစွပ်စွဲခဲ့ပြီး Donbass ရီပတ်ဗလစ်ကန်များကို လွတ်လပ်သောနိုင်ငံအဖြစ် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် ရုရှားက အသိအမှတ်ပြုခဲ့သည်။

စက်တင်ဘာ ၂၉ ရက်တွင် သမ္မတပူတင်သည် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် မော်စကိုနှင့်ကိယက်ဗ်တို့ကြား ပဋိပက္ခဖြစ်ပွားပြီးနောက် မကြာမီတွင် ရုရှားတပ်များက သိမ်းပိုက်ခံခဲ့ရသော Kherson နှင့် Zaporozhye ဒေသများ၏ လွတ်လပ်ရေးကို အသိအမှတ်ပြုခဲ့သည်။

**Putin calls on Ukraine to return to negotiations ကို ဘာသာပြန်ဆိုထားပါသည်။**

## ရုရှားဘောလ်တစ်ရေယာဉ်စုက Kaliningrad ဒေသတွင် နည်းဗျူဟာမြောက်စစ်ရေးလေ့ကျင့်မှုများပြုလုပ်

ဘောလ်တစ်ရေယာဉ်စုရှိ ရုရှားကြည်းတပ်တော် လက်အောက်ခံတပ်ရင်းများသည် Kaliningrad ဒေသတွင် တပ်ဖွဲ့ဝင်အင်အား ၁၅၀၀ ကျော်၊ တင့်ကားများ၊ ခြေလျင်တိုက်ခိုက်ရေးယာဉ်များ၊ Grad နှင့် Uragan MLRS နှင့်အခြားစစ်လက်နက်ပစ္စည်းတို့ဖြင့် နည်းဗျူဟာမြောက် တိုက်ရိုက်ပစ်ခတ်စဉ် လေ့ကျင့်ခန်းများ ပြုလုပ်လျက်ရှိကြောင်း ၂၀၂၂ ခုနှစ် စက်တင်ဘာ ၃၀ ရက် Tass သတင်းဌာနမှ ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

အဆိုပါလေ့ကျင့်ခန်းသည် တိုက်စစ်နှင့်ခံစစ်ဆိုင်ရာ လုပ်ဆောင်ချက်များ၊ အဖျက်သမားများကို ပိတ်ဆို့ဖျက်ဆီးခြင်း၊ အမာခံနယ်မြေများ သိမ်းပိုက်ခြင်း၊ မိုင်းကွင်းများနှင့် အခြားအတားအဆီးများကို ကျော်လွှားခြင်း၊ လုံခြုံရေးဆောင်ရွက်မှုများနှင့် မြေပြင်အနေအထားအမျိုးမျိုးတွင် တိုက်ပွဲအတွင်းမှ ဆုတ်ခွာခြင်းတို့ကို လေ့ကျင့်ဆောင်ရွက်ကြခြင်းဖြစ်သည်။

လက်နက်ခဲယမ်းကျည်တောင့် ၃၀၀၀၀ ကျော်၊ လက်ပစ်ဗုံး ၃၀၀၀ ကျော်၊ မိုင်း ၃၀၀၀ ကျော်နှင့်အမြောက်ကျည်များစွာ ပစ်ခတ်မည်ဖြစ်သည်။ ဘောလ်တစ် စစ်ရေယာဉ်စု Baltic Fleet သည် ဘောလ်တစ်ပင်လယ်ရှိ ရုရှားရေတပ်၊ စစ်ရေယာဉ်စုဖြစ်ပြီး Kaliningrad တွင် ဌာနချုပ်၊ Baltiysk (Pillau) တွင် အဓိကအခြေစိုက်စခန်းရှိသည်။ အဆိုပါ ရေတပ်စခန်းနှစ်ခုစလုံးသည် Kaliningrad Oblast တွင်တည်ရှိသည်။ ဖင်လန်ပင်လယ်ကွေ့ Saint Petersburg ရှိ Kronstadt တွင်လည်း နောက်ထပ် အခြေစိုက်စခန်း တစ်ခုရှိသေးသည်။

BM-27 Uragan အတွဲလိုက်ဒုံးပစ်လောင်ချာစနစ်သည် ဆိုဗီယက်ယူနီယံခေတ်တွင် ဒီဇိုင်းထုတ်ထားသည့် မီလီမီတာ ၂၂၀ အတွဲလိုက်ဒုံးပစ်လောင်ချာဖြစ်သည်။ အဆိုပါစနစ်သည် BM-27 Uragan သည် ZIL-135 8×8 အောက်ခံယာဉ်ကိုယ်ထည်၏ အနောက်ဘက်တွင် တပ်ဆင်ထားသော ဒုံးပျံပစ်လွှတ်ပြွန် ၁၆ ခုပါရှိပြီး မီလီမီတာ ၂၂၀ ဒုံးပျံများကို တပ်ဆင်ပစ်လွှတ် နိုင်သည်။ ၎င်းယာဉ်သည် FROG-7 Free Flight Rocket System ဒုံးပျံစနစ်တွင် အသုံးပြုသည့်ယာဉ်နှင့် အတူတူပင်ဖြစ်သည်။



၎င်းတွင် တန်ချိန် ၂၀ စွမ်းအားဖြင့် အမြင့်ဆုံး အလျင်နှုန်း တစ်နာရီလျှင် ၆၅ ကီလိုမီတာထိ မောင်းနှင်နိုင်သော ဓာတ်ဆီအင်ဂျင် နှစ်လုံးရှိသည်။ အင်ဂျင်တစ်လုံးသည် ထရပ်ကား၏ဘယ်ဘက်တွင် ဘီးလေးဘီးကိုမောင်းနှင်ပြီး ကျန်အင်ဂျင်က ညာဘက်တွင် ဘီးလေးဘီးကိုမောင်းနှင်သည်။ ZIL-135 တွင် ရှစ်ဘီးယက်ပါရှိသော်လည်း ရှေ့နှင့်နောက်ဝင်ရိုးတန်း(Axles) များကိုသာ စတီယာရင်အတွက်အသုံးပြုသည်။ အများဆုံးခရီးအကွာအဝေး ကီလိုမီတာ ၅၀၀ ထိ မောင်းနှင်နိုင်ပါသည်။

**Russian Baltic Fleet trains with Grad and Uragan MLRS in Kaliningrad ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းကို ကန်ဒေါ်လာဘီလီယံနှင့်ချီ၍ အကူအညီပေးရေးအစီအစဉ် အမေရိကန်အထက်လွှတ်တော်က အတည်ပြု

ကိယက်ဗ်ကို နောက်ထပ်အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံပေးပို့ရန် ရီပတ်ဗလစ်ကန် နှစ်ဒါဇင်ခန့်က ဒီမိုကရက်များနှင့်အတူ ရပ်တည်ခဲ့ကြပြီး ယူကရိန်းအတွက် နောက်ထပ်စစ်ရေးနှင့် စီးပွားရေးအကူအညီ အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံပါဝင်သည့် ရန်ပုံငွေဥပဒေကြမ်းကို အမေရိကန်အထက်လွှတ်တော်က စက်တင်ဘာ ၂၉ ရက်တွင် အတည်ပြုလိုက်သည်။

ဖေဖော်ဝါရီလကတည်းက အမေရိကန်က ကိယက်ဗ်ကို အမေရိကန်ဒေါ်လာ ၅၅ ဘီလီယံခန့် ခွဲဝေပေးခဲ့ပြီးနောက်ပိုင်း ရီပတ်ဗလစ်ကန် ၂၂ ဦးသည် ၎င်းတို့၏ ဒီမိုကရက် လုပ်ဖော်ကိုင်ဖက်များနှင့် ပူးပေါင်းကာ ဥပဒေကြမ်းကိုအတည်ပြုပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါဥပဒေမူကြမ်းသည် သီတင်းပတ်ကုန်တွင် အစိုးရ၏ပိတ်သိမ်းခြင်း အစီအစဉ် တားဆီးရန်နှင့် ယူကရိန်းစစ်ဘက်နှင့်စီးပွားရေးအတွက် ကြီးမားသောငွေသားလက်ထဲအရောက် ပေးပို့သွားနိုင်ရန်နှင့် ရန်ပုံငွေပံ့ပိုးရန် ရည်ရွယ်ထားမှုထက် နှစ်ဆတိုး တောင်းဆိုခဲ့ခြင်းလည်းဖြစ်သည်။ အစိုးရ၏ ရုံးပိတ်ရက်-Shutdowns ပိတ်သိမ်းခြင်းသည် အမျိုးသားပန်းခြံများနှင့် အဖွဲ့အစည်းများကို ပိတ်ခြင်းအပါအဝင် အစိုးရဝန်ဆောင်မှုများနှင့်အစီအစဉ်များကို အနှောင့်အယှက်ဖြစ်စေသည်။ အထူးသဖြင့် ပြည်ထောင်စုဝန်ထမ်းများ ရှားပါးမှုကြောင့်ဟု သိရသည်။

ယူကရိန်းအစိုးရအတွက် အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ ဘီလီယံ၊ လက်နက်နှင့် စစ်ဘက်ဆိုင်ရာ ကိရိယာများအတွက် အမေရိကန်ဒေါ်လာ ၃ ဘီလီယံနှင့် ယူကရိန်းသို့ပေးပို့ထားပြီးသော အမေရိကန် လက်နက်များပြန်လည်ဖြည့်တင်းရန်နှင့် အမေရိကန်လက်နက်သိုလှောင်ရုံများမှလက်နက်များ ထပ်မံလွှဲပြောင်းခွင့်ပြုရန် နောက်ထပ်ရန်ပုံငွေများ စသည်ဖြင့်သီးခြားစီ ခွဲဝေထားပြီးဖြစ်သည်။

ယူကရိန်းအစိုးရနှင့် လက်နက်ကိုင်တပ်ဖွဲ့များကိုပံ့ပိုးရန် အမေရိကန်ကဖေဖော်ဝါရီကတည်းက အမေရိကန်ဒေါ်လာ ၅၅ ဘီလီယံခန့်သီးသန့်ဖယ်ထားပြီး ထိုအထဲမှ ဇူလိုင်လက ပံ့ပိုးပေးအပ်ခဲ့သော စစ်ရေးနှင့်စီးပွားရေးအကူအညီ အမေရိကန်ဒေါ်လာ ဘီလီယံ ၄၀ အပါအဝင်လည်း ဖြစ်သည်။ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ဥပဒေအဖြစ်လက်မှတ်ရေးထိုးခြင်းမပြုမီ စက်တင်ဘာ ၃၀ ရက်က အောက်လွှတ်တော်တွင် နောက်ဆုံးတင်သွင်းမည့် ဥပဒေကြမ်းကို အတည်ပြုနိုင်ဖွယ်ရှိပြီး အမေရိကန်နိုင်ငံသည် ဗီယက်နမ်စစ်ပွဲပြီးကတည်းက တစ်နှစ်အတွင်း မည်သည့်နိုင်ငံခြားတိုင်းပြည်ကိုမဆို စစ်ရေးအကူအညီများ ပိုမိုပေးအပ်သွားရန် ကတိပြုခဲ့ခြင်းကိုလည်း ညွှန်ပြလျက်ရှိသည်။

အဆိုပါဥပဒေကြမ်းကို ထောက်ခံမဲ ၇၂ မဲ၊ ကန့်ကွက်မဲ ၂၅ မဲဖြင့် အတည်ပြုနိုင်ခဲ့ခြင်းဖြစ်ပြီး အညီအမျှခွဲထားသော အထက်လွှတ်တော်တွင် သေချာစေရန် အတွက် ရီပတ်ဗလစ်ကန်လွှတ်တော်အမတ် ၂၂ ဦးကိုဖြတ်ကျော်၍ အတည်ပြုနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

**US Senate approves massive Ukraine aid package ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ပခုက္ကူမြို့နယ်တွင် ဆောင်းနေကြာစေ့ ၁၅၃၅၀ စိုက်ပျိုးသွားမည်



**ပခုက္ကူ အောက်တိုဘာ ၂**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်တွင် ဒေသတွင်း စားသုံးဆီ ဖူလုံရေးနှင့် အခြားဒေသများသို့ တင်ပို့ ရောင်းချနိုင်ရေးအတွက် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာစေ့ ၁၅၃၅၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပခုက္ကူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆီထွက်သီးနှံနေကြာကို ပခုက္ကူမြို့နယ်အတွင်း ကျေးရွာအုပ်စု ၃၆ အုပ်စုမှ ကျေးရွာ ၉၄ ရွာတွင် စုစုပေါင်း ဆောင်းနေကြာစေ့ ၁၅၃၅၀ စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ပြီး ယခုအခါ ဆောင်းနေကြာစိုက်ပျိုးမည့် တောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနက နေကြာမျိုးစေ့များ ဖြန့်ဝေပေးလျက်ရှိကြောင်း၊ အဆိုပါဆောင်းနေကြာစေ့ ၁၅၃၅၀ စိုက်ပျိုးရာတွင် ဆင်းရှေကြာ(၂) နှင့် ရေဆင်း(၁) နေကြာမျိုးများကို အဓိကထားစိုက်ပျိုးသွားမည့်အပြင် အိန္ဒိယ နေကြာမျိုးသစ်တစ်မျိုးကိုလည်း စမ်းသပ်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပခုက္ကူမြို့နယ်အတွင်းက ကျေးရွာ ၉၄ ရွာမှာ ဆောင်းနေကြာစေ့ ၁၅၃၅၀ စိုက်ပျိုးဖို့ စီစဉ်ထားပါတယ်။ အဓိကအားဖြင့် ကိုင်းကျွန်းတွေ၊ ယာမြေတွေမှာ စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ သက်ဆိုင်ရာဌာနတွေနဲ့ တောင်သူတွေ ပူးပေါင်းပြီးတော့ လျာထားချက် ပြည့်မီအောင် အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ပခုက္ကူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစန်းလွင်က ပြောပြသည်။

ပခုက္ကူမြို့နယ်အတွင်း ဆောင်းသီးနှံနေကြာများ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်စေရန်နှင့် တစ်ဧကအထွက်နှုန်း ကောင်းမွန်စေရန် ပခုက္ကူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နေကြာစိုက်တောင်သူများကို လိုအပ်သောနေကြာမျိုးစေ့များဖြန့်ဝေပေးခြင်း၊ ယူရီးယားဓာတ်မြေဩဇာများကို ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချပေးခြင်းနှင့် စိုက်ပျိုးနည်းပညာများပံ့ပိုးကူညီခြင်းတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပခုက္ကူမြို့နယ်အတွင်း ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် နေကြာ ၈၂ ဧကသာ စိုက်ပျိုးခဲ့သော်လည်း ဆောင်းနေကြာကို ဧက ၁၅၃၅၀ ထိ လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပခုက္ကူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မိုးယံ(ဥက္ကလာ)**

# ကွမ်းလုံမြို့နယ်တွင် ကျေးလက်လမ်းတံတားလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ကွမ်းလုံ အောက်တိုဘာ ၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးခရိုင် ကွမ်းလုံမြို့နယ်တွင် ကျေးလက်လမ်းတံတားလုပ်ငန်းများ ဆောင်ရွက်နေမှုကို အောက်တိုဘာ ၁ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန တွဲဖက်ပြည်နယ်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်းနှင့် တာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု၊ ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၄၄၂ ဒသမ ၅၀၇ သန်းဖြင့် ကွမ်းလုံမြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကုမ္ပဏီများက ဆောင်ရွက်သည့် ကွန်ကရစ်လမ်းခင်းခြင်း၊ မြေသားလမ်းဖောက်လုပ်ခြင်း ဆောင်ရွက်နေမှုများကိုစစ်ဆေးကြပြီး တွဲဖက်ပြည်နယ်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်းက လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင်ဆောင်ရွက်ရန် တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။

ကွမ်းလုံမြို့နယ်အတွင်းရှိ ကွမ်းလုံ-မန်ပြိန်း-ဝဆုတ်-ပန်တန်လမ်း ကွန်ကရစ်လမ်းခင်းခြင်းသည် အရှည် ၄ ဒသမ ၄၈ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ခုနစ်လက်မရှိပြီး ပြီးစီးမှုမှာ ၉၆ ရာခိုင်နှုန်း၊ တံတားဦး-ကောင်းဟုန်း-ပန်လွေးလမ်း မြေသားလမ်းဖောက်လုပ်ခြင်းသည် အရှည် တစ်မိုင် ၅ ဖာလုံ၊ အကျယ် ၁၈ ပေ၊ အမြင့် လေးလက်မရှိပြီး ပြီးစီးမှုမှာ ၂၇ ရာခိုင်နှုန်း၊ ဟိုလီ-ပန်ကျ-တပ်တူ လမ်းကွန်ကရစ်ခင်းခြင်းသည် အရှည် ၄ ဒသမ ၆၃ ဖာလုံ၊ အကျယ် ၁၂ပေ၊ အမြင့် ခုနစ်လက်မရှိပြီး ပြီးစီးမှုမှာ ၃၅ ရာခိုင်နှုန်း၊ ရွာသစ်-ကောင်းဝိုင်-မတ်ခံ-မာန်ကောင်း လမ်းမြေသား လမ်းဖောက်လုပ်ခြင်းသည် အရှည် ၃ ဒသမ ၄ ဖာလုံ၊ အကျယ် ၁၈ ပေ၊ အမြင့် လေးလက်မနှင့် Box Culvert သုံးစင်းတည်ဆောက်ခြင်းပြီးစီးမှုမှာ ၅၂ ရာခိုင်နှုန်းဖြစ်ကြောင်း၊ အဆိုပါလမ်း၊ တံတားလုပ်ငန်းများကို ယခုနှစ် ဇွန်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ရာနှုန်းပြည့်ပြီးစီးပါက ကျေးရွာ ၃၂ ရွာမှ လူဦးရေ ၁၃၃၆၈ ဦးအတွက် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် အကျိုးပြုစေမည်ဖြစ်ကြောင်း ကွမ်းလုံမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။



**ကျော်ဇောဦး(မောရှမ်းမြေ)**

# ဟိုပုန်းမြို့နယ် နောင်ယာဆိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဟိုပုန်း အောက်တိုဘာ ၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) ဟိုပုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နောင်ယာဆိုင်းကျေးရွာရှိ နေကြာအပါအဝင် အခြားဆီထွက်သီးနှံများ စိုက်ပျိုးသည့် တောင်သူများလိုအပ်လျက်ရှိသည့် မျိုးစေ့၊ သွင်းအားစုနှင့် စိုက်ပျိုးစရိတ်များ ဝယ်ယူသုံးစွဲနိုင်ရန် အတိုးနှုန်းသက်သာစွာချေးငွေများပံ့ပိုးပေးနိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၁ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ရှမ်းပြည်နယ် (တောင်ပိုင်း)ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဝင်းက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်အသင်းသူ၊ အသင်းသားများ၊ ကျေးရွာစီမံကိန်းလုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးချိုနိုင်ထွန်းက နေကြာအပါအဝင် ဆီထွက်သီးနှံစိုက်ပျိုးရာတွင် မျိုးကောင်းမျိုးသန့်များ ရရှိစေပြီး အထွက်နှုန်းတိုးတက်စေရန်၊ ဆီထွက်သီးနှံစိုက်ပျိုးရာတွင် လိုက်နာရမည့် ဆောင်ရန်၊ ရှောင်ရန်များ၊ စံပြစိုက်ကွက်များ စိုက်ပျိုးပေးမည့်အခြေအနေနှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက နောင်ယာဆိုင်းကျေးရွာကော်မတီဝင်များထံ စီမံကိန်းရန်ပုံငွေကျပ်သိန်း ၂၀၀ ကို လွှဲပြောင်းပေးအပ်ပြီး ကျေးရွာရှိ အသင်းသူ၊ အသင်းသား ဦးရေ ၄၀ တို့ကို မြစိမ်းရောင်ကျေးရွာစီမံကိန်းလည်ပတ်ရန်ပုံငွေကျပ် ၁၉၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်နိုင်**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၂-၁၀-၂၀၂၂**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၄၅၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၃၀၆၀၀၀ |
| **(ဓွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧည့်ဂီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၈၃၅/၅၈၅၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၅၁၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၆၉၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၁၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၀၉၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၁၁၀ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ဌာနများရှိ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန(အထက်မြန်မာပြည်)၏ မိုးလေဝသရေဒါစခန်း၊ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ရတနာပုံသင်္ဘောကျင်းတို့ကို ကြည့်ရှုစစ်ဆေး



**နေပြည်တော် အောက်တိုဘာ ၂**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် အောက်တိုဘာ ၁ ရက်တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန (အထက်မြန်မာပြည်)၏ မိုးလေဝသရေဒါစခန်း၊ မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး လက်အောက်ရှိ ရတနာပုံသင်္ဘောကျင်းတို့ကိုသွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ကြေးနီကန်ကျေးရွာအနီးတွင်တည်ရှိသော မိုးလေဝသရေဒါစခန်းသို့ရောက်ရှိရာ တာဝန်ရှိသူများက ကြိုဆိုခဲ့ကြသည်။ ထို့နောက် ရှင်းလင်းခန်းမတွင် ရေဒါစခန်းတာဝန်ခံက လုပ်ငန်းများလည်ပတ်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက သိရှိလိုသည်များ မေးမြန်းဆွေးနွေးပြီး Radar ၏ စွမ်းဆောင်နိုင်မှု စွမ်းအားပြည့်ရရှိရေးအတွက် သတ်မှတ်ထားသော အပတ်စဉ်၊ လစဉ် စသည်ဖြင့် စစ်ဆေးသွားရမည့်လုပ်ငန်းများကို မပျက်မကွက် ပုံမှန်စစ်ဆေး ဆောင်ရွက်သွားရေးနှင့် စစ်ဆေးမှုမှတ်တမ်းများ စနစ်တကျထားရှိရေး၊ စက်ပစ္စည်းချို့ယွင်းမှုရှိပါက အချိန်နှင့်တစ်ပြေးညီ ပြုပြင်နိုင်ရေးအတွက် ဆောင်ရွက်သွားရေးတို့ကို မှာကြားကာ ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ရေဒါ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် ဝန်ထမ်းအိမ်ရာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရေဒါစခန်းဝင်းအတွင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်မှုရှိစေရေး ပုံမှန်ဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိရာ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများကကြိုဆိုကြပြီး မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ် ရှင်းလင်းခန်းမဆောင်တွင် ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လေဆိပ်တာဝန်ခံနှင့် မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် လေဆိပ်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော လေကြောင်းရဲတပ်ဖွဲ့၊ လူဝင်မှုကြီးကြပ်ရေး၊ အကောက်ခွန်နှင့် ကျန်းမာရေးဌာနတို့မှ တာဝန်ရှိသူများက လက်ရှိဆောင်ရွက်လျက်ရှိသော လေဆိပ်လုပ်ငန်းများနှင့်ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် လေဆိပ်အဆောက်အအုံအတွင်းရှိ ခရီးသည်များ ဆိုက်ရောက်၊ ထွက်ခွာနေမှုအခြေအနေများ၊ ပြည်တွင်း၊ပြည်ပ လေယာဉ်ခရီးစဉ်များအတွက် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကြိုတင်ကာကွယ်ရေးဆောင်ရွက်နေမှုအခြေအနေများ၊ (Airport Surveillance Radar-ASR) ရေဒါတပ်ဆင်နိုင်ရေးအတွက် လက်ရှိဆောင်ရွက်ထားမှုအခြေအနေများ၊ လက်ရှိအသုံးပြုလျက်ရှိသော ရေဒါအမှတ်(၂)နှင့် လေကြောင်းထိန်းမျှော်စင်တွင် တာဝန်ထမ်းဆောင်လျက်ရှိသောဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သည်များမှာကြားကာ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများကို စားသောက်ဖွယ်ရာများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရတနာပုံသင်္ဘောကျင်းသို့ရောက်ရှိရာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အထွေထွေမန်နေဂျာနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး အစည်းအဝေးခန်းမတွင် ရတနာပုံသင်္ဘောကျင်း အင်ဂျင်နီယာမှူးကြီးက ရေယာဉ်များ လွန်းတင်ပြင်ဆင်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားကာ ဝန်ထမ်းများကို စားသောက်ဖွယ်ရာများ ပေးအပ်ပြီး ရတနာပုံသင်္ဘောကျင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၂၀၂၂ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့အခမ်းအနားကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂**

ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)အဖွဲ့ဝင် နိုင်ငံများ၌ နှစ်စဉ်ကျင်းပသည့် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အခမ်းအနားကို အောက်တိုဘာ ၁၆ ရက်တွင် "ထွက်ကုန် မြှင့်တင်တိုးထုတ်လျှင်၊ ကောင်းမွန်ပြည့်ဝ အာဟာရ၊ ဝန်းကျင်လှပတို့ဘဝ၊ လူတိုင်းစေ့ငှရရှိကြ" ဟူသော ဆောင်ပုဒ်နှင့်အညီ နေပြည်တော်၌ ကျင်းပမည်ဖြစ်ပြီး အဆိုပါအခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ဇေယျာသီရိမြို့နယ် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားကျင်းပရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် အခမ်းအနားကျင်းပရေးလုပ်ငန်းအဖွဲ့များမှတာဝန်ရှိသူများ တက်ရောက်ကြသည်။



၂၀၂၂ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အခမ်းအနား ကျင်းပရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပစဉ်။

အစည်းအဝေးတွင် ၂၀၂၂ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အခမ်းအနားကျင်းပရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီးက ကမ္ဘာ့နိုင်ငံအသီးသီးတွင် နှစ်စဉ် အောက်တိုဘာ ၁၆ ရက်ကျရောက်တိုင်း လူသားတို့အတွက် စားနပ်ရိက္ခာ၏အရေးပါမှုကို သတိမူမိကြစေရန် "ကမ္ဘာ့စားနပ်ရိက္ခာနေ့ (World Food Day)" အဖြစ် သတ်မှတ်ကျင်းပကြခဲ့ရာ ယခုနှစ်တွင် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO) ဖွဲ့စည်းတည်ထောင်ခဲ့သည့် အထိမ်းအမှတ်နှင့် ကမ္ဘာ့စားနပ်ရိက္ခာနေ့ကျင်းပမှု (၄၂) နှစ်မြောက်ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့စားနပ်ရိက္ခာနေ့အခမ်းအနားကျင်းပရာတွင် နှစ်စဉ်ပါဝင်ဆောင်ရွက်ခဲ့ကြောင်း၊ ယခုနှစ်ကျင်းပမည့် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အခမ်းအနားတွင် မိမိတို့နိုင်ငံ၏ လယ်ယာကဏ္ဍထုတ်လုပ်မှုတိုးမြှင့်ရေး အလေးထားဆောင်ရွက်နေမှု၊ ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေးသာမက ဒေသတွင်းနှင့်နိုင်ငံတကာ၏ စားနပ်ရိက္ခာ တိုးတက်ထုတ်လုပ်ရေး လုပ်ငန်းများကို ပြည်တွင်းပြည်ပမိတ်ဖက်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကများ၊ တောင်သူများ အားလုံးတို့နှင့် ပူးပေါင်းဆောင်ရွက်နေမှုနှင့် စားနပ်ရိက္ခာလုံခြုံရေးအပြင် လယ်ယာကဏ္ဍမှ နိုင်ငံစီးပွားဖွံ့ဖြိုးမှုကို အထောက်အပံ့ပြုနိုင်မှုကို ထုတ်ဖော်ပြသနိုင်သော အနှစ်သာရပြည့်ဝသည့်အခမ်းအနားတစ်ခုအဖြစ် ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် ကြိုးပမ်းဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားသည်။

ထို့နောက် ၂၀၂၂ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့အခမ်းအနားကျင်းပရေး ဗဟိုအဖွဲ့ဝင်များနှင့် လုပ်ငန်းကော်မတီအသီးသီးမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက်ရှင်းလင်းတင်ပြကြရာ အစည်းအဝေးတက်ရောက်လာကြသူများက လုပ်ငန်းစဉ်တစ်ခုချင်းအလိုက် ဆွေးနွေးဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လားရှိုးမြို့တွင် (၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနား ကျင်းပ

**လားရှိုး အောက်တိုဘာ ၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် (၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားကို ရှမ်းပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူးရုံး(လားရှိုး) ရဲရန်အောင်ခန်းမတွင် အောက်တိုဘာ ၁ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ (၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ထံမှ ပေးပို့သောသဝဏ်လွှာကို ရှမ်းပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူး (လားရှိုး) ရဲမှူးကြီးအောင်မြင့်နိုင်က ဖတ်ကြားသည်။

ထို့နောက် ရဲမှူးကြီးအောင်မြင့်နိုင်နှင့် တာဝန်ရှိသူများက မှုခင်းဖော်ထုတ်ဖမ်းဆီးရာတွင် ထူးချွန်စွာ တာဝန်ထမ်းဆောင်ခဲ့သည့် ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရရှိသူများ၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျဆင်းရေးလုပ်ငန်းများတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်အတူ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သူများကို ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပြီး ရဲတပ်ဖွဲ့နေ့အထိမ်းအမှတ်Video Clip ကိုပြသသည်။

ဆက်လက်၍ အခမ်းအနားဒုတိယပိုင်းအစီအစဉ်အဖြစ် နေအိမ်လိုင်းခန်းသန့်ရှင်းရေးဆုရရှိသည့် ရဲတပ်ဖွဲ့ဝင်မိသားစုများ၊ သင်တန်းများတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ရဲတပ်ဖွဲ့ဝင်များကို ရဲမှူးကြီးအောင်မြင့်နိုင်နှင့် တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **ကျော်စောဦး(မောရှမ်းမြေ)**



# ကျိုင်းတုံမြို့ ရပ်တော်မူဘုရားကြီး၌ ဌာနဆိုင်ရာပေါင်းစုံ စုပေါင်း၍ သံဃာတော်များကို ဆွမ်းဆန်တော်လောင်းလှူ

**နေပြည်တော် အောက်တိုဘာ ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ရပ်တော်မူဘုရားကြီး၌ ဌာနဆိုင်ရာပေါင်းစုံ စုပေါင်း၍ သံဃာတော်များအား ဆွမ်းဆန်တော်လောင်းလှူခြင်းကို အောက်တိုဘာ ၁ ရက် နံနက်ပိုင်းတွင် အဆိုပါဘုရားကြီး၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံတိုင်းရင်းသားပြည်သူများက ကျိုင်းတုံမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ၄၁ ကျောင်းမှ သံဃာတော် ၂၇၈ ပါးနှင့် သာသနာ့နွယ်ဝင်သီလရှင် ၂၉ ပါးတို့ကို ဆွမ်းဆန်တော်၊ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ လောင်းလှူကြသည်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံတိုင်းရင်းသားပြည်သူများက သံဃာတော်များကို ဆွမ်းဆန်တော်၊ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ လောင်းလှူကြစဉ်။

ထို့နောက် အဆိုပါဘုရားကြီး၌ ဝါတွင်းကာလ ဆွမ်းဆန်တော်လောင်းလှူပွဲ ပိတ်ပွဲနှင့် ရေစက်ချပွဲကို ဆက်လက်ပြုလုပ်ရာ ဆောက်တည်ကြပြီး သံဃာတော်များကို တိုင်းမှူးနှင့် တက်ရောက်လာကြသူများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သံသရာအေးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကောသလ္လထံမှ ငါးပါးသီလခံယူ ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သတင်းရရှိသည်။

# ရေဘုတ်ရေလှောင်တမံမှ မိုးစပါးစိုက်ဧက ၁၁၉၂ ဧကအတွက် စိုက်ပျိုးရေပေးဝေလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂**

လှိုင်းဘွဲ့မြို့နယ်ရှိ ရေဘုတ်ရေလှောင်တမံသည် စိစစ်စပါးစိုက်ဧက ၁၅၅၀ ရှိပြီး လက်ရှိတွင် မိုးစပါးစိုက်ဧက ၁၁၉၂ ဧကအတွက်စိုက်ပျိုးရေပေးဝေလျက်ရှိကြောင်း၊ ပြီးခဲ့သည့် ၂၀၂၀-၂၀၂၁ ခုနှစ်က မိုးစပါး၊ နွေစပါး(သီးထပ်)နှင့် ဆောင်းသီးနှံများအတွက် စိုက်ပျိုးရေပေးဝေနိုင်ခဲ့ကြောင်း မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ရေလှောင်တမံမှ စိုက်ပျိုးရေပေးဝေရာတွင် တူးမြောင်းမကြီးတစ်ခု၊ လက်တံမြောင်းခြောက်ခုနှင့် တိုက်ရိုက်ရေပေးမြောင်း ၂၁ ခုမှ ရေပေးဝေလျက်ရှိကြောင်း၊ လှိုင်းဘွဲ့မြို့နယ်တွင်ရှိသည့် ထီးလုံ၊ တပုထို၊ သမ္ဘာန်၊ နောင်သင့် စသည့်ကျေးရွာအုပ်စုများနှင့် ကျေးရွာ ခြောက်ရွာတွင်ရှိသည့် စိုက်ပျိုးမြေများကို အဓိကရေပေးဝေလျက်ရှိကြောင်း၊ ယခု မိုးစပါးစိုက်ချိန်ဖြစ်သည့်အတွက် တောင်သူများ စိုက်ပျိုးရေလိုအပ်မှုမရှိစေရန် ပေးဝေလျက်ရှိကြောင်း လှိုင်းဘွဲ့မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ခိုင်စိုးက ပြောပြသည်။

ရေဘုတ်ရေလှောင်တမံသည် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် တည်ရှိပြီး တမံအလျားပေ ၁၇၇၂၀၊ တမံအမြင့် ၄၆ ပေ၊ ကန်ရေပြည့်ရေလှောင်ပမာဏ ၂၈၇၇၄ ဧကပေနှင့် ရေဆင်းဧရိယာ ၁၆ ဒသမ ၂၇ စတုရန်းမိုင်ရှိကာ ထီးလုံကျေးရွာအနီးရှိ ရေဘုတ်ချောင်းနှင့် ကစိုင်းချောင်းတို့ကို ပိတ်၍ တည်ဆောက်ထားခြင်းဖြစ်သည်။ ရေဘုတ်ရေလှောင်တမံကို ၂၀၀၅-၂၀၀၆ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး တည်ဆောက်ပြီးစီးချိန် ၂၀၁၃-၂၀၁၄ ခုနှစ်မှစတင်ကာ ဒေသစိုက်ပျိုးရေးအတွက် ဆည်ရေပေးဝေလျက်ရှိသည်။

ရေဘုတ်ရေလှောင်တမံ ရေသောက်စနစ်အတွင်းရှိ တောင်သူများကိုယ်တိုင်ပါဝင်သည့် ရေအသုံးချသူများအဖွဲ့(Water User Group-WUG) ၁၂ ဖွဲ့ ဖွဲ့စည်းထားရှိပြီး ယင်းအဖွဲ့များနှင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့ပူးပေါင်းကာ ဆည်ရေသုံးစွဲမှုစနစ်တကျခွဲဝေသုံးစွဲရေး၊ ဆည်ရေရယူရာတွင် အငြင်းပွားမှုပြဿနာများကို စုပေါင်းညှိနှိုင်းဖြေရှင်းခြင်း၊ လယ်ကြားမြောင်းများ၊ ရေမြောင်းများကို စနစ်တကျတူးဖော်ခြင်း၊ ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ခိုင်စိုးက ပြောပြသည်။

ထို့ပြင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနသည် သက်ဆိုင်ရာဦးစီးဌာနများနှင့်ပူးပေါင်း၍ ပြည်နယ်အတွင်း တောင်သူများ၏ လူနေမှုဘဝတိုးတက်မြင့်မားရေးအတွက် တစ်သီးစားမှ နှစ်သီးစား၊ သုံးသီးစားထိ တိုးမြှင့်စိုက်ပျိုးနိုင်ရေးကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်တစ်ဦးကို ၎င်း၏မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်



တာဝန်ရှိသူတစ်ဦးက ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော အေးသာယာမြို့မှ PDF အဖွဲ့ဝင်တစ်ဦးကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်း၏မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံစဉ်။

**နေပြည်တော် အောက်တိုဘာ ၂**

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်းဝင်ရောက်လာသော PDF အဖွဲ့ဝင်များကို ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်းတို့၏မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ယနေ့နေ့လယ်ပိုင်းတွင်လည်း ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် အေးသာယာမြို့ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ ပြန်လည်ကြိုဆိုလက်ခံခြင်းအခမ်းအနားကို ပြုလုပ်ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တောင်ကြီးတပ်နယ်မှ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူနှင့် ၎င်း၏မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာ ပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော အေးသာယာမြို့မှ PDF အဖွဲ့ဝင် အမျိုးသား တစ်ဦးကို ဝန်ခံကတိ လက်မှတ်ရေးထိုးစေကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီး ၎င်း၏မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးကြသည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သတင်းရရှိသည်။

☆ ကျောဖုံးမှဆက်

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ပဲခူးမြို့နယ် ဘုရားကြီးမြို့ အနောက်ပိုင်းရပ်ကွက် အမှတ်(၂၉)ရှိ ဦးအေးဝင်း၏ သံရည်ကျိုပုံလောင်းလုပ်ငန်းသို့ သွားရောက်ကြည့်ရှုအားပေးစဉ် ထိုသို့သိရှိရခြင်းဖြစ်သည်။

ထိုသို့ကြည့်ရှုအားပေးစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များနှင့်အညီ မိမိတို့တိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကိုမြှင့်တင်ပေးရန်လာရောက်ရခြင်းဖြစ်ပြီး ကုန်ကြမ်းရရှိမှုပေါ် မူတည်လုပ်ကိုင်နေရသည်ကို သိရှိရ၍ ကုန်ကြမ်းများ ဈေးနှုန်းသက်သာစွာဖြင့် လွယ်ကူစွာရရှိနိုင်ရေး၊ အချို့ကုန်ချောများသည် စင်ကာပူနိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့သို့ လစဉ်တင်ပို့ပေးနေရသော်လည်း တစ်ဆင့်ခံဖြစ်နေသဖြင့် ထိုက်သင့်သည့်ဈေးနှုန်းမရရှိ၍ တိုက်ရိုက်ချိတ်ဆက်ပြီး ခိုင်မာသည့်ပြည်ပဈေးကွက်ရရှိစေရေး၊ လုပ်ငန်းတိုးချဲ့နိုင်ရန် မြေနေရာရရှိရေးနှင့် လုပ်ငန်းချိန်အတွင်း လျှပ်စစ်မီးအပြည့်အဝရရှိရေး သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါသံရည်ကျိုလုပ်ငန်းသည် ၂၀၁၃ ခုနှစ်တွင် နိုင်ငံတော်အဆင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်ဆုနှင့် ၂၀၁၈ ခုနှစ်တွင် ဒေသဆိုင်ရာ ထုတ်ကုန်အမျိုးအစားတွင် ဒုတိယဆုရရှိထားပြီး လက်ရှိတွင် မီးဖိုချောင်သုံးပစ္စည်းများ၊ မီးဖိုသံဆန်ခါများ၊ လျှပ်စစ်သံခွေများ၊ ငရုတ်ဆုံများ၊ စက်သီးဘီးများ၊ ချိန်ခွင်အလေးများ၊ သံကြွပ်ဒယ်အိုးများ၊ သံကြွပ်သံပန်းပုံစံအမျိုး ၁၀၀ ကျော်၊ ဆားဗစ်ကန်အဖုံးများ၊ လေဂေါက်များ၊ သဲစုပ်ပန့်၊ ကျောက်စုပ်ပန့်၊ ရွှေစုပ်ပန့်အမျိုးမျိုး၊ သံကျင်တွယ်အမျိုးမျိုး၊ သံနန်းစွဲခြင်း၊ သံတံခါးသုံး ဖလပ်ပြားအမျိုးမျိုး၊ ဓားသံ၊ တံစဉ်ကြိတ်ပြားများ၊ ရိတ်သိမ်းခြွေလှေ့စက်သွားများ၊ အပ်ချုပ်စက်ခြေထောက်များ၊ တရုတ်သွင်းကုန်အစားထိုး မီးသတ်ပိုက်ခေါင်းအထိုင်များကို ပြည်တွင်းအသုံးပြုရန်သာမက ပြည်ပပို့ကုန်အဖြစ် ထုတ်လုပ်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အောက်တိုဘာ ၂ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် ၂၇၅ ဦးတွေ့ရှိ

**နေပြည်တော် အောက်တိုဘာ ၂**

အောက်တိုဘာ ၁ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၁၀၁၉၂ ခုကိုစစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၇၅ ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေး ဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၂၃၉၁၄ ဦး |
| သေဆုံးသူ | ၁၉၄၆၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၅၉၈၅၀၆ ဦး |

# NUG အဖွဲ့ကို အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ရသည့်အကြောင်းရင်း



PDF အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် ဓာတ်အားပေးတာဝါတိုင် အမှတ် ၁၃၀ ပျက်စီးနေမှုမှတ်တမ်းဓာတ်ပုံ။

မကြာသေးခင်ကပဲ စာရေးသူအနေနဲ့ အကြမ်းဖက်ဝါဒနဲ့ပတ်သက်တဲ့ စာတမ်းဖတ်ပွဲတစ်ခုတက်ရောက်ရင်းရရှိလာတဲ့ ဗဟုသုတနဲ့ အချက်အလက်တွေအရ မြန်မာနိုင်ငံမှာဖြစ်ပွားနေတဲ့ အကြမ်းဖက်မှုတွေနဲ့ ပတ်သက်လို့ဆွေးနွေးစရာလေးတွေရှိလာပြန်ပါတယ်။ ကမ္ဘာပေါ်မှာ အကြမ်းဖက်လုပ်ရပ်လို့ သတ်မှတ်နိုင်တဲ့ ဖြစ်စဉ်ဖြစ်ရပ်တွေ မြောက်မြားစွာရှိနေသလို အကြမ်းဖက်တိုက်ခိုက်တဲ့ နည်းလမ်းတွေ၊ အကြမ်းဖက်တိုက်ခိုက်ရတဲ့ အကြောင်းအရင်းတွေက အချိန်နဲ့အမျှပြောင်းလဲနေပါတယ်။

အကြမ်းဖက်ဝါဒ (Terrorism) နဲ့ ပတ်သက်ပြီး ကမ္ဘာ့နိုင်ငံအားလုံးက တညီတညွတ်တည်း လက်ခံထားတဲ့ တိကျတဲ့တရားဝင်အဓိပ္ပာယ်ဖွင့်ဆိုချက်မရှိသေးဘူးလို့ဆိုကြပါတယ်။ ဒီလိုမရှိရတဲ့ အကြောင်းရင်းကတော့ အကြမ်းဖက်ဝါဒနဲ့ အကြမ်းဖက်လုပ်ရပ်တွေဟာ အခြားသော နိုင်ငံရေးအရဖြစ်တဲ့ သွေးထွက်သံယိုမှုတွေ၊ ရာဇဝတ်မှုတွေ၊ လက်နက်ကိုင်ပဋိပက္ခတွေနဲ့ ဆက်စပ်နေတာကြောင့် တိတိပပအဓိပ္ပာယ်ဖွင့်ဆိုဖို့ ခက်ခဲနေတာဖြစ်ပါတယ်။

ဒါကြောင့်လည်း မြန်မာနိုင်ငံမှာလက်နက်ဆိုလို့ အပ်တိုတစ်ချောင်းတောင်မရှိတဲ့ အရပ်သားတွေကို ပစ်မှတ်ထားပြီး အကြမ်းဖက်မှုတွေ ပြောင်ပြောင်တင်းတင်းကျူးလွန်နေကြတဲ့ CRPH၊ NUG၊ PDF အဖွဲ့တွေကို အကြမ်းဖက်အဖွဲ့အစည်းတွေအဖြစ် တရားဝင်သတ်မှတ်ဖို့ နိုင်ငံတကာမှာ နိုင်ငံရေးအရ အငြင်းပွားမှုတွေရှိနေတာကို တွေ့နေရပါတယ်။ အထူးသဖြင့် **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရက တည်ဆဲဥပဒေများအရ အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ထားတဲ့ CRPH၊ NUG၊ PDF အဖွဲ့တွေကို အချို့သောနိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ လူပုဂ္ဂိုလ်များက နိုင်ငံရေးအကြောင်းပြချက်နဲ့ ထိတွေ့ဆက်ဆံမှုပြုလုပ်နေတာ ကြားသိနေရပါတယ်။ အမှန်စင်စစ် NUG အဖွဲ့ဟာ နိုင်ငံရေးအကျပ်အတည်းကြောင့် ပေါ်ပေါက်လာတဲ့ အဖွဲ့အစည်းတစ်ရပ်အသွင် လှုပ်ရှားနေပေမယ့် သူတို့အဖွဲ့ရဲ့ ဦးတည်ချက်နဲ့ လှုပ်ရှားမှုများဟာ ကမ္ဘာ့နိုင်ငံအားလုံးက လက်ခံထားတဲ့ အကြမ်းဖက်ဝါဒအဓိပ္ပာယ်ဖွင့်ဆိုချက်တွေနဲ့သာမက သဘောတူသတ်မှတ်ထားတဲ့ အကြမ်းဖက်လုပ်ရပ်ပုံသဏ္ဍာန်များအတိုင်း လုပ်ဆောင်နေတယ်ဆိုတာ ငြင်းမရနိုင်တဲ့ သက်သေအထောက်အထားများစွာ ရှိနေပါတယ်။**

ဒါကြောင့် ဒီဆောင်းပါးမှာတော့ CRPH၊ NUG၊ PDF တွေကို အကြမ်းဖက်အဖွဲ့အစည်းတွေအဖြစ် ဘာကြောင့်သတ်မှတ်ရသလဲ၊ NUG ကျင့်သုံးနေတဲ့ အကြမ်းဖက်ဝါဒပုံစံက ဘယ်လိုမျိုးလဲဆိုတာကို နိုင်ငံတကာအဓိပ္ပာယ်ဖွင့်ဆိုချက်တွေ စံသတ်မှတ်ချက်တွေနဲ့ ၎င်းတို့ရဲ့ လက်တွေ့မြေပြင်ကလုပ်ရပ်တွေကို ချိန်ထိုးဖော်ထုတ်သုံးသပ်ပြသွားမှာဖြစ်ပါတယ်။

### အကြမ်းဖက်ဝါဒ(Terrorism)၏အဓိပ္ပာယ်

Oxford အဘိဓာန်မှာတော့ အကြမ်းဖက်ဝါဒ (Terrorism) ဆိုတာ "နိုင်ငံရေးရည်မှန်းချက်တွေကို အကောင်အထည်ဖော်ဖို့အတွက် အရပ်သားတွေအပေါ်မှာ သွေးထွက်သံယိုမှုတွေနဲ့ ခြိမ်းခြောက်မှုတွေကို ဥပဒေမဲ့ကျူးလွန်ခြင်း" (the unlawful use of violence and intimidation, especially against civilians, in the pursuit of political aims) လို့ အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ ဒီအဓိပ္ပာယ်ဖွင့်ဆိုချက်က အကြမ်းဖက်ဝါဒနဲ့ အကြမ်းဖက်လုပ်ရပ်တွေကို လွယ်လွယ်ကူကူနဲ့ ရှင်းရှင်းလင်းလင်းထင်ဟပ်စေတဲ့ အဓိပ္ပာယ်ဖွင့်ဆို ချက်လို့ပြောလို့ရပါတယ်။ ၁၉၉၄ ခုနှစ် ဒီဇင်ဘာ ၉ ရက်ကထုတ်ပြန်တဲ့ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ အထွေထွေညီလာခံဆုံးဖြတ်ချက် (၄၉/၆၀) မှာ အကြမ်းဖက်ဝါဒ၊ လုပ်ရပ်တွေနဲ့ ပတ်သက်ပြီးဖော်ပြထားတာက "Criminal acts intended or calculated to provoke a state of terror in the general public, a group of persons or particular persons for political purposes are in any circumstance unjustifiable, whatever the considerations of a political, philosophical, ideological, racial, ethnic, religious or any other nature that may be invoked to justify them" လို့ဆိုပါတယ်။ ဒါကြောင့် အကြမ်းဖက်လုပ်ရပ်တွေဆိုတာ နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေး ဘယ်လိုအကြောင်းပြချက်မျိုးနဲ့မဆို နိုင်ငံရေးရည်မှန်းချက်အတွက် လူထုကြားမှာ အထိတ်တလန့်ဖြစ်စေဖို့ ကျူးလွန်တဲ့ရာဇဝတ်မှုတွေဖြစ်တယ်လို့ ဆိုထားတာဖြစ်ပါတယ်။

ဒ့ါအပြင် မြန်မာနိုင်ငံရဲ့ "အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ" မှာလည်း အကြမ်းဖက်မှုဆိုတာ "အများပြည်သူ၏လုံခြုံရေးကိုဖြစ်စေ၊ အသက်အိုးအိမ်စည်းစိမ်ကိုဖြစ်စေ၊ အများပြည်သူ သို့မဟုတ် တစ်ဦးတစ်ယောက်အတွက် အရေးကြီးသောအဆောက်အအုံများကိုဖြစ်စေ၊ နိုင်ငံပိုင်အဆောက်အအုံ၊ ယာဉ်၊ စက်ပစ္စည်းကိရိယာ၊ အသုံးအဆောင်ပစ္စည်းများကိုဖြစ်စေ ပြင်းထန်စွာထိခိုက်ဆုံးရှုံးစေရန် ပြုလုပ်မှု" တွေဖြစ်တယ်လို့ အတိအလင်းသတ်မှတ်ထားပါတယ်။ ဒ့ါအပြင် "အများပြည်သူအတွင်း ထိတ်လန့်ကြောက်ရွံ့မှုဖြစ်ပေါ် စေခြင်း၊ ဥပဒေနှင့်မညီသည့် လုပ်ရပ်တစ်ခုကို အတင်းအကျပ် ပြုလုပ်စေခြင်း၊ စစ်ပြိုင်မှုတွင် ပါဝင်တိုက်ခိုက်ခြင်းမရှိသူတစ်ဦးဦးကို သေစေရန် သို့မဟုတ် အပြင်းအထန်နာကျင်စေရန်နှင့် အခြားပြုလုပ်မှုများ" ကလည်း အကြမ်းဖက်မှုမြောက်တယ်လို့ ဖော်ပြထားပါတယ်။

ဒ့ါကြောင့် ဒီအဓိပ္ပာယ်ဖွင့်ဆိုချက်တွေကို ခြုံငုံလေ့လာကြည့်မယ်ဆိုရင် နိုင်ငံရေးရလိုမှုကို နိုင်ငံရေးအရအဖြေမရှာဘဲ လက်နက်ကိုင်မဟုတ်တဲ့ အပြစ်မဲ့ပြည်သူတွေကိုပစ်မှတ်ထားပြီး အကြောက်တရားသွင်းဖို့ ခြိမ်းခြောက်တာတွေ၊ အကြမ်းဖက်သတ်ဖြတ်နေတာတွေက ကမ္ဘာ့လူ့အဖွဲ့အစည်းတွေ အားလုံးလက်ခံထားတဲ့ အကြမ်းဖက်ဝါဒနဲ့ အကြမ်းဖက်လုပ်ရပ်တွေပဲဖြစ်တယ်ဆိုတာကို ရှင်းရှင်းလင်းလင်းတွေ့နိုင်ပါတယ်။

### NUG အကြမ်းဖက်အဖွဲ့၏ ဇာစ်မြစ်

မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်စဉ်ကို လေ့လာကြည့်မယ်ဆိုရင် NLD အစိုးရအနေနဲ့ နောက်တစ်ဆက်အစိုးရထပ်ဖွဲ့နိုင်ဖို့ ရည်ရွယ်ချက်နဲ့ မတော်မတရားကြိုးပမ်းတာတွေကနေ နိုင်ငံရေးမတည်ငြိမ်မှုတွေ စတင်ခဲ့တာဖြစ်ပါတယ်။ ဒ့ါကြောင့် NLD အစိုးရနဲ့ ယခင်ရွေးကောက်ပွဲကော်မရှင်အနေနဲ့ ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲမှာ ရည်ရွယ်ချက်ရှိရှိမဲမသမာမှုတွေကျူးလွန်ခဲ့ပြီး ဥပဒေကို အလွဲသုံးစားလုပ်ခဲ့မှုတွေကြောင့် တပ်မတော်က ၂၀၀၈ ခုနှစ် အခြေခံဥပဒေနဲ့အညီ နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ခဲ့ရပါတယ်။ ဒီလိုဥပဒေနဲ့အညီ တပ်မတော်ရဲ့လုပ်ဆောင်ချက်ကို လက်မခံနိုင်လို့ အာဏာပြန်လည်ရရှိရေး လက်နက်ကိုင်တော်လှန်ရေးလုပ်တာကို ဒီမိုကရေစီအတွက် နိုင်ငံရေးလှုပ်ရှားမှုလို့ သတ်မှတ်လို့မရနိုင်ပါဘူး။ တကယ်တော့ NLD အစိုးရအနေနဲ့ ရွေးကောက်ပွဲမသမာမှုတွေကို ဥပဒေအရ ငြိမ်းချမ်းစွာအဖြေရှာလို့ရပါလျက်နဲ့ မျက်ကွယ်ပြုပြီး NLD လွှတ်တော်ကိုယ်စားလှယ်ဟောင်းတွေနဲ့ ဖွဲ့စည်းခဲ့တဲ့ CRPH မှတစ်ဆင့် NUG၊ PDF အဖွဲ့တွေ ပေါ်ပေါက်လာပြီး သူတို့ရဲ့နိုင်ငံရေးရည်မှန်းချက်ကို အကြမ်းဖက်နည်းလမ်းနဲ့ရယူဖို့ ကြိုးစားနေခြင်းသာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ NLD ထောက်ခံသူတွေ ဦးဆောင်ခဲ့တဲ့ ဆန္ဒပြမှုတွေက အစပိုင်းမှာတော့ ငြိမ်းချမ်းစွာဆန္ဒပြမှုဖြစ်ခဲ့ပေမယ့် နောက်ပိုင်းမှာတော့အစွန်းရောက်အကြမ်းဖက်မှုများဆီသို့ ဦးတည်ခဲ့ပါတယ်။ ဒီအချိန်မှာတော့ ငြိမ်းချမ်းစွာနေထိုင်လိုတဲ့ ပြည်သူတွေ မပါဝင်တော့ဘဲ CRPH၊ NUG တို့ ဖွဲ့စည်းခဲ့တဲ့ ဒေသအလိုက်ကာကွယ်ရေးတပ်ဖွဲ့အမည်ခံ PDF အစွန်းရောက်တွေက အကြမ်းဖက်မှုတွေ ကျူးလွန်နေကြတာဖြစ်ပါတယ်။ NUG အကြမ်းဖက်အဖွဲ့ဝင်တွေက ပြည်ပနိုင်ငံအချို့မှာ ခိုလှုံနေထိုင်ပြီး မြန်မာနိုင်ငံအတွင်းက ပြည်သူ့ကာကွယ်ရေးအဖွဲ့ PDF အမည်ခံ လက်နက်ကိုင်အကြမ်းဖက်အဖွဲ့တွေကို ငွေကြေးနဲ့ လက်နက်ခဲယမ်းတွေထောက်ပံ့ပေးပြီး အကြမ်းဖက်လုပ်ငန်းတွေလုပ်ဖို့ စီမံခိုင်းစေခြင်း၊ ခြိမ်းခြောက်အကြပ်ကိုင်ခြင်း၊ ဖိအားပေးခြင်းတို့ ပြုလုပ်ခဲ့ကြပါတယ်။

### NUG အဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များ

CRPH၊ NUG တို့ရဲ့ ဦးဆောင်စေခိုင်းမှုနဲ့ လက်ဝေခံလော်ဘီတွေရဲ့ ဆိုရှယ်မီဒီယာတွေကနေတစ်ဆင့် အစွန်းရောက်အတွေးအမြင်တွေ လှုံ့ဆော်မှုတွေကြောင့် လက်အောက်ခံ PDF တွေ ကျူးလွန်ခဲ့ကြတဲ့လုပ်ရပ်တွေဟာ နိုင်ငံတကာက သတ်မှတ်ထားတဲ့ အကြမ်းဖက်မှုပုံစံတွေနဲ့ ထပ်တူညီနေတာကို တွေ့ရပါတယ်။

CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်သမားများအနေနဲ့ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၀ ရက်ထိ အပြစ်မဲ့ပြည်သူတွေကို အကြမ်းဖက်တိုက်ခိုက်သတ်ဖြတ်မှု ၃၉၉၇ ကြိမ်၊ စစ်ဘက်ပစ်မှတ်မဟုတ်တဲ့ အရပ်ဘက်ပစ်မှတ်များကို ဗုံးခွဲတိုက်ခိုက်မှု ၄၉၈၁ ကြိမ်၊ မီးရှို့တိုက်ခိုက်မှု ၆၅၃ ကြိမ်၊ စာသင်ကျောင်းနဲ့ ပညာရေးအဆောက်အအုံများ ဖျက်ဆီးမှုအကြိမ် ၇၁၀၊ အုပ်ချုပ်ရေးမှူးရုံးများ တိုက်ခိုက်ခံရမှု ၂၅၄ ကြိမ်၊ စက်ရုံများတိုက်ခိုက်ခံရမှု ၅၈ ကြိမ်၊ ဆက်သွယ်ရေးတာဝါတိုင်များ ဖောက်ခွဲဖျက်ဆီးခံရမှု ၄၂၂ ကြိမ်၊ လျှပ်စစ်တာဝါတိုင်များ ဖောက်ခွဲဖျက်ဆီးခံရမှု ၁၄ ကြိမ်၊ ကိုဗစ်-၁၉ ကုသရေးစင်တာများတိုက်ခိုက်မှု ၁၁ ကြိမ် ရှိခဲ့ပါတယ်။

အကြမ်းဖက်သတ်ဖြတ်ခံရသူများတွင် ရဟန်းသံဃာတော်များ ၅၅ ပါး၊ ပညာရေးဝန်ထမ်းများနှင့် ဆရာ၊ ဆရာမ ၃၉ ဦး၊ ကျန်းမာရေးဝန်ထမ်းများနှင့် သက်ဆိုင်ရာဝန်ထမ်းများ ၁၃ ဦး၊ ဒလန်စွပ်စွဲချက်နဲ့ မိသားစုလိုက်သတ်ဖြတ်မှုကြောင့် ကလေးသူငယ် ၈၉ ဦး၊ အုပ်ချုပ်ရေးမှူး ၅၂၄ ဦး၊ စစ်မှုထမ်းဟောင်းဦးရေ ၁၂၀ အပါအဝင် အပြစ်မဲ့အရပ်သား သေဆုံးမှု ၃၆၆၄ ဦး ရှိခဲ့ပါတယ်။ နိုင်ငံတကာနဲ့ သက်ဆိုင်ပြီး မြင်သာမယ့် ဥပမာကို ပြရရင် မည်သည့်လက်နက်ကိုင်အဖွဲ့အစည်းနဲ့မှ ပတ်သက်ခြင်းမရှိတဲ့ မော်လမြိုင်မြို့ WHO ရုံးခွဲကဝန်ထမ်း ဦးမျိုးမင်းထွဋ်ကို ၂၀၂၂ ခုနှစ် ဇွန် ၈ ရက်က အကြမ်းဖက်သမားတွေ လမ်းပေါ်မှာတင် ပစ်သတ်ခဲ့ကြပါတယ်။ အကြောင်းပြချက်ကတော့ ဦးမျိုးမင်းထွဋ်က နစကအဖွဲ့ဝင်အရာရှိကြီးတစ်ဦးနဲ့ ဆွေမျိုးတော်စပ်လို့ NUG အဖွဲ့ရဲ့ Hit List စာရင်းအရ သတ်တယ်လို့ဆိုပါတယ်။ သူတို့ရဲ့အကြောင်းပြချက်က လူတစ်ဦးကို သတ်ရလောက်အောင် ကျိုးကြောင်းခိုင်လုံပါရဲ့လားဆိုတာ စဉ်းစားသုံးသပ်ကြည့်စေချင်ပါတယ်။ အမှန်တကယ်ကတော့ သူတို့စွပ်စွဲချက်ကမဟုတ်သလို သာမန်အပြစ်မဲ့ပြည်သူတစ်ဦးသာဖြစ်တဲ့ ကုလသမဂ္ဂရဲ့တရားဝင်ဝန်ထမ်းတစ်ဦးကိုတောင် ရက်ရက်စက်စက် လူအများကြားမှာ သေနတ်နဲ့ပစ်ခတ်တဲ့လုပ်ရပ်ဟာ ရိုးရိုးစိုးစိုးယုတ်မာတဲ့ အကြမ်းဖက်လုပ်ရပ်ပဲ ဖြစ်ပါတယ်။

ဒီလိုရက်စက်ဆိုးရွားလှတဲ့ အကြမ်းဖက်လုပ်ရပ်များဟာ နိုင်ငံတကာကသတ်မှတ်ထားတဲ့ အကြမ်းဖက်အဓိပ္ပာယ်၊ အကြမ်းဖက်တိုက်ခိုက်မှုအမျိုးအစားနဲ့ကိုက်ညီနေတဲ့အပြင် မြန်မာနိုင်ငံက ထုတ်ပြန်ထားတဲ့ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ ပြဋ္ဌာန်းချက်များနဲ့လည်းငြိစွန်းနေတဲ့ **စာမျက်နှာ ၂၁ သို့**

လူတစ်ဦးချင်း၊ မိသားစုတစ်ဦးချင်းအလိုက် လူမှုဘဝတွေ အေးချမ်းတည်ငြိမ်ဖို့အတွက် မြို့၊ ရွာများ တည်ငြိမ်အေးချမ်းဖို့လိုအပ်တာကြောင့် လူသတ်၊ မီးရှို့နေတဲ့ အနိဋ္ဌာရုံတွေကို မလိုလားကြတော့ပါဘူး။ ဒီလို အကြမ်းဖက်မှုတွေကိုတားဆီးနိုင်ဖို့က ကမ္ဘာ့နိုင်ငံများအနေနဲ့ နိုင်ငံတကာဥပဒေတွေနဲ့အညီ ပူးပေါင်းဆောင်ရွက်ကြဖို့ အထူးလိုအပ်နေတဲ့အချိန်ဖြစ်ပါတယ်...

**စာမျက်နှာ ၂၀ မှအဆက်**

အကြမ်းဖက်လုပ်ရပ်များဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒီလိုအကြမ်းဖက်လုပ်ရပ်များကို တန်ပြန်တိုက်ဖျက်နိုင်ရေး၊ တားဆီးထိန်းချုပ်နိုင်ရေးအတွက် အိမ်နီးချင်းနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးနဲ့ ပြည်တွင်း၊ ပြည်ပ နိုင်ငံတကာအဖွဲ့အစည်းများက CRPH၊ NUG နဲ့ PDF အဖွဲ့များကို အကြမ်းဖက်အဖွဲ့အစည်းများအဖြစ် ရှုမြင်လက်ခံလာအောင် အချိန်နဲ့တပြေးညီ မီဒီယာမျိုးစုံမှ သတင်းထုတ်ပြန်ခြင်း၊ သတင်းစာရှင်းလင်းပွဲများပြုလုပ်ခြင်း၊ နိုင်ငံတကာ တွေ့ဆုံဆွေးနွေးပွဲများတွင် အလျဉ်းသင့်သလို ချပြရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။

ဒ့ါအပြင် နိုင်ငံတကာဥပဒေလုပ်ထုံးလုပ်နည်းများနဲ့အညီ အရေးယူဆောင်ရွက်နိုင်ရေး UNCTED၊ INTERPOL၊ ASEANPOL အပါအဝင် နိုင်ငံတကာအကြမ်းဖက်မှု တန်ပြန်တိုက်ဖျက်ရေးအဖွဲ့အစည်းများကို သက်သေအထောက်အထားများခိုင်လုံစွာနဲ့ လစဉ်ပေးပို့အသိပေးလျက်ရှိပါတယ်။ ဒီလိုပေးပို့တိုင်ကြားမှုတွေကြောင့် အကြမ်းဖက်မှုကို အမှန်တကယ်ချုပ်ငြိမ်းစေလိုတဲ့ နိုင်ငံများနဲ့ အဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်လာတာကို တွေ့ရပါတယ်။

**ဥပမာ ဩစတြေးလျနိုင်ငံက မင်းမော်ကွန်းလို အကြမ်းဖက်သမားကို ဒီမိုကရေစီသူရဲကောင်းအဖြစ် လက်ခံထားပြီး သူ့ရဲ့ရက်စက်ယုတ်မာတဲ့ ခြိမ်းခြောက်မှုတွေနဲ့ အကြမ်းဖက်မှုတွေ ဘူးပေါ်သလိုပေါ်လာခဲ့ချိန်မှာတော့ ဩစတြေးလျအစိုးရက သူ့ရဲ့နေထိုင်ခွင့်ကိစ္စ ပြန်လည်စိစစ်မှုတွေ ဆောင်ရွက်နေတယ်လို့ သိရပါတယ်။ Facebook ကလည်း Bluemark Account ဖြုတ်ချလိုက်တာတွေက မှန်ကန်တဲ့လုပ်ရပ်တွေလို့မြင်ပါတယ်။ သို့သော်လည်း ကမ္ဘာ့နိုင်ငံကြီးအချို့ကတော့ နိုင်ငံရေးအကြောင်းပြချက်နဲ့ ဒီမိုကရေစီအရေခြုံပြီး လာရောက်ခိုလှုံနေတဲ့ NUG အကြမ်းဖက်အဖွဲ့ကို ထိတွေ့ဆက်ဆံမှု အားပေးထောက်ပံ့မှုတွေ ပြုလုပ်နေကြတာကို စိတ်မကောင်းစရာမြင်တွေ့နေရပါတယ်။ အမှန်တကယ်တော့ မြန်မာနိုင်ငံရဲ့ တည်ဆဲဥပဒေကို ချိုးဖောက်ပြီး အခြားနိုင်ငံများကို ထွက်ပြေးတိမ်းရှောင်နေသူများဟာ နိုင်ငံရေးလှုပ်ရှားသူများမဟုတ်ကြဘဲ လတ်တလောဖြစ်ပေါ်နေတဲ့ အကြမ်းဖက်လုပ်ရပ်များနဲ့ အကြောင်းမဲ့သတ်ဖြတ်မှုများကို စေ့ဆော်ကြိုးကိုင်၊ အားပေးလှုံ့ဆော်နေသူများဖြစ်ပါတယ်။ ဒါကြောင့် ကမ္ဘာ့နိုင်ငံကြီးတွေဆီ ဒီမိုကရေစီအရေခြုံပြီး ရောက်ရှိခိုလှုံနေတဲ့ ဒီလိုအကြမ်းဖက်သမားတွေကို သက်ဆိုင်ရာအစိုးရတွေက ကာကွယ်မပေးဖို့ လိုအပ်တယ်လို့ မြင်ပါတယ်။**

အဲဒီအကြမ်းဖက်အားပေးလူပုဂ္ဂိုလ်၊ အဖွဲ့အစည်းနဲ့ နိုင်ငံအချို့ဟာ အကြမ်းဖက်ဝါဒကို လိုရာဆွဲ အဓိပ္ပာယ်ဖော်ဆောင်ပြီး NUG ကို ဒီမိုကရေစီအင်အားစု၊ နိုင်ငံရေးလှုပ်ရှားသူများအဖြစ် ပုံဖော်နေခြင်းဟာ လက်ရှိသူတို့ရဲ့ မြေပြင်မှာ လက်တွေ့လုပ်ဆောင်ချက်တွေနဲ့ ကိုက်ညီမှုရှိပါရဲ့လား။ သူတို့ရဲ့ပကတိလုပ်ဆောင်ချက်တွေ ငြင်းလို့မရတဲ့ သက်သေအထောက်အထားတွေအရ အကြမ်းဖက်အဖွဲ့အစည်း ဖြစ်တယ်ဆိုတာကို ဘာကြောင့်လက်မခံနိုင်ရတာလဲ။ ဆိုတဲ့ မေးခွန်းတွေကို ကုလသမဂ္ဂအပါအဝင် NUG ကို ထိတွေ့ဆက်ဆံနေတဲ့နိုင်ငံတွေ၊ အဖွဲ့အစည်းတွေနဲ့ လူပုဂ္ဂိုလ်တွေကို အကြမ်းဖက်မှုကိုမလိုလားတဲ့ မြန်မာနိုင်ငံသား တစ်ယောက်အနေနဲ့ မေးခွန်းထုတ်လိုပါတယ်။

**NUG အဖွဲ့၏ အကြမ်းဖက်ဝါဒပုံစံသစ် (New Terrorism)**

NUG အဖွဲ့၏ အကြမ်းဖက်လုပ်ရပ်တွေကို နိုင်ငံတကာမှာဖြစ်ခဲ့တဲ့ အကြမ်းဖက်ဖြစ်ရပ်တွေနဲ့ ချိန်ထိုးနှိုင်းယှဉ်ကြည့်လိုက်ရင် NUG အဖွဲ့ရဲ့ စီစဉ်စေခိုင်းမှုနဲ့ PDF များရဲ့ လုပ်ရပ်ကြောင့် မြန်မာနိုင်ငံမှာ ဖြစ်ပွားနေတာတွေက နိုင်ငံရေးရည်မှန်းချက်မရှိဘဲ၊ သတ်ဖြတ်နေကြတဲ့ လူသတ်မှု



**ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) (မော်လမြိုင်ရုံးခွဲမှ) ဝန်ထမ်း မျိုးမင်းထွဋ် PDF အကြမ်းဖက်သမားများ၏ လုပ်ကြံခံရမှု မှတ်တမ်းဓာတ်ပုံ။**

(Homicide) မဟုတ်ပါဘူး။ လူမျိုးရေး၊ လိင်ကွဲပြားမှုကိုအခြေခံပြီး အမုန်းတရားကြောင့်ဖြစ်တဲ့ ရာဇဝတ်မှု (Hate Crime) တွေမဟုတ်ပါဘူး။ အစိုးရနဲ့ ဆန့်ကျင်ဘက် လက်နက်ကိုင်အဖွဲ့တွေအကြား ဖြစ်ပွားနေတဲ့ (State-based Armed Conflict) မဟုတ်ပါဘူး။ အစိုးရမဟုတ်တဲ့ လက်နက်ကိုင်အချင်းချင်း ဖြစ်နေတဲ့ (Non-state Armed Conflict) မဟုတ်ပါဘူး။

**မြန်မာနိုင်ငံမှာဖြစ်ပွားနေတဲ့ အကြမ်းဖက်ဝါဒက နိုင်ငံရေးနဲ့ ပုဂ္ဂိုလ်ရေး အကျိုးစီးပွားကိုအခြေခံပြီး နိုင်ငံတစ်ရလုံးနဲ့ လူ့အဖွဲ့အစည်းတစ်ရလုံး ပျက်စီးသွားအောင် အစိုးရ (Governemnt) မဟုတ်တဲ့ နိုင်ငံတော်(State)ရဲ့ ဒေါက်တိုင်ဖြစ်တဲ့ နိုင်ငံ့ဝန်ထမ်းတွေနဲ့ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးတွေကို လုပ်ကြံသတ်ဖြတ်ခြင်း (Targeted Assisinations to State Servants)၊ အပြစ်မဲ့အရပ်သားစခစ်တွေကို လုပ်ကြံသတ်ဖြတ်ခြင်း (Targeted Assisinations to Civilians or Non-combatants)၊ ဥပဒေပြင်ပလူသတ်တရားစီရင်ခြင်း (Extrajudicial Killing)၊ အများပြည်သူနဲ့ဆိုင်တဲ့နေရာတွေမှာ ဗုံးခွဲတိုက်ခိုက်ခြင်း (Mass Bombing and Killing) တွေဖြစ်ပါတယ်။ NUG ရဲ့ လမ်းစဉ်က မြန်မာ့လူ့အဖွဲ့အစည်းပျက်သုဉ်းသွားဖို့နဲ့ စိတ်ဓာတ်ရေးရာအရ ကစဉ့်ကလျားဖြစ်သွားဖို့ (social and psychological disorder)ဖြစ်ဖို့ ရည်ရွယ်ပြီးဆောင်ရွက်နေတဲ့ ၂၁ ရာစု ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းကို ခြိမ်းခြောက်လာနိုင်တဲ့ အကြမ်းဖက်ဝါဒပုံစံသစ် (New Terrorism) ဖြစ်တယ်ဆိုတာကို ရှင်းလင်းစွာမြင်တွေ့ရမှာ ဖြစ်ပါတယ်။**

အကြမ်းဖက်ဝါဒပုံစံသစ်ကို လုပ်ဆောင်သူတွေက ကြိုတင်မွေးမြူထားတဲ့ မီဒီယာအမည်ခံတွေနဲ့ ဆိုရှယ်မီဒီယာတွေကတစ်ဆင့် အစွန်းရောက်စိတ်ဓာတ်နဲ့ အကြောက်တရားဖြန့်ချိဖို့ ထိရောက်တဲ့ နည်းလမ်းတစ်ခုအနေနဲ့ အသုံးချနေကြပါတယ်။ ဒီမိုကရေစီစနစ်နဲ့ ရွေးကောက်ပွဲစနစ်ရှိတဲ့ နိုင်ငံတိုင်းမှာ မဲမသမာမှု၊ ဥပဒေအလွဲသုံးစားလုပ်မှုနဲ့ အာဏာမရနိုင်တဲ့အခါ လူ့အဖွဲ့အစည်းကို အစွန်းရောက်စိတ်ဓာတ်သွင်းပေးပြီး အကြမ်းဖက်နည်းလမ်းနဲ့ အာဏာတည်ဆောက်ဖို့ ကြိုးစားတဲ့ပုံစံသစ်ပဲဖြစ်ပါတယ်။ ပါတီနိုင်ငံရေး အကျိုးစီးပွားနဲ့ ပုဂ္ဂိုလ်ရေးအကျိုးစီးပွားတွေကိုဖော်ဆောင်ရန် ဒီမိုကရေစီနဲ့ ရွေးကောက်ပွဲကို အရေခြုံပြီး အကြမ်းဖက်ဝါဒပုံစံသစ် ဖော်ဆောင်နေခြင်းဖြစ်ပါတယ်။ ကမ္ဘာကြီးရဲ့ လက်ရှိပထဝီဝင်နိုင်ငံရေးနဲ့ အင်အားကြီးနိုင်ငံများအကြား အားပြိုင်မှုတွေကလည်း ဒီအကြမ်းဖက်ဝါဒပုံစံသစ် အားကောင်းအောင် တွန်းအားပေးနေတယ်ဆိုတာကို သတိပြုရမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ အကြမ်းဖက်သမားတွေဟာ နိုင်ငံရေးကို နိုင်ငံရေးနည်းလမ်းနဲ့ မဖြေရှင်းဘဲ နိုင်ငံတကာအဖွဲ့အစည်းတွေကို ခုတုံးလုပ်၊ အပြစ်မဲ့ပြည်သူတွေကို အကြောက်တရားသွင်းဖို့ သတ်ဖြတ်ပြပြီး လူ့အဖွဲ့အစည်းတစ်ခုလုံးရဲ့ ရုပ်ပိုင်းဆိုင်ရာနဲ့ စိတ်ပိုင်းဆိုင်ရာအားလုံးကို ဖျက်ဆီးဖို့ ကြိုးစားနေတာဖြစ်ပါတယ်။ ဒီလို "အလုံးစုံ ပျက်သုဉ်းရေးကို အခြေခံပြီး ၎င်းတို့ရဲ့နိုင်ငံရေးအကျိုးစီးပွားကို ဖြည့်ဆည်းဖို့ ကြိုးစားနေတဲ့ NUG ရဲ့ နည်းလမ်းသာ အောင်မြင်ခဲ့မယ်ဆိုရင် အခြားသောကမ္ဘာ့နိုင်ငံများနဲ့ ဒေသတွင်းနိုင်ငံများအတွက် ဒီလိုပုံစံတူအကြမ်းဖက်ဝါဒခြိမ်းခြောက်မှုပုံစံသစ်ကို ရင်ဆိုင်လာရဖွယ်ရှိပါတယ်။

အချုပ်ဆိုရရင်တော့ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးမှာ NUG ရဲ့ အကြမ်းဖက်ဝါဒပုံစံသစ် (New Terrorism) ကို အတိအလင်းထောက်ခံအားပေးနေတဲ့ ဝရမ်းပြေး ကျော်မိုးထွန်းကို လက်ခံထားဆဲဖြစ်တာက ကမ္ဘာကြီးမှာ အကြမ်းဖက်ဝါဒပုံစံသစ် ပြန့်ပွားဖို့အတွက် နည်းပေးလမ်းပြဖြစ်နေတယ်ဆိုတာကို သတိချပ်ကြစေချင်ပါတယ်။ NUG အကြမ်းဖက်အဖွဲ့ရဲ့ဘက်တော်သား ဝရမ်းပြေးကျော်မိုးထွန်းနဲ့ ပတ်သက်ပြီး ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးရဲ့ ဆုံးဖြတ်ချက်မပြတ်သားသေးတာက ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးရဲ့ဂုဏ်သိက္ခာကို ကျဆင်းစေရုံသာမက နောင်မှာ ကုလသမဂ္ဂနဲ့ အခြားသောနိုင်ငံတကာအဖွဲ့အစည်းတွေကို ခုတုံးလုပ်အကာကွယ်ယူပြီး ပေါ်ပေါက်လာမယ့် အကြမ်းဖက်ဝါဒပုံစံသစ် (New Terrorism that used IGOs/INGOs as a stepping stone) များ ဖြစ်လာတော့မလားလို့လည်း စိုးရိမ်မိပါတယ်။

ယခုလက်ရှိ NUG၊ PDF တွေရဲ့ အကြမ်းဖက်မှုပုံစံသစ်ကိုခံစားနေရတဲ့ မြန်မာနိုင်ငံအတွင်းက ပြည်သူတွေက NUG၊ PDF အကြမ်းဖက်အဖွဲ့တွေကို အလွန်နာကျည်းမုန်းတီးနေကြသလို NUG၊ PDF လို့ပြောလိုက်တာနဲ့ ရက်ရက်စက်စက်လုပ်ကြံသတ်ဖြတ်မှုတွေ ကျူးလွန်နေတဲ့ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့အဖြစ်သာ ပြေးမြင်မိကြပါတယ်။ လူတစ်ဦးချင်း၊ မိသားစုတစ်ဦးချင်းအလိုက် လူမှုဘဝတွေ အေးချမ်းတည်ငြိမ်ဖို့အတွက် မြို့၊ ရွာများတည်ငြိမ်အေးချမ်းဖို့လိုအပ်တာကြောင့် လူသတ်၊ မီးရှို့နေတဲ့အနိဋ္ဌာရုံတွေကို မလိုလားကြတော့ပါဘူး။ ဒီလိုအကြမ်းဖက်မှုတွေကိုတားဆီးနိုင်ဖို့က ကမ္ဘာ့နိုင်ငံများအနေနဲ့ နိုင်ငံတကာဥပဒေတွေနဲ့အညီ ပူးပေါင်းဆောင်ရွက်ကြဖို့ အထူးလိုအပ်နေတဲ့အချိန်ဖြစ်ပါတယ်။

ဒါကြောင့် ဒီမိုကရေစီအရေခြုံ နိုင်ငံရေးလှုပ်ရှားသူများအဖြစ် ပုံဖော်နေတဲ့ NUG အဖွဲ့ကို အကြမ်းဖက်အဖွဲ့အဖြစ်သတ်မှတ်ပြီး သူတို့ရဲ့လုပ်ရပ်တွေကို တားဆီးထိန်းချုပ်နိုင်ရန် ဘာကြောင့် အကြမ်းဖက်အဖွဲ့အဖြစ် သတ်မှတ်ရလဲဆိုတဲ့ အကြောင်းရင်းကို မီးမောင်းထိုးပြလိုက်ရပါတယ်။

**မင်းခန့်**

# ဘားအံမြို့တွင်းလမ်းသစ်ဖောက်လုပ်ခြင်းနှင့် လမ်းများအဆင့်မြှင့်တင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂**

ဘားအံမြို့ရှိ ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ ယာဉ်ကြောပိတ်ဆို့မှု၊ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ယာဉ်မတော်တဆမှုလျှော့ချရေး၊ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရေး၊ ကုန်စည်စီးဆင်းမှုမြန်ဆန်ကောင်းမွန်စေရေးအတွက် အမှတ်(၁)ရပ်ကွက် ကန်သာယာပတ်လမ်း၊ ကျော်ဇေယျလမ်းနှင့် အမှတ်(၆)ရပ်ကွက် မြို့ပတ်လမ်းတို့ကို ဆက်သွယ်ဖြတ်လမ်းဖြစ်သည့် အရှည် ၁၃၄၇ ပေ၊ အကျယ်ပေ ၅၀ မန်းနဲ့စံလမ်းသစ်ကို ဖောက်လုပ်လျက်ရှိကြောင်း သိရသည်။

"ဘားအံမြို့မှာရှိတဲ့ ဒေသခံပြည်သူတွေနဲ့ အများပြည်သူတွေ မြို့တွင်းသွားလာမှု လွယ်ကူချောမွေ့စေဖို့နဲ့ မြို့တွင်းလမ်းများတိုးတက်ရေးကို အလေးထားပြီး ဦးစားပေးဆောင်ရွက်နေပါတယ်။ ပေ ၅၀ အကျယ်ရှိတဲ့ အမှတ်(၁)ရပ်ကွက် ကန်သာယာပတ်လမ်း၊ ကျော်ဇေယျလမ်းနဲ့ အမှတ်(၆)ရပ်ကွက် မြို့ပတ်လမ်းတို့ကို ဆက်သွယ်တဲ့ ဖြတ်လမ်းဖြစ်တဲ့ မန်းနဲ့စံလမ်းသစ်ကို ဖောက်လုပ်နေပါတယ်။ ဖောက်လုပ်ပြီးတဲ့ အမာခံမြေသားလမ်းပေါ်မှာ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိပါတယ်" ဟု ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး သူရဦးမြင့်သူက ပြောပြသည်။

ထို့ပြင် ဘားအံမြို့တွင်း ၈ မိုင် ၅ ဖာလုံရှိ လမ်းများကို အဆင့်မြှင့်တင်မှုအနေဖြင့် AC လမ်းခင်းခြင်း၊ ကွန်ကရစ်လမ်းခင်းခြင်း၊ ကျောက်ချောလမ်းခင်းခြင်းနှင့် ကတ္တရာလမ်းခင်းခြင်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

အလားတူ မြို့တွင်းလမ်းများကို ယခုဘဏ္ဍာနှစ်တွင် AC လမ်းခင်းခြင်း၊ ကွန်ကရစ်လမ်းခင်းခြင်းနှင့် ကတ္တရာလမ်းခင်းခြင်းတို့ကို အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်လျက်ရှိပြီး ကျန်ရှိသည့် လမ်းပိုင်းများကို ဘဏ္ဍာနှစ်အလိုက် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မြို့ပြစနစ်ကောင်းမွန်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အဓိကအခန်း



ကဏ္ဍတွင်ပါဝင်သည့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ရရှိသည်။ **(သတင်းစဉ်)**

# KNPP နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပြဋ္ဌာန်းချက်များ၊ ရာဇသတ်ကြီးပြဋ္ဌာန်းချက်ပါများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေများကို ချိုးဖောက်ခြင်းဖြစ်၊ တည်ဆဲဥပဒေများအရ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်

**နေပြည်တော် အောက်တိုဘာ ၂**

အမျိုးသားလေကြောင်းလိုင်း(MNA)မှ လေယာဉ်အမှတ် XY-AML၊ လေယာဉ်အမျိုးအစား ATR-72(600)သည် ခရီးသည် ၆၃ ဦး တင်ဆောင်၍ လွိုင်ကော်လေဆိပ်သို့ စက်တင်ဘာ ၃၀ ရက်နေ့ ၈ နာရီ ၄၅ မိနစ်ခန့်၌ ဆင်းသက်ရန် လေယာဉ်ဆင်းသက်ခြင်းလုပ်ငန်းစဉ်များအတိုင်း လေယာဉ်ကွင်းသို့ချဉ်းကပ်ပျံသန်းစဉ် KNPP နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လူမဆန်စွာရက်စက်ရိုင်းစိုင်းယုတ်မာစွာဖြင့် လက်နက်(စီစစ်ဆဲ)ဖြင့် ပစ်ခတ်ခဲ့ရာ လေယာဉ်၏ဘယ်ဘက်ဝမ်းဗိုက်အားထိမှန်ခဲ့ပြီး လေယာဉ်ပေါ်တွင် စီးနင်းလိုက်ပါလာသည့်ခရီးသည်တစ်ဦး၏ ညာဘက်ပါးတွင် ကျည်ထိမှန်ဖောက်ဝင်ဒဏ်ရာရရှိခဲ့သည့်ဖြစ်စဉ်ဖြစ်ပွားခဲ့သည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ KNPP နှင့် PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် တည်ဆဲဥပဒေများအပေါ် မျက်ဝါးထင်ထင်ချိုးဖောက်ကျူးလွန်ခဲ့သော်လည်း ၎င်းတို့၏ကျူးလွန်မှုများကို ဖုံးဖိနိုင်ရေး လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် ကြေညာချက်များထုတ်ပြန်၍ လိမ်လည်ဖုံးကွယ်မှုများ ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရသည်။ ယင်းသို့လိမ်လည်ဖုံးကွယ်လျက်ရှိသော်လည်း KNPP နှင့် PDF အမည်ခံအကြမ်းဖက်သမားများနှင့် ပတ်သက်ဆက်နွှယ်သောအဖွဲ့အစည်းများက ပြည်တွင်းလေကြောင်းလိုင်းပြေးဆွဲမှုများအပေါ် တိုက်ရိုက်ခြိမ်းခြောက်သည့်ထုတ်ပြန်ချက်များကို ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ ၃ ရက်တွင် ထုတ်ပြန်ထားကြောင်းကိုလည်း အထောက်အထားများအရတွေ့ရှိရသည်။

အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၉ တွင် မည်သူမဆိုလေယာဉ်ဝန်ဆောင်မှုပေးချိန်တွင် လေယာဉ်ပေါ်တွင် လေယာဉ်ဘေးကင်းလုံခြုံမှုကို အန္တရာယ်ဖြစ်စေရန် လေယာဉ်ပေါ်ရှိသူတစ်ဦးဦးကို အတင်းအဓမ္မပြုလုပ်မှု၊ လေယာဉ်ကိုပျက်စီးစေရန်သော်လည်းကောင်း၊ လေယာဉ်ကိုပျံသန်းခြင်းမပြုနိုင်စေရန်သော်လည်းကောင်း၊ လေယာဉ်ပျံသန်းစဉ်ဘေးအန္တရာယ်ဖြစ်စေရန်သော်လည်းကောင်း ဝန်ဆောင်မှုပေးနေသည့်လေယာဉ်ကို ပျက်စီးမှု၊ ထိခိုက်ပျက်စီးစေမှု သို့မဟုတ် လေယာဉ်ပျက်စီးစေနိုင်သည့် ပစ္စည်းကိရိယာသို့မဟုတ် အရာဝတ္ထုတစ်ခုခုကို လေယာဉ်ပေါ်၌ ချထားမှု သို့မဟုတ် ထားရှိစေမှု၊ လေယာဉ်ပျံသန်းစဉ်ဘေးအန္တရာယ်ဖြစ်စေရန် လေကြောင်းလမ်းညွှန်ဆိုင်ရာအဆောက်အအုံစနစ်များနှင့် ဆက်သွယ်ရေးအသုံးအဆောင်ပစ္စည်းများကို ပျက်စီးမှု၊ ထိခိုက်ပျက်စီးစေမှု သို့မဟုတ် လေကြောင်းလမ်းညွှန်ဆောင်ရွက်မှုကို ဝင်ရောက်နှောင့်ယှက်မှု၊ လေယာဉ်ပျံသန်းမှုအား ဘေးအန္တရာယ်ဖြစ်စေရန် မမှန်ကန်သောသတင်းအချက်အလက်များကို သိလျက်နှင့်ဆက်သွယ်ပေးပို့မှုတို့ကို ကျူးလွန်လျှင် မြို့ပြလေကြောင်းပျံသန်းရေးကို ဘေးအန္တရာယ်ဖြစ်စေသည့် ပြစ်မှုမြောက်ကြောင်း ဖော်ပြပါရှိသည်။

**Karenni Nationalities Defence Force**

ကရင်နီအမျိုးသားများကာကွယ်ရေးတပ်

**လေကြောင်းဖြင့် ခရီးသွားလာခြင်းမပြုရန် အသိပေးခြင်း**

နေ့စွဲ၊ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ(၃) ရက်နေ့။

အကြမ်းဖက်စစ်ကောင်စီမှ နိုင်ငံတော် အချုပ်အခြာ အာဏာကို လက်နက်အားကိုး အကြမ်းဖက်သိမ်းယူလိုက်သည့် ဖေဖော်ဝါရီလ (၁) ရက်နေ့မှစ၍ နိုင်ငံဘဏ္ဍာငွေနှင့် ဘဏ္ဍာငွေ ဝင်သည့် အရင်းအမြစ်များဖြစ်သော နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ အားလုံးကို အကြမ်းဖက်စစ်အုပ်စုမှ ထိန်းချုပ်လိုက်ပြီးဖြစ်ပါသည်။ ထို့အပြင် အကြမ်းဖက်စစ်အုပ်စုသည် ထိုစီးပွားရေး လုပ်ငန်းများမှရရှိသော ဘဏ္ဍာ ငွေများကို အသုံးပြု၍ စစ်လျှို့ကရက်ယန္တရားကို လည်ပတ်စေပြီး ပြည်သူလူထုကိုဖိနှိပ်ခြင်းနှင့် တော်လှန်ရေးအင်အားစုများကို တိုက်ခိုက်ဖြိုခွင်းခြင်းများကို လုပ်ဆောင်လျက်ရှိပါသည်။

မြန်မာအမျိုးသားလေကြောင်းလိုင်းသည် နိုင်ငံပိုင် လေကြောင်းလိုင်းဖြစ်ရာ အဆိုပါ လေကြောင်းလိုင်း မှ အကြမ်းဖက်စစ်အုပ်စုများသည် ဝင်ငွေများရရှိလျက်ရှိပါသည်။ ထို့အပြင် မြန်မာ အမျိုးသားလေကြောင်းလိုင်းသည် လွိုင်ကော်မြို့သို့ ပျံသန်းလျက်ရှိပြီး ထိုခရီးစဉ်များတွင် ကရင်နီပြည်မှ ပြည်သူများ စီးနင်းလိုက်ပါလျက်ရှိပါသည်။ ထို့အပြင် စစ်ရေးဘက်တွင်လည်း အကြမ်းဖက် စစ်ကောင်စီသည် ကရင်နီပြည်အတွင်းသို့ တပ်အင်အားများ၊ လက်နက်ရိက္ခာများကို ခရီးသည်တင် လေယာဉ်များဖြင့် သယ်ယူပို့ဆောင်လျက်ရှိသည်။

ထို့ကြောင့် မြန်မာအမျိုးသားလေကြောင်းလိုင်းမှ အကြမ်းဖက်စစ်ကောင်စီ ဝင်ငွေရသည့် အပြင် စစ်ရေးအရ အသုံးပြုသည့် လေကြောင်းလိုင်းဖြစ်သည့်အလျောက် ပြည်သူများလိုက်ပါစီးနင်းခြင်းမပြုရန် အသိပေးတိုက်တွန်းအပ်ပါသည်။ ထို့အပြင် လွိုင်ကော်လေဆိပ်တွင်လည်း အကြမ်းဖက်စစ်ကောင်စီ၏ စစ်လေယာဉ်များဆင်းသက်လျက်ရှိရာ ပြည်သူလူထုအနေဖြင့် လုံခြုံရေးအသိဖြင့် လေကြောင်းဖြင့် ခရီးမထွက်ရန် အထူးတိုက်တွန်းအပ်ပါသည်။

KNDF သတင်းနှင့်ပြန်ကြားရေးဌာန

ဆက်သွယ်ရန်၊ ၀၉ ၄၂၅ ၅၁၇ ၅၉၄၊ ၀၉ ၇၆၅ ၇၃၃ ၁၆၈၊ ၀၉ ၈၉၉ ၁၁၉ ၂၁၀၊ ၀၉ ၇၇၄ ၈၁၀ ၆၈၄။

အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၄၉ အရ အထက်ဖော်ပြပါဥပဒေပုဒ်မ ၉ ပါ မြို့ပြလေကြောင်းပျံသန်းရေးအား ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် ပြစ်မှုတစ်စုံတစ်ခုကို ကျူးလွန်ပြုလုပ်မိပါက အနည်းဆုံးထောင်ဒဏ် (၁၀)နှစ်မှ အများဆုံးထောင်ဒဏ် တစ်သက်အထိဖြစ်စေ၊ သေဒဏ်အထိဖြစ်စေချမှတ်နိုင်ကြောင်း ဖော်ပြပါရှိသည်။ ပုဒ်မ ၄၉ တွင် အကြမ်းဖက်မှုတစ်ခုခုကိုကျူးလွန်ရာ၌ သူတစ်ဦးဦးကိုဖြစ်စေ၊ အများကိုဖြစ်စေ သေစေလျှင် သို့မဟုတ် အပြင်းအထန်နာကျင်စေလျှင် ကျူးလွန်သူကို အနည်းဆုံးထောင်ဒဏ် (၁၀)နှစ်မှ အများဆုံးထောင်ဒဏ် တစ်သက်အထိဖြစ်စေ၊ သေဒဏ်အထိဖြစ်စေချမှတ်ရမည်ဟုဖော်ပြပါရှိသည်။ ထို့အပြင် နိုင်ငံတော်၏ တည်ဆဲဥပဒေတစ်ရပ်ဖြစ်သော ရာဇသတ်ကြီးဥပဒေတွင်လည်း လူကိုသေစေခြင်း သို့မဟုတ် နာကျင်စေခြင်း၊ ပစ္စည်းကိုထိခိုက်နစ်နာစေခြင်း၊ ပျက်စီးစေခြင်း၊ ပျက်စီးခြင်းတို့အားပြုလုပ်ပါက ကျူးလွန်မှုအပေါ်မူတည်၍ ထိရောက်ပြင်းထန်သော ပြစ်ဒဏ်သတ်မှတ်ချက်များ ပြဋ္ဌာန်းပါရှိသည်။

ထို့ကြောင့် KNPP နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် လေယာဉ်ဝန်ဆောင်မှုပေးနေချိန်တွင် ၎င်းတို့၏အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်မှုကြောင့် လေယာဉ်ပေါ်တွင် လိုက်ပါလာသောခရီးသည်၏မျက်နှာအား ထိမှန်ဒဏ်ရာရရှိစေခြင်းသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၉ နှင့် ပုဒ်မ ၄၉ ကို ကျူးလွန်ခြင်းသာမက ပုဒ်မ ၅၄ ကိုလည်း ကျူးလွန်ရာရောက်ကြောင်းတွေ့ရှိရသည်။

ထို့ပြင် KNPP နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် စစ်ရေးပစ်မှတ်မသက်ဆိုင်သည့် အရပ်ဘက်ပစ်မှတ်များနှင့် အရပ်သားပြည်သူများအား ထိုကဲ့သို့ အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခြင်းသည် ဂျီနီဗာကွန်ဗန်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရလည်း စစ်ရာဇဝတ်မှု(War Crime) ကို ကျူးလွန်ခြင်းဖြစ်သည်။

ဂျီနီဗာကွန်ဗန်းရှင်း (၄)ရပ် (Four Geneva Convention)ကို အခြေခံသောလက်နက်ကိုင်ပဋိပက္ခဆိုင်ရာဥပဒေ(Law Of Armed Conflict) သို့မဟုတ် အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေ (International Humanitarian Law) တွင် မည်သည့်လက်နက်ကိုင်ပဋိပက္ခမျိုး (နိုင်ငံတကာလက်နက်ကိုင်ပဋိပက္ခ/နိုင်ငံတကာအရေးအခင်းမဟုတ်သော လက်နက်ကိုင်ပဋိပက္ခ)တွင် အရပ်သားများနှင့် အရပ်ဘက်ပစ္စည်းများကို စစ်ရေးပစ်မှတ်အဖြစ်တိုက်ခိုက်ခြင်းမပြုရန် ပြဋ္ဌာန်းထားရှိသည်။

အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု ဓလေ့ထုံးတမ်းဥပဒေစည်းမျဉ်းများတွင်လည်း (နိုင်ငံတကာပဋိပက္ခ/ နိုင်ငံတကာမဟုတ်သောပဋိပက္ခ) အရပ်သားများနှင့် တိုက်ပွဲဝင်စစ်သည်များအကြား ခွဲခြားခြင်းနှင့်ပတ်သက်၍ စည်းမျဉ်း ၁ အဖြစ် ပဋိပက္ခတွင်ပါဝင်သည့်အဖွဲ့များသည် အရပ်သားများနှင့် တိုက်ပွဲဝင်စစ်သည်များအကြား အမြဲတစေခွဲခြားရမည်။ တိုက်ပွဲဝင်စစ်သည်များကိုသာ ဦးတည်တိုက်ခိုက်ရမည်။ အရပ်သားများကို ဦးတည်တိုက်ခိုက်ခြင်းမပြုရဟူ၍လည်းကောင်း၊ စည်းမျဉ်း ၂ တွင် အရပ်သားလူထုအကြား အထိတ်တလန့်ဖြစ်စေရန် အဓိကရည်ရွယ်လုပ်ဆောင်သည့် အကြမ်းဖက်လုပ်ရပ်များနှင့် ခြိမ်းခြောက်မှုများအား တားမြစ်ကြောင်းဟူ၍လည်းကောင်း ဖော်ပြပါရှိသည်။ အရပ်ဘက်အဆောက်အအုံများနှင့် စစ်ရေးဆိုင်ရာ ရည်မှန်းချက်များအကြား ခွဲခြားခြင်းနှင့်ပတ်သက်၍ စည်းမျဉ်း ၇ အဖြစ် ပဋိပက္ခတွင်ပါဝင်သောအဖွဲ့များသည် အရပ်ဘက်အဆောက်အအုံများနှင့် စစ်ရေးဆိုင်ရာ ရည်မှန်းချက်များအကြား အမြဲတစေခွဲခြားရမည်၊ စစ်ရေးဆိုင်ရာရည်မှန်းချက်ကိုသာလျှင် ဦးတည်တိုက်ခိုက်ရမည်၊ အရပ်ဘက်အဆောက်အအုံများကို ဦးတည်တိုက်ခိုက်ခြင်းမပြုရဟုဖော်ပြထားပြီး စည်းမျဉ်း ၁၁ တွင်လည်း တိကျသော စစ်ရေးဆိုင်ရာ ရည်မှန်းချက်ကို ဦးတည်တိုက်ခိုက်ခြင်းမရှိ ခွဲခြားခြင်းမရှိဘဲ သိမ်းကျုံးတိုက်ခိုက်ခြင်း (Indiscriminate attacks)အား တားမြစ်ထားကြောင်း ဖော်ပြပါရှိသည်။

KNPP နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် ယခုကဲ့သို့ အရပ်ဘက်ဆိုင်ရာ လေယာဉ်၊ ပစ္စည်းများနှင့် အရပ်သားများကို ထိခိုက်အောင် တိုက်ခိုက်ခြင်းသည် အထက်ပါအကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပြဋ္ဌာန်းချက်များအရလည်းကောင်း၊ ရာဇသတ်ကြီးပါ ပြဋ္ဌာန်းချက်များအရလည်းကောင်း၊ ဂျီနီဗာကွန်ဗန်းရှင်း ၄ ရပ်ကို အခြေခံသောလက်နက်ကိုင်ပဋိပက္ခဆိုင်ရာဥပဒေ (Law Of Armed Conflict) သို့မဟုတ် အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေ (International Humanitarian Law) အရလည်းကောင်း ကြီးလေးသောပြစ်မှုများကို ချိုးဖောက်ကျူးလွန်ခဲ့ခြင်းဖြစ်ပြီး အဆိုပါကျူးလွန်ခဲ့သူများကို နိုင်ငံတော်၏တည်ဆဲဥပဒေများအရ ထိရောက်ပြင်းထန်စွာအရေးယူနိုင်ရေး လိုအပ်သလိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

# တစ်နိုင်ငံလုံး အကြားမလပ်ဖွံ့ဖြိုးတိုးတက်ရေး

ဇော်ဇော်အောင် (မန္တလေး)

ဘယ်တိုင်းပြည်အတွက်မဆို အခြေခံအကျဆုံးမရှိမဖြစ်လိုအပ်ချက်က ဖွံ့ဖြိုးတိုးတက်ရေးပဲဖြစ်တယ်။ နိုင်ငံရေးစနစ်တွေကိုငြင်းကြခုံကြတာ၊ တည်ဆောက်ကြတာ၊ ပြုပြင်ပြောင်းလဲကြတာ၊ အဟောင်းဖျက်ပြီး အသစ်တည်ဆောက်ကြတာအားလုံးဟာ အဓိကရည်ရွယ်ချက်တစ်ခုကြောင့်ပဲဖြစ်တယ်။ အဲဒီရည်ရွယ်ချက်ကတော့ ဖွံ့ဖြိုးတိုးတက်ရေးပဲ။ ဖွံ့ဖြိုးတိုးတက်ရေးဆိုတာ စီးပွားရေးကောင်းဖို့တစ်ခုတည်းကို ဆိုလိုတာမဟုတ်ပါဘူး။ စီးပွားရေးအပြင် ကျန်တဲ့ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုနဲ့နိုင်ငံရေးစနစ်လဲ ပါဝင်တယ်။ နိုင်ငံရေးစနစ်ဆိုတာလဲ တရားသေသတ်မှတ်ပြီး တစ်ခုတည်းက ထာဝရပြည့်စုံတယ်မရှိဘူး။ ကမ္ဘာကြီးက အရှိန်အဟုန်ပြင်းပြင်းနဲ့ ပြောင်းလဲနေတာဖြစ်လေတော့နိုင်ငံရေးစနစ်ဆိုတာလဲ အမြဲတမ်းအသစ်အသစ်တွေ ကာလဒေသအခြေအနေရေခံမြေခံအရလိုအပ်နေမှာပဲဖြစ်လို့ နိုင်ငံရေးစနစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုတာလဲ ရည်မှန်းချက်တစ်ခုအဖြစ် ရှိနေသင့်တယ်။

နိုင်ငံရေးစနစ်ကို ကောင်းအောင်တည်ဆောက်ချင်ကြတဲ့ရည်ရွယ်ချက်က နိုင်ငံတွေ ဘက်စုံထောင့်စုံဖွံ့ဖြိုးတိုးတက်စေဖို့ဖြစ်သလို နိုင်ငံတစ်နိုင်ငံရဲ့ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဆိုတာကလဲ အပြန်အလှန်အားဖြင့် တည်ငြိမ်ကောင်းမွန်တဲ့နိုင်ငံရေးစနစ်ကို ရေရှည်ပိုင်ဆိုင်နိုင်ဖို့ဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်ရေးကို အာမခံချက်မပေးနိုင်ရင် ဒီမိုကရေစီစနစ်ဖြစ်ဖြစ် အခြားဘာနာမည်ပဲပေးထားပေးထား အဲဒီနိုင်ငံရေးစနစ်ကိုအလုပ်ဖြစ်တဲ့နိုင်ငံရေးစနစ်လို့ ပြောဖို့ခက်လိမ့်မယ်။ ဒီမိုကရေစီဟာ အကောင်းဆုံးနိုင်ငံရေးစနစ်ဖြစ်တယ်ဆိုရင် အဲဒီစနစ်ကိုကျင့်သုံးခြင်းရဲ့ ရည်ရွယ်ချက်ဟာ နိုင်ငံဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက်ဖြစ်တာမို့ ဒီမိုကရေစီစနစ်ကျင့်သုံးပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုမရှိရင် ဒီမိုကရေစီစနစ်ဟာ အင်မတန်ကောင်းမွန်တဲ့နိုင်ငံရေးစနစ်ပါဆိုတဲ့ကိစ္စကို မေးခွန်းထုတ်စရာဖြစ်လိမ့်မယ်။ ဒါကြောင့် ဒီမိုကရေစီကျင့်သုံးရင် တိုင်းပြည်ဟာ အမှန်တကယ်ဖွံ့ဖြိုးတိုးတက်လာဖို့မဖြစ်မနေလိုတယ်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာမှသာ ဒီမိုကရေစီ စနစ်ရဲ့တန်ဖိုးဟာလဲ မြင့်တက်လာနိုင်မှာဖြစ်သလို အဲဒီ ဒီမိုကရေစီစနစ်ဟာ အမှန်တကယ် ရေရှည်တည်တံ့ပြီး ထွန်းကားနေနိုင်မှာဖြစ်တယ်။

တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်ရေးဟာ နိုင်ငံရေရှည်တည်တည်ငြိမ်ငြိမ်ရှိဖို့၊ ငြိမ်းချမ်းသာယာနေဖို့၊ ချမ်းသာကြွယ်ဝနေဖို့၊ သူများနဲ့ယှဉ်ရင်အောက်တန်းနောက်တန်းမကျဖို့ စတဲ့ကိစ္စတွေအတွက် ပင်မသွေးကြောပဲ။ မြန်မာနိုင်ငံဟာ ပြည်နယ်တွေ၊ တိုင်းဒေသကြီးတွေနဲ့ ဖွဲ့စည်းထားတဲ့တိုင်းရင်းသားလူမျိုးပေါင်းစုံမှီတင်းနေထိုင်တဲ့ပြည်ထောင်စုနိုင်ငံဖြစ်တယ်။ တစ်နိုင်ငံလုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရေးဆိုတာဟာ ပြည်နယ်ပြည်မဒေသအားလုံး ဖွံ့ဖြိုးတိုးတက်ဖို့၊ တိုင်းရင်းသားအားလုံး၊ နိုင်ငံသားအားလုံး အေးချမ်းသာယာဝပြောဖို့ဖြစ်တယ်။ ဒါတင်မကသေးဘူး။ တိုင်းပြည်တစ်ခုမှာ မရှိမဖြစ် လိုအပ်တဲ့နိုင်ငံသားတွေအားလုံး တန်းတူညီမျှရှိရေး၊ တရားမျှတရေးတို့အတွက် အခြေခံအကျဆုံးကိစ္စလဲဖြစ်တယ်။ တစ်နိုင်ငံလုံး တစ်ပြေးညီတိုးတက်ဖွံ့ဖြိုးမှသာ ပြည်နယ်ပြည်မတွေကြား၊ တောင်ပေါ်နဲ့ မြေပြန့်ကြားဆင်းရဲချမ်းသာကွာဟမှု၊ လူနေမှုအဆင့်အတန်းကွာဟမှု၊ ကျန်းမာရေးနဲ့ပညာရေးအခွင့်အရေး ကွာဟမှုတွေ လျော့ပါးပျောက်ကွယ်သွားနိုင်မှာဖြစ်ပါတယ်။ ဝေးလံခေါင်ဖျား တောင်ပေါ်ဒေသက တိုင်းရင်းသားတွေဟာ ပင်လယ်နဲ့နီးတဲ့မြေပြန့်ဒေသက နိုင်ငံသားတွေလိုပဲ ကောင်းမွန်စွာ အသက်မွေးဝမ်းကျောင်းခွင့်ရကြမယ်၊ ကျန်းမာရေးစောင့်ရှောက်မှုကို ခံယူခွင့်ရှိကြမယ်၊ ပညာသင်ကြားခွင့်ရှိကြမယ်၊ သေချာခိုင်မာပြည့်စုံတဲ့ ဘဝနဲ့ သေချာခိုင်မာပြည့်စုံတဲ့ အနာဂတ်ကို ပိုင်ဆိုင်ခွင့်ရရှိကြမယ်ဆိုရင် တိုင်းရင်းသားတွေကြား၊ နိုင်ငံသားတွေကြား အငြိုးတွေအမုန်းတွေဆိုတာရှိနိုင်ပါအုံးမလား။ နိုင်ငံသားတွေအားလုံး အချင်းချင်းချစ်ခင်စည်းလုံးကြဖို့၊ အချင်းချင်းလေးစားတန်ဖိုးထားကြဖို့၊ အချင်းချင်းကူညီစောင့်ရှောက်ကြဖို့ဆိုတာ အတွေ

> ❖ တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်ရေးဟာ နိုင်ငံရေရှည်တည်တည်ငြိမ်ငြိမ်ရှိဖို့၊ ငြိမ်းချမ်းသာယာနေဖို့၊ ချမ်းသာကြွယ်ဝနေဖို့၊ သူများနဲ့ယှဉ်ရင် အောက်တန်းနောက်တန်းမကျဖို့ စတဲ့ကိစ္စတွေအတွက် ပင်မသွေးကြောပဲ။ မြန်မာနိုင်ငံဟာ ပြည်နယ်တွေ၊ တိုင်းဒေသကြီးတွေနဲ့ ဖွဲ့စည်းထားတဲ့ တိုင်းရင်းသားလူမျိုးပေါင်းစုံမှီတင်းနေထိုင်တဲ့ ပြည်ထောင်စုနိုင်ငံဖြစ်တယ်။ တစ်နိုင်ငံလုံးအကြားအလပ်မရှိဖွံ့ဖြိုးတိုးတက်ရေးဆိုတာဟာ ပြည်နယ်ပြည်မဒေသအားလုံး ဖွံ့ဖြိုးတိုးတက်ဖို့၊ တိုင်းရင်းသားအားလုံး၊ နိုင်ငံသားအားလုံး အေးချမ်းသာယာဝပြောဖို့ဖြစ်တယ်။ ❖

အထူးစိုးရိမ်ပူပန်နေစရာမလိုဘဲ အလိုလိုပြေလည်သွားပါလိမ့်မယ်။

အဲဒီလိုအခြေအနေကို ဖန်တီးနိုင်ကြပြီဆိုရင် နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲဖို့၊ တစ်နည်းအားဖြင့် နိုင်ငံတော်တည်တံ့ခိုင်မာဖို့ဆိုတဲ့ ကိစ္စအတွက်လဲ အင်မတန်ကြီးမားတဲ့အင်အားတစ်ခု၊ အထောက်အပံ့တစ်ခုကိုရရှိပြီးသားဖြစ်သွားလိမ့်မယ်။ နိုင်ငံသားတွေအားလုံးဟာ များစွာစည်းလုံးညီညွတ်နေကြလိမ့်မယ်။ တစ်နိုင်ငံလုံးဖွံ့ဖြိုးတိုးတက်နေတဲ့အခြေအနေက သူတို့ရဲ့ဘဝ၊ သူတို့ရဲ့မျိုးဆက်တွေရဲ့ဘဝနဲ့ အနာဂတ်ကို ကောင်းမွန်စွာ ပုံဖော်ပေးထားတဲ့၊ တည်ဆောက်ပေးထားတဲ့၊ အာမခံချက်ပေးထားတဲ့ အကြောင်းခြင်းရာဖြစ်နေတာကြောင့် အဲဒီအခြေအနေကို သူတို့က အပွန်းပဲ့ခံကြမှာမဟုတ်ဘူး။ ယုတ်လျော့မဲ့အခြေအနေကိုလဲ လက်ခံကြမှာမဟုတ်ဘူး။ နိုင်ငံတော်အပေါ်၊ အချုပ်အခြာအာဏာအပေါ် ကျရောက်လာမဲ့ ဘယ်လိုအန္တရာယ်မျိုးကိုမဆို နိုင်ငံသားတွေက စည်းလုံးညီညွတ်စွာနဲ့ ကြံ့ကြံ့ခံခုခံတွန်းလှန်ဖယ်ရှားကြလိမ့်မယ်။

နိုင်ငံတော်နဲ့နိုင်ငံသားတွေရဲ့ ဂုဏ်သိက္ခာနဲ့တန်ဖိုးကို တစ်နိုင်ငံလုံး အကြားမလပ်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရင် တစ်နိုင်ငံလုံးမှာရှိတဲ့ အခြေခံအဆောက်အအုံတွေကလဲ တောင့်တင်းခိုင်မာစနစ်ကျခေတ်မီနေပြီးသားဖြစ်မှာဖြစ်သလို နိုင်ငံသားတွေရဲ့အဆင့်အတန်းနဲ့အရည်အသွေးဟာလဲ အဆင့်မီနေကြမှာဖြစ်တယ်။ အားလုံးက ပညာတတ်သူတွေ၊ စားဝတ်နေရေးဖူလုံပြည့်စုံသူတွေ၊ ကိုယ်ကျင့်တရားကောင်းမွန်သူတွေ၊ အသိတရားပြည့်စုံကြွယ်ဝသူတွေ၊ အတွေးအခေါ်မြင့်မားသူတွေ၊ မိမိကိုယ်ကို ယုံကြည်မှုအပြည့်အဝရှိကြသူတွေ ဖြစ်လာကြမှာဖြစ်တာကြောင့် ကမ္ဘာမှာဘယ်နိုင်ငံနဲ့ ယှဉ်ယှဉ်အောက်တန်းနောက်တန်းကျနေတော့မှာ မဟုတ်တော့တာ သေချာတယ်။ အဲဒီအခါအစိုးရရဲ့ ဂုဏ်သိက္ခာဟာလဲ မြင့်သည်ထက်မြင့်မားလာမယ်။ နိုင်ငံတော်ရဲ့တန်ဖိုးနဲ့ ဂုဏ်သိက္ခာ၊ နိုင်ငံသားတွေရဲ့ တန်ဖိုးနဲ့ ဂုဏ်သိက္ခာဟာလဲ မြင့်မားလာမှာမုချဖြစ်တယ်။ ဆင်းရဲပြီးတော့ အသိတရားနိမ့်ပါးလို့ ဂုဏ်သိက္ခာနဲ့ တန်ဖိုးနိမ့်ကျနေကြရတဲ့အခြေအနေဆိုတာ လွင့်ပါးပျောက်ကွယ်သွားလိမ့်မယ်။ ဘယ်တိုင်းပြည် ဘယ်လူမျိုးကမှ ကိုယ့်နိုင်ငံနဲ့ ကိုယ့်နိုင်ငံသားတွေကို စော်ကားမော်ကား လုပ်ရဲကြမှာမဟုတ်တဲ့အပြင် တလေးတစားနဲ့ဆက်ဆံကြရတော့မှာဖြစ်တယ်။

နိုင်ငံအနှံ့ အကြားမလပ်ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံရေးစနစ်တစ်ခုတည်ဆောက်ရုံနဲ့ အကောင်အထည်ဖော်နိုင်မှာ မဟုတ်ဘူး။ ရွေးကောက်ပွဲတွေ၊ လွှတ်တော်တွေ ပုံမှန်ရှိနေရုံနဲ့လဲ ဖြစ်မလာဘူး။ ဖွံ့ဖြိုးတိုးတက်ရေးဟာ နိုင်ငံရေးနဲ့ဆိုင်တာမှန်ပေမဲ့ နိုင်ငံရေးတစ်ခုတည်းနဲ့ဆိုတာမဟုတ်ဘူး။ နိုင်ငံရေးစနစ်ကိုတစ်ဖက်မှာ အကောင်းဆုံးတည်ဆောက်ကြရင်းနဲ့ တစ်ပြိုင်နက်တည်းမှာ နိုင်ငံသားတွေရဲ့ အရည်အသွေးမြင့်လာအောင် အထူးကြိုးပမ်းမြှင့်တင်ရလိမ့်မယ်။ နိုင်ငံသားတွေရဲ့ အရည်အသွေးဆိုရာမှာစိတ်ပိုင်းဆိုင်ရာအရည်အသွေးရော ရုပ်ပိုင်းဆိုင်ရာအရည်အသွေးပါမြှင့်တင်ဖို့ဖြစ်တယ်။ ရုပ်ပိုင်းဆိုင်ရာကြံ့ခိုင်သန်စွမ်းဖို့နဲ့စိတ်ပိုင်းဆိုင်ရာကြံ့ခိုင်သန်စွမ်းဖို့ကို တစ်ပြိုင်နက်တည်း တည်ဆောက်ရမှာဖြစ်တယ်။ ဖွံ့ဖြိုးတိုးတက်ရေးဆိုတာမှာကိုက ဒီနှစ်ချက်ကိုအခြေခံကျကျ လုပ်ကိုင်ကြဖို့လိုအပ်တယ်။ နိုင်ငံသားတွေရုပ်ပိုင်းဆိုင်ရာရော စိတ်ပိုင်းဆိုင်ရာပါကြံ့ခိုင်သန်စွမ်းလာကြမယ်ဆိုရင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဟာလဲ ကျွဲကူးရေပါကိစ္စဖြစ်သွားပါတယ်။ အပြန်အလှန်အားဖြင့်လဲ နိုင်ငံဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ နိုင်ငံသားတွေရဲ့စိတ်ပိုင်းဆိုင်ရာနဲ့ရုပ်ပိုင်းဆိုင်ရာ အရည်အသွေးတွေဟာ ဖွံ့ဖြိုးတိုးတက် (ကြံ့ခိုင်သန်စွမ်း) လာလေ့ရှိပါတယ်။ ရုပ်ပိုင်းဆိုင်ရာ ကြံ့ခိုင်သန်စွမ်းမှုအတွက်က အာဟာရပြည့်ဝစွာ စားသောက်၊ ကျန်းမာရေးနဲ့အညီနေထိုင်နိုင်ဖို့ဖန်တီးပေးရမှာဖြစ်ပြီးတော့စိတ်ပိုင်းဆိုင်ရာကြံ့ခိုင်သန်စွမ်းမှုအတွက် အသိပညာပြည့်စုံရေး စိတ်ဓာတ်နဲ့ အတွေးအခေါ်မြင့်မားရေးကို တည်ဆောက်မြှင့်တင်ပေးဖို့လိုအပ်ပါတယ်။ ကိုယ်ကျင့်တရားကောင်းမွန်တဲ့ပညာတတ်အသိပညာပြည့်စုံတဲ့ စည်းကမ်းဥပဒေတွေကို တန်ဖိုးထားလေးစားလိုက်နာရကောင်းမှန်းသိတဲ့နိုင်ငံသားတွေဆိုတာဟာ အရည်အသွေးမြင့်တဲ့နိုင်ငံသားတွေဖြစ်ပြီးတော့ သူတို့ဟာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အဓိကမောင်းနှင်ကြမဲ့ မောင်းနှင်းအားတွေဖြစ်ပါတယ်။

နေရာဒေသတစ်ခု ဒါမှမဟုတ် နေရာဒေသတချို့ကိုကွက်ပြီး ဖွံ့ဖြိုးတိုးတက်စေတယ်ဆိုရင် ဒါဟာနိုင်ငံတည်ဆောက်တယ်လို့မဆိုနိုင်ပါဘူး။ နိုင်ငံသားအားလုံး၊ တောင်ပေါ်မြေပြန့်ဒေသတွေအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင်မလုပ်ဆောင်နိုင်ကြရင် နိုင်ငံလဲ ဘယ်လိုနည်းနဲ့မှ တိုးတက်ဖွံ့ဖြိုးလာဖို့ မရှိတာ အမှန်ဖြစ်ပါတယ်။ နိုင်ငံသားတွေအချင်းချင်း အပြန်အလှန် ယုံကြည်မှု၊ အချင်းချင်းရိုင်းပင်းကူညီစောင့်ရှောက်မှု၊ လေးစားတန်ဖိုးထားမှု မရှိဘဲနဲ့ စည်းလုံးညီညွတ်လာဖို့ဆိုတာခက်ခဲပါလိမ့်မယ်။ နိုင်ငံသားတွေအချင်းချင်း လေးစားချစ်ခင်စည်းလုံးညီညွတ်မှုကို တည်ဆောက်ခြင်းကသာ နိုင်ငံတည်ဆောက်ခြင်း (ရေရှည်တည်တံ့ခိုင်မာအောင်၊ ငြိမ်းချမ်းသာယာဝပြောအောင်) ဖြစ်ပါတယ်။

နိုင်ငံရေးစနစ်ကောင်းတစ်ခု အခိုင်အမာတည်ဆောက်နိုင်ဖို့ဆိုတာကလဲ နိုင်ငံအနှံ့ အကြားမလပ်ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်တဲ့အလုပ်နဲ့ အပြန်အလှန်သက်ရောက်မှုရှိနေတာဖြစ်ပါတယ်။ နိုင်ငံရေးစနစ်ကောင်းတစ်ခုရရှိနိုင်ဖို့ကို နိုင်ငံရေးသမားတွေ၊ နိုင်ငံရေးပါတီတွေကပဲ တည်ဆောက်ပေးဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ အထူးသဖြင့် ဒီမိုကရေစီ နိုင်ငံရေးစနစ်ကို တည်ဆောက်ကြမယ်ဆိုရင် ဒီမိုကရေစီဆိုတာက အများပြည်သူ (နိုင်ငံသားတွေ) အပေါ် လုံးလုံးတည်မှီနေတယ်ဆိုတာ မေ့လို့မရပါဘူး။ ဒါကြောင့်မို့လို့ပဲ နိုင်ငံသားတွေရဲ့ အရည်အသွေးဆိုတာဟာ ဒီမိုကရေစီရဲ့အရည်အသွေးနဲ့ တိုက်ရိုက်အချိုးကျနေရတာဖြစ်ပါတယ်။ နိုင်ငံသားတွေ အရည်အသွေးမြင့်မလာဘဲ ဒီမိုကရေစီအရည်အသွေးမြင့်မလာနိုင်ပါဘူး။ နိုင်ငံသားတွေ အရည်အသွေးမြင့်မားလာလေ ဒီမိုကရေစီရဲ့အရည်အသွေးလဲ မြင့်မားလာလေဖြစ်ပါတယ်။ ဒီမိုကရေစီကို အဓိကတည်ဆောက်ရမှာက နိုင်ငံသားတွေဖြစ်ပါတယ်။ နိုင်ငံရေးသမားတွေမဟုတ်ပါ။ နိုင်ငံရေးသမားတွေ၊ နိုင်ငံရေးပါတီတွေဆိုတာက နိုင်ငံသားတွေကို ကိုယ်စားပြုရတာဖြစ်ပါတယ်။ နိုင်ငံသားတွေကို တာဝန်ခံရတာဖြစ်ပါတယ်။ နိုင်ငံသားတွေကို အဆင့်မြင့်မားလာအောင်ကူညီပံ့ပိုးရတာဖြစ်ပြီးတော့ နိုင်ငံသားတွေက နိုင်ငံတည်ဆောက်ရေးကို ထိထိရောက်ရောက်တက်တက်ကြွကြွနည်းလမ်းမှန်ကန်စွာနဲ့ အားသွန်ခွန်စိုက်လုပ်နိုင်ကြဖို့၊ အခြေအနေကောင်းတွေကို ဖန်တီးတည်ဆောက်ပေးဖို့က နိုင်ငံရေးသမားတွေနဲ့ နိုင်ငံရေးပါတီတွေရဲ့ အဓိကတာဝန်ဖြစ်ပါတယ်။

ဒါကြောင့် အချုပ်အားဖြင့်ဆိုရင် တစ်နိုင်ငံလုံးအကြားမလပ်ဖွံ့ဖြိုးတိုးတက်ရေးဟာ နိုင်ငံတည်ဆောက်ရေးအတွက်ရော နိုင်ငံရေးစနစ်တည်ဆောက်ရေးအတွက်ပါ လွန်စွာမှပဓာနကျလှပါတယ်။ ပြည်ထောင်စုကြီး ပိုမိုခိုင်မာတောင့်တင်းရေး၊ နိုင်ငံသားတွေအားလုံး ချမ်းသာကြွယ်ဝ ငြိမ်းချမ်းသာယာ ပျော်ရွှင်ရေးနဲ့ နိုင်ငံကိုချစ်ခင်မြတ်နိုးကြပြီး နိုင်ငံတည်ဆောက်ရေးမှာ တက်ကြွစွာပါဝင်လာကြရေး၊ နိုင်ငံတော်နဲ့ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် အဓိကသော့ချက်ဟာ နိုင်ငံအနှံ့ အကြားမလပ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဖြစ်ကြောင်း အားလုံးသတိမူမိကြပြီး ဆောင်ရွက်သင့်ဆောင်ရွက်ထိုက်တာတွေကို အထူးကြိုးစားဆောင်ရွက်ကြစေလိုပါကြောင်း လေးစားစွာသတိပေးတိုက်တွန်းလိုက်ပါတယ်။

# ဆူမတြားကျွန်းမြောက်ဘက်ပိုင်း၌ မြေငလျင်လှုပ်ခတ်မှုကြောင့် လူတစ်ဦးသေဆုံးပြီး ကိုးဦးဒဏ်ရာရ




**ဂျကာတာ အောက်တိုဘာ ၂**

အင်ဒိုနီးရှားနိုင်ငံ ဆူမတြားကျွန်းမြောက်ဘက်ပိုင်းတွင် အောက်တိုဘာ ၁ ရက်က ပြင်းအား ၅ ဒသမ ၈ မဂ္ဂနီကျူရှိသည့်မြေငလျင်လှုပ်ခတ်မှုကြောင့် လူတစ်ဦးသေဆုံးပြီး ကိုးဦးဒဏ်ရာရရှိခဲ့ကြောင်း ဆူမတြားကျွန်းအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု SBS သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

အင်ဒိုနီးရှားဇလဗေဒနှင့် ဘူမိဗေဒအေဂျင်စီက မြေငလျင်သည် ပြင်းအားများခဲ့သော်လည်း နောက်ဆက်တွဲဖြစ်သည့် ဆူနာမီလှိုင်းဝင်ရောက်လာဖွယ်မရှိကြောင်း ထုတ်ပြန်ခဲ့ပြီး မြေငလျင်လှုပ်ခတ်မှုကြောင့် နေအိမ်ငါးလုံးပျက်စီးခဲ့ကာ ဒေသခံတချို့လည်း ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရကြောင်း သိရသည်။

"အောက်တိုဘာ ၁ ရက်က ဆူမတြားကျွန်းမြောက်ဘက်ပိုင်းမှာ ပြင်းအား ၅ ဒသမ ၈ မဂ္ဂနီကျူရှိတဲ့ မြေငလျင်လှုပ်ခတ်ခဲ့ပါတယ်။ မြေငလျင်လှုပ်ခတ်မှုကြောင့် သေဆုံးသူ တစ်ယောက်ရှိခဲ့ပြီးတော့ ကိုးယောက် ထိခိုက်ဒဏ်ရာရရှိခဲ့တယ်လို့ သိရပါတယ်။ လူနေအိမ်ခြေ ငါးလုံးပျက်စီးသွားခဲ့ပြီးတော့ ဒေသခံတချို့ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရပါတယ်။ မြေငလျင်လှိုင်းရောက်ခဲ့တဲ့ဧရိယာတွေမှာ မြေပြိုကျမှုတွေ ဖြစ်ပေါ်လာနိုင်တဲ့အခြေအနေဖြစ်ပါတယ်။ မြေပြိုကျမှုကိုတော့ အထူးသတိပြုစောင့်ကြည့်သွားရမယ်။ ဆူမတြားကျွန်းမှာ မြေငလျင်လှုပ်ရင် ပျက်စီးဆုံးရှုံးမှုနှုန်း မြင့်မားလေ့ရှိတဲ့အတွက်ကြောင့်လဲ ပိုပြီးသတိထားရမယ်"ဟု အင်ဒိုနီးရှားဇလဗေဒနှင့် ဘူမိဗေဒအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ ကာနာဝါတီက ပြောကြားခဲ့သည်။

မြေငလျင်သတိပေးချက်လက်ခံရရှိသည်နှင့် ဒေသခံအများစုမှာ အမိုးအကာလွတ်သည့်နေရာသို့ အမြန်ဆုံးပြောင်းရွှေ့နိုင်ခဲ့သည့်အတွက်ကြောင့်လည်း သေဆုံးသူနှင့် ထိခိုက်ဒဏ်ရာရရှိသူအနည်းငယ်သာ ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အင်ဒိုနီးရှားဇလဗေဒနှင့် ဘူမိဗေဒအေဂျင်စီ၏ထုတ်ပြန်ချက်အရ ဆူနာမီလှိုင်းဖြစ်ပေါ်လာဖွယ်မရှိသော်လည်း မြေငလျင်လှိုင်းဒဏ်သင့်ဧရိယာများတွင် မြေပြိုကျမှုများဖြစ်ပေါ်လာနိုင်ခြေရှိနေသည်ဟု သတိပေးချက်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**ခိုင်းဆက်**

# ဖလော်ရီဒါနှင့် ကာရိုလိုင်းနားပြည်နယ်တို့တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေ

**ဝါရှင်တန် အောက်တိုဘာ ၂**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်နှင့် ကာရိုလိုင်းနားပြည်နယ်တို့တွင် မုန်တိုင်းအခြေအနေတည်ငြိမ်သွားပြီဖြစ်သဖြင့် ပြည်နယ်အလိုက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ယနေ့တွင် စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း ဖလော်ရီဒါပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်နှင့် ကာရိုလိုင်းနားပြည်နယ်တို့တွင် စက်တင်ဘာ ၃၀ ရက်က အီယန်ဟုအမည်ပေးထားသည့် မုန်တိုင်းဝင်ရောက်တိုက်ခတ်မှုကြောင့် လူ ၇၇ ဦးထက်မနည်းသေဆုံးခဲ့ပြီး ပျက်စီးဆုံးရှုံးမှုအမြောက်အမြားဖြင့် ရင်ဆိုင်ခဲ့ရကြောင်း၊ အီယန်ဟာရီကိန်းမုန်တိုင်းအန္တရာယ်ဖြင့် အဆိုးရွားဆုံးရင်ဆိုင်ခဲ့ရသည့်ပြည်နယ်မှာ ဖလော်ရီဒါပြည်နယ်ဖြစ်ပြီး ဖလော်ရီဒါပြည်နယ်တစ်ခုတည်း၌ သေဆုံးသူ ၃၅ ဦးထိရှိခဲ့ကြောင်း သိရသည်။

"မုန်တိုင်းအခြေအနေတည်ငြိမ်သွားပြီဖြစ်တဲ့အတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ ဆောင်ရွက်နေပါပြီ။ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ ဆောင်ရွက်ရာ



မှာ အပျက်အစီးတွေကို ရှင်းလင်းနိုင်ဖို့က အရေးကြီးတယ်။ ဒါကြောင့် ရှင်းလင်းရေး လုပ်ငန်းတွေကို ဦးစားပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကာရိုလိုင်းနားပြည်နယ်မှာတော့ လေတိုက်နှုန်းကြောင့် ပျက်စီးသွားတာထက် ရေကြီးရေလျှံမှုကြောင့် ပျက်စီးခဲ့တဲ့ပမာဏက ပိုများပါတယ်။ လျှပ်စစ်မီးအမြန်ဆုံးပြန်လည်ရရှိဖို့နဲ့ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေရေးအတွက်ကို ဦးစားပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ကာရိုလိုင်းနားပြည်နယ်အစိုးရအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဟင်နရီမက်မာစတာက ပြောကြားခဲ့သည်။

မုန်တိုင်းကြောင့် လျှပ်စစ်မီးပြတ်တောက်မှုများဖြင့်လည်း ရင်ဆိုင်နေရပြီး သေဆုံးသူများတွင် သက်ကြီးရွယ်အိုများ ပါဝင်နေကြောင်း၊ သက်ကြီးရွယ်အိုတချို့မှာ ကျန်းမာရေးအခြေအနေအရ အောက်ဆီဂျင်ရှူနေရပြီး မုန်တိုင်းကြောင့် လျှပ်စစ်မီးပြတ်တောက်၍ အောက်ဆီဂျင်မရှူနိုင်တော့သည့်အတွက် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ခိုင်းဆက်**

# မင်နီကာဒါရီဂျင်နယ်သစ်တောဉယျာဉ်တွင် တောမီးလောင်ကျွမ်းလျက်ရှိ

**အော့တာဝါ အောက်တိုဘာ ၂**

ကနေဒါနိုင်ငံ ဗန်ကိုဗားနယ်မြေ ကိုကွစ်လမ်ဒေသရှိ မင်နီကာဒါရီဂျင်နယ်သစ်တောဉယျာဉ်တွင် အောက်တိုဘာ ၁ ရက်က တောမီးလောင်ကျွမ်းမှု ဖြစ်ပွားလျက်ရှိကြောင်း ဗန်ကိုဗားအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု CTV News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ကနေဒါနိုင်ငံတွင် ၂၀၂၂ ခုနှစ်နွေရာသီကာလအတွင်း တောမီးလောင်ကျွမ်းမှုအကြိမ်ရေစိပ်ခဲ့သကဲ့သို့ ယခင်နှစ်များထက် တောမီးလောင်ကျွမ်းမှုနှုန်းမြင့်မားခဲ့ပြီး ရာသီဉတု ပူပြင်းခြောက်သွေ့သည့်အတွက် တောမီးမှာ ၂၄ နာရီအတွင်း ထိန်းချုပ်ရခက်သည့်အဆင့်သို့ရောက်ရှိခဲ့သဖြင့် သစ်တောကို ထိန်းချုပ်နိုင်ရေးအတွက်လေကြောင်းအကူအညီကိုပါ ရယူခဲ့ရသည်။

"အောက်တိုဘာ ၁ ရက်က မင်နီကာဒါရီဂျင်နယ်သစ်တောဉယျာဉ်မှာ တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပါတယ်။ တောမီးလောင်ကျွမ်းမှုဖြစ်ပွားတဲ့နေရာက လူသူအရောက်အပေါက်နည်းတဲ့နေရာဖြစ်တယ်။ မိုးလေဝသအခြေအနေကြောင့် တောမီးဟာ ထိန်းချုပ်ရခက်တဲ့အဆင့်ကို ရောက်ရှိခဲ့ပါတယ်။ တောမီးကို ထိန်းချုပ်နိုင်ဖို့ ကလဲ မြေပြင်ကနေထိန်းချုပ်ဖို့ မဖြစ်နိုင်တဲ့အတွက်ကြောင့် လေကြောင်းအကူအညီကို ရယူခဲ့ရပါတယ်။ လာမဲ့ ၂၄ နာရီအတွင်း တောမီးကို ရာနှုန်းပြည့်ထိန်းချုပ်နိုင်မယ်လို့ ယုံကြည်ပါတယ်"ဟု ဗန်ကိုဗားနယ်မြေအာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

တောမီးမှာ ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိနေသော်လည်း လူနေအိမ်ခြေများဆီသို့ ကူးစက်နိုင်သည့် အခြေအနေမျိုး မဟုတ်သည့်အတွက်ကြောင့် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ညွှန်ကြားချက် ထုတ်ပြန်ထားခြင်းမရှိကြောင်း သိရသည်။

တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေသည့် မင်နီကာဒါရီဂျင်နယ်သစ်တောဉယျာဉ်ကို ယာယီပိတ်ထားပြီး ဝင်ရောက်လေ့လာသူများကို ဝင်ခွင့်မပြုကြောင်း မင်နီကာဒါရီဂျင်နယ်သစ်တောဉယျာဉ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**ခိုင်းဆက်**

## မုန်တိုင်းဖြစ်ပေါ်ပြီးချိန်တွင် ပြုလုပ်ရန် အချက်များ

၁။ မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ။



၂။ အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ဓာတ်တိုင်၊ သစ်ပင် သစ်ကိုင်းများ သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပြီး ကူညီရှင်းလင်းပါ။




၃။ အိမ်၏ခိုင်ခံ့မှုအနေအထားနှင့် အဆိပ်ရှိသော တိရစ္ဆာန်များ အိမ်ခြံအတွင်း ရှိမရှိ စစ်ဆေးပါ။



၄။ သန့်ရှင်းသောသောက်သုံးရေ(သို့) ကျိုချက်ထားသောရေ (သို့) ရေသန့်ဆေးခတ်ထားသော ရေကိုသာ အမြဲသောက်သုံးပါ။





၅။ ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ။



0w Kw d @

# ဥမ္မာခင်နဲ့ တစ်ပတ်တာ

စိုးဗျာနီထွန်း



(၁)

မနက်အိပ်ရာထ။

“အမယ်လေး ကိုယ်တွေလက်တွေကိုက်ခဲနေပါလား။ မဖြစ်ဘူးမဖြစ်ဘူး ဆေးကြိုသောက်ထားမှပါပဲ။ တော်ကြာ ဥမ္မာခင်နဲ့တိုးနေမှဖြင့် ခက်ခက်ရချေသေး”

ဒေါ်သီတာခင်တစ်ယောက် ခပ်တိုးတိုးရေရွတ်ရင်းမှ ဈေးကိုအမြန်သွား၊ ကြက်သားရင်အုပ်သားတစ်ပိဿာနဲ့ ပဲပြုတ်သုံးရာဖိုး၊ မုန်လာဥနီ၊ ပဲသီးနှစ်စီး၊ ငါးပိရည်အတို့အမြှုပ်၊ ပါရာစီတမောတစ်ကတ်၊ အမောက်ဆလင်တစ်ကတ်အမြန်ဝယ်ပြီး အိမ်ကိုပြန်၊ ပဲပြုတ်နဲ့ထမင်းကို ပဲဆီဆမ်းရင်း ကြက်ဥမွှေကြော် ငါးပိရည်အတို့လေးနဲ့ စားပြီးပြီးချင်း ဈေးကဝယ်လာတဲ့ဆေးကိုအမြန်သောက်ချလိုက်တယ်။ နောက် အိမ်အရောင်းအဝယ်ချိန်းထားတဲ့နေရာကို အရောက်သွားပြီး အရောင်းအဝယ်ဖြစ်ကြတော့ ပွဲစားအသီးသီးခွဲဝေယူကြကာ ပိုက်ဆံအိတ်ထဲ ငွေနှစ်သိန်းထည့်၍ ဖြုံးဖြုံးလေးအိမ်ကိုပြန်လာတော့ နေ့လယ် နှစ်နာရီ။ ဈေးကဝယ်လာတဲ့ကြက်သားတွေကို ချင်း၊ ကြက်သွန်ဖြူထည့်ပြုတ်ကြော်လုပ်ရင်း ပဲသီး၊ မုန်လာဥနီ၊ ဂေါ်ဖီထုပ်ကိုရေစင်စင်ဆေး၊ ပါးပါးလှီးပြီးကြော်၊ တရုတ်နံနံလေးအုပ် အလျှင်အမြန်ချက်ပြုတ်ပြီး အမောဖြေ နေ့လယ်စာစား။ ညနေရောက်ရင် လင်တော်မောင်ကိုတက်တူအကြိုက် ကြက်သားသုပ်လေးကို သံပရာရည်လေးညှစ်ထည့်ပြီး ငရုတ်သီးစိမ်းလေးနုပ်နုပ်လှီး၊ကြက်သွန်နီတစ်ဥ၊ ခရမ်းချဉ်သီးတစ်ခြမ်းနဲ့သုပ်ပေးအုံးမှ။ သားနှစ်ယောက်အတွက် အာလူးနဲ့ကြက်သားဟင်း၊ ချဉ်ပေါင်ချဉ်ရည်၊ အစိမ်းကြော်နဲ့ဆို ထမင်းမြိန်မှာပါလေ။ စဉ်းစားရင်း လက်ကလဲ ပန်းကန်တွေဆေး၊ အာလူးအခွံသင် တစ်ခုပြီးတစ်ခု ဇယ်စက်သလို ခပ်မြန်မြန်ခပ်သော့သော့နဲ့။

(၂)

အိမ်ပွဲစားဒေါ်သီတာခင်မှာ ကိုတက်တူနဲ့အကြောင်းပါပြီး မွေးထားတာ သားနှစ်ယောက်။ သားကြီးက ဆယ်တန်း။ သားငယ်က ငါးတန်း။ ဆယ်တန်းကျောင်းသား သားကြီးက စာကျက်ဖို့ပြောစရာမလိုသလောက် သားငယ်က စာကျက်ဖို့ပြောယူနေရတာ အာပေါက်မတတ်။ ဒီကြားထဲ ဂျီကျတတ်၊ အရစ်ရှည်တတ်သေးတာ။ သားနှစ်ယောက်မွေးထားပေမဲ့ အသွင်မတူ၊ စိတ်ဓာတ်ချင်းကမတူ။ ကိုတက်တူက ရုံးဝန်ထမ်းဆိုတော့ မနက် ခုနစ်နာရီထိုးတာနဲ့ အိမ်ကထွက်။ ညနေ ခြောက်နာရီလောက်မှ အိမ်ပြန်ရောက်။ သားငယ်က မနက် ရှစ်နာရီခွဲပြီးတာနဲ့ ကျောင်းသွား။ ညနေ သုံးနာရီမှ အိမ်ပြန်ရောက်။ အိမ်မှာ ဒေါ်သီတာခင်အလုပ်ရှိလို့ အပြင်သွားရင် သားကြီးကအိမ်စောင့်။ ညနေစောင်းတော့မှ အိမ်မှာ လူစုံတက်စုံ။

“မိန်းမရေ မိန်းမ”

“အဲ ကိုတက်တူဘာဖြစ်”

“ကိုဖျားပြီထင်တယ်မိန်းမရာ။ ခြေလက်တွေမသယ်ချင်လောက်အောင်ဖြစ်ပြီး တစ်ကိုယ်လုံးတဆစ်ဆစ်ကိုက်ကကိုက်နဲ့ မျက်မှန်တပ်ထားတာတောင် မျက်လုံးကမကြည်တော့ဘူး။ ဟူး. . .”

“ကိုယ်တွေပူနေပြီ”

ကိုတက်တူနဖူးကို ဒေါ်သီတာခင်စမ်းရင်း-

“သေချာတယ် ဥမ္မာခင်ပဲ အဲဒါဆို”

“ဘာ ဥမ္မာခင်”

“ရှင်ကလဲ ဒီလောက်တောင်မသိဘူးလား။ အိုမီခရွန်ကို နာမည်ပြောင်ပေးထားကြတာလေ။ မြန်မာနိုင်ငံကလူတွေတော်ချက်”

“သိပါတယ်ကွာ ဥမ္မာခင်ဆိုရင်တော့ အလုပ်ပျက်၊ အကိုင်ပျက်ဖြစ်ရအုံးမှာ”

“ကိုဗစ်ကာကွယ်ဆေးထိုးထားပြီးသားပဲ အသက်အန္တရာယ်တော့မဖြစ်လောက်ပါဘူး ကိုတက်တူရယ်။ လာထား ကြာသလားလို့ ကိုတက်တူရေ ဂိုးတူ အေးဆေးခန်းသွားမှ”

ဆေးခန်းရောက်တော့ တံကင်နံပါတ်ကရှစ်ဆယ်။ နှစ်နာရီလောက်စောင့်ပြီးမှ ကိုတက်တူအလှည့်။ သွေးပေါင်ချိန်ကတော့ပုံမှန်၊ အောက်ဆီဂျင်တိုင်းတော့ မကျ ဖျားပေမဲ့အိုခေ။ ဆရာဝန်ကဆေးထိုးပေးပြီး အစာပျော့ပျော့ပဲစားဖို့မှာထားတာကြောင့်-

“ကိုတက်တူရေ ဒီမှာရှင့်အတွက်ခနောဆန်ပြုတ်၊ ဒီမှာဆေးလေးသောက်လိုက်အုံး။ ကျွန်မစွပ်ပြုတ်လေးထပ်လုပ်ပေးအုံးမယ်၊ အကျႌလဲလိုက်အုံး ကိုတက်တူရေ။ ရော့ရော့ မီးပူတိုက်ပြီးသားလေးဝတ်လိုက်၊ ဆေးခန်းခုတင်ပေါ်က ရောဂါသည်လူပေါင်းစုံအိပ်ထားတာမသန့်တာမို့”

ကိုတက်တူကို ဆေးတိုက်၊ အကျႌကူလဲပေးပြီးမှ စွပ်ပြုတ်ပြုတ်ဖို့ မီးဖိုချောင်သွား၊ ကြက်သားနဲ့ ကြက်သားပြုတ်ရည်ထဲကို မုန်လာဥနီလေးတွေစိတ်ထည့်၊ ဂေါ်ဖီအနည်းငယ် ကြက်သွန်နီက သုံး၊ လေးဥ၊ ကြက်သွန်ဖြူများများရိုက်ထည့်၊ ပြောင်းဖူးနုနုအဖူးလေးတွေဆယ်တောင့်လောက်နဲ့ ထမင်းအိုးထဲက ထမင်းအနည်းငယ်ထည့်ပြီး အိလာအောင် ရေနွေးလေးဖြည့် ဂက်စ်မီးဖိုဖွင့်ပြီး ပွက်ပွက်ဆူလာတဲ့ထိ ထိုင်စောင့်နေလိုက်တယ်။

စွပ်ပြုတ်ရလာတော့ ငရုတ်ကောင်းမှုန့်လေးမဆိုစလောက်ခတ်၊ ဟင်းအိုးပိတ်ခဲ့ပြီးမှ အိမ်ရှေ့ကို ထွက်လာတော့ ကိုတက်တူအိပ်သွားပါပြီ။ မီးပူတိုက်စရာရှိတာတွေတိုက်နေရင်း သားနှစ်ယောက်က-

“မေမေထမင်းစားတော့မယ်”

“အုပ်ဆောင်းအောက်မှာ ဟင်းတွေအဆင်သင့်ထည့်ထားပြီးသား၊ ပန်းကန်နဲ့ဇွန်းယူ ထမင်း ကိုယ့်ဘာသာထည့်စား”

သားနှစ်ယောက်က ဒီလိုပါပဲ တစ်ခုခုဆို မေမေအစချီတတ်တာက သူတို့အကျင့်။ ကိုတက်တူ ညကိုးနာရီ တစ်ခါထလာတော့ စွပ်ပြုတ်ပြန်နွေးပြီး ညဆေးတိုက် အကျႌလဲပေးပြီး မနက်သားငယ်ကျောင်းထမင်းချိုင့်အတွက် စီစဉ်စရာရှိတာစီစဉ်၊ အဆင်သင့်ကြိုလုပ်ပေးပြီး ဒေါ်သီတာခင်အိပ်တော့ ည ဆယ့်တစ်နာရီ။

(၃)

နောက်နေ့တွေမှာ မနက်ထမင်းချိုင့်ထည့် ဈေးသွား၊ ကိုတက်တူအတွက် ထမင်းမစားရသေးတော့ ပေါင်မုန့်မီးကင်နဲ့ထောပတ်သုတ်၊ အိုဗာတင်းဖျော်တိုက် ဆေးသောက်စေပြီးမှ ထမင်းစား။ နာရီကြည့်လိုက်တော့ မနက်ဆယ်နာရီ။ ထမင်းစားပြီး အိမ်အရောင်းအဝယ်အတွက် ဖုန်းနဲ့ပဲ ပွဲစားအချင်းချင်းချိတ်ဆက်ပြောဆိုပြီး ဒေါ်သီတာခင် အမောပြေကော်ဖီဖျော်သောက်ရပါတယ်။

ကိုတက်တူတစ်ယောက် ဥမ္မာခင်ကြောင့် အဖျားတက်ပြီး အိပ်ရာထဲလှဲနေလို့ရပေမဲ့ ဒေါ်သီတာခင်အတွက်ကတော့ အိပ်ရာထ မျက်စိနှစ်လုံးပွင့်ကတည်းက ညအိပ်ရာဝင်ချိန်ထိ လက်အငြိမ်မနေရ၊ မျက်စိအနားမနေရ၊ ပါးစပ်ကလဲအနားမနေရ။ ခါတိုင်းဆို ပွဲမဖြစ်၊ အရောင်းအဝယ်မရှိတဲ့အချိန် တစ်ရေးတစ်မောအိပ်လို့ရပေမဲ့ ကိုတက်တူရဲ့ဥမ္မာခင်ဒုက္ခပေးလို့ လူမမာအတွက် ကောင်းနိုးရာရာလေးတွေချက်ပြုတ်ပေးရင်း၊ ပြုစုရင်းက အနားယူခွင့်မရခဲ့။ ညဘက်လင်ဇီးပရှတ်ဆီလိမ်းပေးရင်း သားနှစ်ယောက်ကော ဒေါ်သီတာခင်ပါ ကိုတက်တူကို နှိပ်ပြုပေးရသေးတာလေ။ ညဆို ကြက်ဥနှစ်လုံးကို ဆယ်မိနစ်လောက်ပြုတ်ပြီး ကျွေးရသေးတာ မြန်မြန်အားပြည့်အောင်။ တအားအကျက်ကြီးမဟုတ်ဘဲ ပျော့ပျော့လေးစားရအောင်။ ခနောဆန်ပြုတ် အသားနဲ့ သီးနှံစွပ်ပြုတ်၊ ပေါင်မုန့်မီးကင်၊ အကြော်အမျိုးမျိုး၊ ပန်းသီး၊ လိမ္မော်သီး၊ နဂါးမောက်သီး အမျိုးမျိုးကျွေးမွေးရင်း လင်ယောကျ်ားကို ဂရုတစိုက်ပြုစုပေးတော့ သုံးရက်အတွင်း ကိုတက်တူထူထူထောင်ထောင်။ အလုပ်မှအလုပ် ခင်တွယ်လွန်းလှတဲ့ကိုတက်တူ။ ကောင်းပြီဆိုတာနဲ့ ရုံးတက်ဖို့ပြင်ပါပြီ။ အိမ်မှာ အနားယူပါအုံးဆိုတာတောင်ပြောမရ။ သူ့စိတ်ကြိုက်သွားပါစေတော့ဆိုပြီး ကိုတက်တူရုံးသွားတဲ့နေ့ ဒေါ်သီတာခင် စဖျားတဲ့နေ့။

အရင်လို ပါရာစီတမောသောက်၊ အမောက်ဆလင်လေးသောက် မသက်သာခဲ့။ အသားတွေနာ၊ အဆစ်တွေကကိုက်၊ လည်ချောင်းကနာ၊ မျက်စိကပြာ လူကနုံးချည့်ချည့်။ ညနေပိုင်းရောက်တော့ ကျောဘက်ကနာချက်က ဓားချွန်ချွန်နဲ့ လာလာထိုးသလိုမို့ မဖြစ်ချေတော့ ပိုပြီးဆိုးလာမှာကြောင့် ကိုတက်တူပြတဲ့ အေးဆေးခန်းကို ဆိုင်ကယ်ကယ်ရီငှားပြီး သွားပြရပါပြီ။ ပြန်လာတော့ ဆေးအမြန်သောက် အိပ်ရာထဲလှဲရင်း မထနိုင်တော့။

“မေမေ မေမေ”

“အင်း ဟင်”

“မနက် သားထမင်းချိုင့် ဘာထည့်ပေးမှာလဲ”

“ပိုက်ဆံသာ ယူသွားသားရယ် မေမေ ဖျားနေလို့ မလုပ်ပေးနိုင်တော့ဘူး”

“ဟုတ်မေမေ”

(၄)

မနက်ခြောက်နာရီ။

“မိန်းမ မိန်းမ”

“ဟင်”

“ကို ရုံးမှာ နေ့လယ်စာထမင်းစားဖို့ ပိုက်ဆံယူသွားမယ်”

“ပိုက်ဆံအိတ်က ဗီရိုထဲမှာရှိတယ်။ ငါးထောင်ယူသွားလိုက်။ ကလေးတွေလဲ မနက်က မိန်းမမလုပ်ပေးနိုင်တော့ မုန့်ဟင်းခါးဝယ်စားဖို့နဲ့ သားငယ်နေ့လယ်စာအတွက် ပိုက်ဆံပေးလိုက်အုံး။ မိန်းမစားဖို့ ပူစီပေါင်မုန့်လေးလဲဝယ်ခိုင်းလိုက် သားကြီးကို”

“မေမေ ထမင်းအိုးတည်မလို့ ဆန်ဘယ်နှခွက်တည်ရမှာလဲ”

“ဆန်သုံးခွက်”

“ရေဘယ်နှခွက်ထည့်ရမှာလဲ မေမေ”

“ဆန်သုံးခွက်ဆိုတော့ ရေငါးခွက်ထည့်လေ။ နင့်အဖေက ထမင်းအိုးလေးတောင် တည်မသွားဘူးလား”

“ဖေဖေမလုပ်သွားဘူး သားကိုပဲမှာခဲ့လို့”

“နင့်အဖေက အပျင်းကြီး၊ မိန်းမနေမကောင်းတာကို ထမင်းအိုးလေးတောင်တည်ပေးဖော်မရဘူး။ ဟင်း”

“မေမေကလဲ ကိုးနာရီတောင်ခွဲနေပြီ ထတော့လေ မေမေ။ ဖေဖေသွားတာဖြင့်ကြာလှပြီ”

“အင်း”

“သားကြီးလာနိုးလို့ အိပ်ရာထဲက အမြန်ထရင်း ပူစီပေါင်မုန့်လေးစား၊ အိုဗာတင်းသောက်၊ ဆေးသောက်လိုက်ပြီး ဒေါ်သီတာခင် အိပ်ရာပေါ်လှဲလိုက်တာ ဆေးအရှိန်ကြောင့်အိပ်ပျော်သွားတာ ဆူညံညံအသံကြောင့်နိုးလာပြီး ဖုန်းနာရီကြည့်လိုက်တော့ သုံးနာရီဆယ့်ငါး”

“မေမေနေမကောင်းဘူးကွ သတိုးရ”

“အဲဒီတော့ ညီလေးက ဘာနဲ့စားရမှာလဲ ဆာလှပြီ ကိုကိုရ”

“ကိုကို ကြက်ဥကြော်ပေးမယ်လေ”

“ကြက်ဥကြော် ဘယ်တုန်းက စားလို့လဲ”

“မင်း တော်တော်ကြေးများတာပဲ”

အသံတွေနားစွင့်ရင်း-

“သားကြီးရေ ဒီကိုလာအုံး”

“ဗျာမေမေ လာပြီ”

စာမျက်နှာ ၂၇သို့ ➤

# မိုင်းပန်မြို့နယ် မိုင်းဟောင်း-ကုန်းကတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး



**မိုင်းပန် အောက်တိုဘာ ၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းပန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မိုင်းဟောင်း-ကုန်းကတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာ ၁ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းပန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမိုင်းမြင့်နိုင်ထွန်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံဝန်ထမ်းများက မိုင်းဟောင်း-ကုန်းကတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ စာရင်းဇယားများစနစ်တကျဖြည့်သွင်းထားခြင်းရှိ မရှိ ချေးငွေစာချုပ်ပါလုပ်ငန်းအမျိုးအစား ကိုက်ညီမှု ရှိ၊ မရှိကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းရေရှည်တည်တံ့စေရန် အတိုးအရင်းများကို သတ်မှတ်ကာလအတွင်း ပုံမှန်ပေးသွင်းကြရန် မှာကြားခဲ့သည်။

မိုင်းဟောင်း-ကုန်းကတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ လည်ပတ်ဆောင်ရွက်နိုင်ရန် စီမံကိန်းအသင်းဝင် ကျေးရွာသူ၊ ကျေးရွာသား ၅၄ ဦးကို ရန်ပုံငွေကျပ် ၅၁ ဒသမ ၇ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**အေးသူ**

---

➤ **စာမျက်နှာ ၂၆မှအဆက်**

"သားတို့ကြိုက်တဲ့ဟင်း ဆိုင်ကသွားဝယ်စား။ တစ်ယောက်ကို နှစ်ပွဲ၊ ညစာအတွက်ပါ ဝယ်လာခဲ့။ သားအဖေအတွက်လဲ ဝယ်ခဲ့အုံး။ မေမေ့အတွက် တရုတ်ဆိုင်က ကြက်သားဆန်ပြုတ်ဝယ်လာ၊ ဆိုင်သိတယ်မလား"

"ဟုတ်မေမေ သိတယ်"

"ဗီရိုထဲက ပိုက်ဆံအိတ် မေမေ့ယူလာပေး"

"ဟုတ်မေမေ"

"ရော့ နှစ်သောင်းယူသွား"

"Mask တပ်သွားအုံးနော်"

"ဟုတ်မေမေ"

သူတို့ဝယ်စားချင်တာဝယ်စားရအောင် တစ်သောင်းတန်နှစ်ရွက် ထုတ်ပေးလိုက်ပါတယ်။ ကိုယ်ဖြစ်လို့ သားတွေကို မလုပ်ပေးနိုင်ပေမဲ့ သားတွေအာဟာရဓာတ်ပြည့်ဝနေမှလို့ စဉ်းစားမိပါတယ်။

"မေမေ ဒီမှာ ဝယ်လာခဲ့ပြီ။ ညီလေးက ဆိတ်သားတစ်ပွဲ ၂၀၀၀ နှစ်ပွဲ၊ သားက ကြက်သားအစပ်နှစ်ပွဲ တစ်ပွဲ ၁၂၀၀၊ ဖေဖေ့အတွက် ငါးသလောက်ပေါင်း နှစ်ပွဲ တစ်ပွဲ ၁၂၀၀၊ နောက် ငါးခေါင်းချဉ်ရည်ဟင်းက. . ."

"တော်ပြီ မေမေ့ကိုတွက်ပြမနေတော့နဲ့။ ပိုတဲ့ပိုက်ဆံကို ပိုက်ဆံအိတ်ထဲသာထည့်လိုက်တော့"

ပိုက်ဆံအိတ်ကို အခန်းထဲက တန်းပေါ်မှာတင်ရင်း လက်ညှိုးသာ ထိုးပြလိုက်ပါတော့တယ်။ ဥမ္မာခင်နှိပ်စက်တာကတော့ ဝေဒနာကြိတ်ခံနေရသူက ဘာမှမတွက်ချင်၊ မသိချင်တော့တာ။ သားကြီးကမသိတွက်ချက်ပြနေတာလေ။ ညရောက်တော့ ကိုတက်တူက ကျွန်မအတွက် ကော်ဖီလေးဖျော်တိုက်၊ ဆေးလေးတိုက်တော့ ဝတ္တရားကျေပြုလုပ်ပေးပေမဲ့ ကျွန်မလိုတော့ ဂရုတစိုက် ပျာပျာသလဲ ကိုယ်ဖိရင်ဖိမပြုစု။

အင်းလေ စိတ်ထင်လို့ပါပဲလို့ ဖြေသာရပါတယ်။ ဖြစ်တဲ့ပထမတစ်ရက်တော်တော်ခံလိုက်ရပေမဲ့ ဒုတိယရက်မှာတော့ ဆေးကြောင့် နည်းနည်းနေထိုင်ရတာ သက်သာလာပေမဲ့ ပါးစပ်ကအရသာမရှိတော့ဘဲ အခါးဓာတ်ကသာကြီးစိုးပြီး လည်ချောင်းကနာ၊ ချောင်းကခဏခဏဆိုးတော့ ရင်ဘက်ကနာ။ ဒုတိယရက်မှာလဲ ထုံးစံအတိုင်း မနက်စာအတွက်စားဖို့ ထမင်းချိုင့်ထည့်ဖို့ ကိုတက်တူကိုပဲ အာဏာကုန်လွှဲအပ်ထားရတာပါပဲ။

ကိုယ်မှ မလုပ်နိုင်တာပဲလေ။ ကျွန်မအတွက် အာဟာရကတော့ ဆိုင်က ကြက်သားဆန်ပြုတ်၊ ပေါင်မုန့်၊ ကိတ်မုန့်နဲ့ လိမ္မော်သီးတို့သာပါပဲ။ တတိယရက်ရောက်တော့ အနည်းငယ်သက်သာလာလို့ မီးဖိုချောင်ဘက်ဝင်ကြည့်လိုက်တော့ ပန်းကန်စင်ဘေး ဘေစင်နားမှာ မဆေးရသေးတဲ့ ပန်းကန်တွေက အထပ်လိုက်။ ဖျားနေတဲ့ရက်တွေက မကြည့်မိ။

"သားကြီး မဆေးရသေးတဲ့ပန်းကန်တွေပုံလို့ပါလား"

"သားဆေးပါတယ်"

"နင့်အဖေ လုံးဝမဆေးဘူးမလား။ မေမေ မေးနေတယ်လေ နင့်အဖေ မဆေးဘူးလားလို့"

"မဆေးဘူးမေမေ"

"အေးကောင်းတယ်"

ဒေါသထွက်ပြီးမှ အေးလေ ယောကျ်ားကို ငါမှမခိုင်းခဲ့ဘဲ အိမ်ထောင်ကျကတည်းက ငါပဲလုပ်လာခဲ့တာ သူကလုပ်ရကောင်းမှန်းလဲ ဘယ်သိတော့မလဲ။ ငါ့အမှား ငါ့အမှား ယောကျ်ားကိုအလိုလိုက် သခင်လိုထားခဲ့မိတဲ့ငါ့အမှား ဟင်း ဟူး. . ."

ဒါတောင် သားကြီးဖြစ်သူလုပ်တတ်ကိုင်တတ်တာ သေသွားတဲ့အမေ့ကိုကျေးဇူးတင်ရမယ်။ အမေမသေခင် ကိုတက်တူနယ်မှာတာဝန်ကျတုန်းက သားကြီးကို အမေတို့နဲ့ နှစ်နှစ်လောက်ထားခဲ့လို့ ထမင်းအိုးတည်တတ်၊ ကြက်ဥကြော်တတ်၊ ပန်းကန်ဆေးတတ်ခဲ့လို့။ အခုနေခါ ငါကျန်းမာရေးမကောင်းချိန် သက်သာသေးတာ။ သားကြီးသာ ဘာမှမလုပ်တတ်ရင် ကိုတက်တူလို ယောကျ်ားမျိုးနဲ့ တစ်အိမ်လုံးလောက်ကျနေမှာ။ ကျေးဇူးပါ အမေရေလို့ စိတ်ထဲကတိုင်တည်ကန်တော့လိုက်ရင်း-

"သားကြီးရေ နင့်အဖေကို မေမေပြောမနေတော့ပါဘူး။ သားကြီးသာ ပန်းကန်တွေ မေမေ့ကိုကူဆေးပေးပါအုံး။ လာလာ စာနောက်မှကျက်"

"ဟုတ်မေမေ"

ကျွန်မ ပန်းကန်သုံးချပ်လောက်ဆေးရင်း ကျန်တာတွေ သားကြီး ဆက်ဆေးပေးသွားပါတယ်။ အဝတ်တွေကလဲ ခြင်းနှစ်ခြင်းနဲ့ အပြည့်အမောက်။ ထားပါ ဒါက အဝတ်လျှော်စက်ရှိပေလို့။ အဝတ်လျှော်စက်သာမရှိရင် မတွေးရဲစရာ။ ငှားလျှော်ရင်ပေးလိုက်ရမဲ့ဖြစ်ခြင်း။ ကိုတက်တူကိုလဲ အံ့ဩတယ်။ တကယ်ပါ မိန်းမ မကျန်းမာတာကို သိလျက်သားနဲ့ အဝတ်တွေစက်ထဲထည့်၊ ဆပ်ပြာမှုန့်ထည့်ရရှုံသာကို။

အိမ်အလုပ်တစ်ခုမှ ဝိုင်းကူမလုပ်ချင်သူ။ မကျန်းမာမှ ယောကျ်ားအကြောင်း ပိုသိရပါပေတယ်။ စတုတ္ထရက်အရောက်မှာ ကိုတက်တူထတဲ့အချိန် ကျွန်မလဲနိုးလာတော့ သက်သာလာတာနဲ့ ဈေးသွားမယ်ဆိုပြီး ပိုက်ဆံအိတ်ကောက်ကိုင် ပိုက်ဆံစစ်ကြည့်လိုက်တော့ ထည့်ထားတဲ့ ငွေနှစ်သိန်းမှာမှ တစ်သောင်းတန်လေးနှစ်ရွက်က ကျွန်မကို မျက်စပစ်နေပါကောလား။

(၅)

"ကိုတက်တူ ကိုတက်တူ"

"ဘာလဲမိန်းမရဲ့"

"ကျွန်မပိုက်ဆံအိတ်"

"ပိုက်ဆံအိတ် ဘာဖြစ်လို့လဲမိန်းမရဲ့"

"ငွေနှစ်သိန်းက တစ်ပတ်ပဲရှိသေး နှစ်သောင်းပဲကျန်တော့တာ ဘယ်လိုဖြစ်တာလဲ"

"ကုန်မှာပေါ့မိန်းမရယ် မိန်းမမှမလုပ်နိုင်တာ၊ ငါတို့သားအဖ အပြင်ကပဲ ဝယ်စားနေရတာ ဒီလောက်ကျန်တာကံကောင်း"

"အမယ် ရှင်ကပဲ ကျွန်မဖျားတာတောင် အပြစ်တင်သလိုလေသံနဲ့"

"မတင်ပါဘူးကွာ။ ကိုယ်က အမှန်ပြောတာပဲ ကုန်မှာပဲလေ။ အဲဒါပြောတာ မိန်းမမယုံရင် ပြန်တွက်ပြရမလား။ မနက်ကို မုန့်ဟင်းခါးစားတယ် ဘူးသီးကြော်၊ အိုးဘဲဥနဲ့ကတစ်ထောင်၊ တစ်ယောက်နှစ်ပွဲကွာ။ သုံးယောက်တစ်မနက်တည်း ခြောက်ထောင်၊ ရုံးမှာ နေ့လယ်စာစားဖို့က ၅၀၀၀၊ ကလေးထမင်းချိုင့်နဲ့မုန့်ဖိုးက ၄၀၀၀"

"တော်ပြီကိုတက်တူ ရှင်ဉာဏ်ကောင်းတယ်ဆိုပြီး ကျွန်မကို ပါးစပ်ကနေတွက်ပြမနေနဲ့တော့ ခေါင်းတွေကိုက်လာပြီ။ အိမ်ထောင်သက်အနှစ်နှစ်ဆယ်မှာ ဒီလိုဖျားတာ ဒါပထမဦးဆုံးပဲ စိတ်လဲအပျက်ရဆုံးပဲ။ မသေနိုင်တာတောင် သေအောင်ခံရတာကတစ်မျိုး၊ ယောကျ်ားတွေရဲ့ စိတ်ဓာတ်သိရတာက တစ်မျိုး အမျိုးမျိုးတွေ"

"မိန်းမရယ် ပေါက်ပေါက်ဖောက်မနေတော့နဲ့ ယောကျ်ားပြန်ရှာပေးမယ် ကုန်သွားတဲ့ငွေ"

"တော်ပါ ကျွန်မလဲရှာနိုင်ပါတယ်။ ဒီငွေကတော့ မကုန်သင့်တာမကုန်ရအောင် မနက်ဆို ပဲပြုတ်လေးနဲ့ ကိုယ်ကိုယ်တိုင်ထမင်းကြော်၊ ကန်စွန်းရွက်လေးကြော်၊ တစ်ခါတလေ အရွက်သုပ်လေးနဲ့ ထမင်းစားစုလာတာ ဥမ္မာခင်လုပ်မှ ကုန်လိုက်တဲ့ဖြစ်ခြင်း"

"မိန်းမရေ ငွေကအသက်လောက်တန်ဖိုးမရှိဘူး မှတ်ထားအုံးမသိရင်"

"တော်ပါ မသိတာမဟုတ်ဘူး။ သိပ်လျှာမရှည်နဲ့ အကုန်သိသိလာရလွန်းလို့ခက်နေတာ ဟင်း. . ."

ပေါ်လာလိုက်၊ ပျောက်သွားလိုက်ဖြစ်နေတဲ့ ကိုဗစ်ဆိုတဲ့ရောဂါကပ်ဆိုးကြီး ကမ္ဘာမြေကြီးပေါ်ကနေ မြန်မြန်အပြီးတိုင်ပျောက်ကွယ်သွားပါစေတော့လို့ ဆန္ဒပြုရင်း ဒေါ်သီတာခင်သက်ပြင်းမောကို ကျိတ်ရှိုက်လိုက်ပါတော့တယ်။ နို့မို့ဆိုရင်ဖြင့် ထပ်သာဖြစ်ခဲ့ရရင် ဒေါ်သီတာခင်ရှေ့ဆက်မတွေးရဲတော့ပါ။

---

## ရွှေရောင်ထွန်းဖြာ ပြည်မြန်မာ

\- ရွှေဝါရောင် စေတီပုထိုး
တန်ခိုးကြီးမား ဘုရားကျောင်းကန်၊
သာသနာ အောင်လံလွှင့်လို့
ဝင့်ထည်ကာလျှံ၊
ဂုဏ်ယူလေးစား အဖိုးထိုက်တန်
တို့မြန်ပြည် နယ်ပယ်တွင်း၊
အေးချမ်းသာယာ ပြည်ထောင်စုမှာဖြင့်
ကုသိုလ်နံ့သင်း။

\- ရွှေဝါရောင် စပါးခင်း
စိမ်းစိုဝင်း လယ်တောယာ၊
သီးနှံစုံ အထွက်တိုးလို့
ဖြိုးမောက်ဝေဆာ၊
မြန်ပြည်စီးပွား အရေးပါ
ပေါကြွယ်ဝကာ အရင်းအမြစ်၊
တွင်းထွက်ရေနံ ကျောက်မျက်များလည်း
မွေးဖွားမွေနှစ်။

\- ရွှေဝါရောင် နိုင်ငံသစ်
ဖွင့်လှစ်စို့ အတူတူ၊
ကိုယ့်တာဝန် ကျေပွန်ထမ်းလို့
ကြိုးပမ်းပြည်သူ၊
တစ်ယောက်တစ်လက် တွဲလို့ကူ
ဖြူစင်စိတ်ကို ရင်မှာမွေး၊
ရိုင်းပင်းကူညီ စိတ်ထားတတ်မှ
မွန်မြတ်တယ်လေး။ ။

**မောင်သိန်းနိုင်(လက်ဖက်ရည်)**

---

# ညောင်လေးပင်မြို့နယ် ငါးကြီးအိုင်ကျေးရွာ၌ ကျေးရွာတွင်းလမ်းပြုပြင်နေမှု စစ်ဆေး

**ညောင်လေးပင် အောက်တိုဘာ ၂**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ညောင်လေးပင်မြို့နယ် ငါးကြီးအိုင်ကျေးရွာ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် Cash For Work စီမံကိန်းဖြင့် ကျေးရွာတွင်းလမ်း မြေသားလမ်းပြုပြင်ခြင်းနှင့် ဂဝံမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အောက်တိုဘာ ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ညောင်လေးပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကြီး၊ ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်အောင်နှင့် ဝန်ထမ်းများက ကျေးရွာစီမံကိန်းအဖွဲ့ဝင်များနှင့်အတူ ငါးကြီးအိုင်ကျေးရွာ ကျေးရွာတွင်းမြေသားလမ်းပြုပြင်ခြင်းနှင့် ဂဝံမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး စီမံကိန်းလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစွာ အချိန်မီပြီးစီးရေး ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါကျေးရွာ၌ ကျေးရွာတွင်းလမ်းအရှည် ပေ ၆၆၀၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေ ငါးလက်မရှိ မြေသားလမ်းပြုပြင်ခြင်းလုပ်ငန်း၊ အရှည်ပေ ၉၄၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ဂဝံမြေခင်းခြင်းလုပ်ငန်းတို့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက Cash For Work စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၀၀ ဖြင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများနှင့် အင်ဂျင်နီယာဝန်ထမ်းများ၏ကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် စက်တင်ဘာလဒုတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၃၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးအောင်ကြီးထံမှ သိရသည်။ **ကိုလှိုင်**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# ဓနုဖြူမြို့နယ်တွင် ကန်ထရိုက်လယ်ယာစနစ်ဖြင့် မိုးစပါး ၄၂၇၇ ဧက စိုက်ပျိုးနိုင်ခဲ့



**ဓနုဖြူ အောက်တိုဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီ၌ ကန်ထရိုက်လယ်ယာစနစ်ဖြင့် အကျိုးတူပူးပေါင်း၍ မိုးစပါး ၄၂၇၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးချစ်ဝင်းနိုင်က ပြောပြ၍ သိရသည်။

ဓနုဖြူမြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီ၌ ကန်ထရိုက်လယ်ယာစနစ်ဖြင့် မိုးစပါး ၄၂၇၇ ဧကကို ယခုနှစ် ဇွန်လဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် စိုက်ဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ကန်ထရိုက် လယ်ယာစနစ်ကို ဒေသခံတောင်သူများနှင့် ခေတ်စနစ်ကျွန်းသာကုမ္ပဏီတို့က အကျိုးတူပူးပေါင်းစိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဓနုဖြူမြို့နယ်အတွင်းမှာ ကန်ထရိုက်လယ်ယာစနစ်နဲ့ မိုးစပါး ၄၂၇၇ ဧက စိုက်ပျိုးနိုင်ခဲ့တယ်။ ကန်ထရိုက်လယ်ယာစနစ်နဲ့ မိုးစပါးတွေ စိုက်ပျိုးတဲ့အခါ ဒေသခံတောင်သူတွေအတွက် အကျိုးကျေးဇူးများစွာရှိတယ်။ ဒါကြောင့် ဒီစနစ်ကို အားပေးတယ်။ ဒီကန်ထရိုက်လယ်ယာစနစ်ဆိုတာက ကုမ္ပဏီတစ်ခုနဲ့ တောင်သူတွေပူးပေါင်းလုပ်ဆောင်တာပါ။ ကုမ္ပဏီက တောင်သူတွေကို ချေးငွေထုတ်ချေးပေးတာမျိုး ဒါမှမဟုတ် မျိုးစေ့နဲ့ သွင်းအားစုတွေထုတ်ပေးတာမျိုးတို့ ဆောင်ရွက်တာပါ။ လက်ရှိကာလမှာ ကန်ထရိုက်လယ်ယာစနစ်နဲ့ စိုက်ပျိုးတော့ နှစ်ဦးနှစ်ဖက် အဆင်ပြေပါတယ်။ ဒီစနစ်မှာက ကန့်သတ်ချက်လေးတွေတော့ရှိတယ်။ ဥပမာ- တောင်သူတွေက စပါးကိုကုမ္ပဏီကို ရောင်းပေးရပါတယ်။ အနည်းဆုံး စပါးတင်း ၁၅၀ ထိ ရောင်းပေးရတာပါ။ စိုက်ပျိုးရေးဦးစီးဌာနက တောင်သူနဲ့ကုမ္ပဏီကြားပေါင်းစပ်ဆောင်ရွက်ပေးပါတယ်" ဟု ဓနုဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးချစ်ဝင်းနိုင်က ပြောပြသည်။

အဆိုပါ ကန်ထရိုက်လယ်ယာစနစ်ဖြင့် မိုးစပါးများကိုစိုက်ပျိုးပါက တောင်သူများကုန်ကျစရိတ်သက်သာခြင်း၊ စိုက်ပျိုးရေးသွင်းအားစုများ အလွယ်တကူ ဝယ်ယူရရှိခြင်း၊ ထွက်ရှိလာသည့်သီးနှံများကို ကုမ္ပဏီက ပြန်လည်ဝယ်ယူပေးခြင်းကြောင့် ဈေးကွက်အတွက်စိတ်ချရခြင်း၊ ရိတ်သိမ်းရေးလုပ်ငန်းများ လုပ်ဆောင်သည့်အခါ ကုမ္ပဏီက ပူးပေါင်း ဆောင်ရွက်ပေးသည့်အတွက် အလျင်အမြန် အချိန်ကုန်သက်သာစွာ ရိတ်သိမ်းနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိကြောင်း ဓနုဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးချစ်ဝင်းနိုင်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ပေါက်ခေါင်းမြို့နယ်ရှိ ကျေးရွာနှစ်ရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှုစစ်ဆေး

**ပေါက်ခေါင်း အောက်တိုဘာ ၂**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဆင်ဖြူကန်ကျေးရွာနှင့် ဇောဓိကုန်းကျေးရွာတို့၌ ဆောင်ရွက်နေသည့် ကျေးလက်ကုန်ထုတ်လမ်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပြည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် အဖွဲ့ဝင်များက ဆင်ဖြူကန်ကျေးရွာနှင့် ဇောဓိကုန်းကျေးရွာတို့တွင် ကျေးလက်ကုန်ထုတ်လမ်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးရာ ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးဇော်က သတ်မှတ်ကာလအတွင်း လုပ်ငန်းများအားလုံး စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်က ကျေးရွာကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံပြီး ကုန်ထုတ်လမ်းများ ရေရှည်အသုံးပြုနိုင်ရေး ကျေးရွာတာဝန်ရှိသူများအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ဆင်ဖြူကန်ကျေးရွာ၌ တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၅၃ ဒသမ ၃၄ သန်းဖြင့် အရှည် ၃၆၇၄ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့်ကိုးလက်မရှိ ကျောက်ရောမြေခင်းခြင်းလုပ်ငန်းနှင့် ဇောဓိကုန်းကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၇၇ ဒသမ ၄၂၅ သန်းဖြင့် အရှည် ၆၃၀၀၊ အကျယ် ၁၂ ပေ၊ အမြင့်ကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်း မြေနီကျောက်စရစ်ခင်းခြင်း လုပ်ငန်းကို တင်ဒါအောင်ကုမ္ပဏီများက တာဝန်ယူ၍ ယခုနှစ် ဇွန် ၁၁ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁ရက်တွင် ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကိုညီ(…)**

# အာရှ-ပစိဖိတ်ဒေသ စားနပ်ရိက္ခာဖူလုံရန် ကန်ဒေါ်လာ ၁၄ ဘီလီယံကူညီမည့် ADB

ဝင်းဇင်(သုတေသန)



အာရှဖွံ့ဖြိုးရေးဘဏ်(ADB)သည် အာရှ-ပစိဖိတ်ဒေသတွင် စားနပ်ရိက္ခာအကျပ်အတည်းဖြေရှင်းနိုင်ရန်အတွက် ၂၀၂၅ ခုနှစ်ထိ အနည်းဆုံး အမေရိကန်ဒေါ်လာ ၁၄ ဘီလီယံ ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း စက်တင်ဘာ ၂၇ ရက်တွင် ထုတ်ပြန်ကြေညာသွားသည်။ မနီလာအခြေစိုက် အာရှဖွံ့ဖြိုးရေးဘဏ်သည် (၅၅)ကြိမ်မြောက် ADB နှစ်ပတ်လည်အစည်းအဝေးပြုလုပ်ပြီးနောက် ထိုသို့ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များနှင့် ယူကရိန်းပဋိပက္ခကြောင့်ဖြစ်ပေါ်လာသည့်စားနပ်ရိက္ခာပြဿနာများကိုကိုင်တွယ်ဖြေရှင်းရန် ၎င်းရန်ပုံငွေကိုအသုံးပြုသွားမည်ဖြစ်သည်။ ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၃ ဘီလီယံ သုံးစွဲသွားမည်ဖြစ်ပြီး ၂၀၂၃ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၇ ဘီလီယံ အသုံးပြုသွားမည်ဖြစ်သည်။ ၂၀၂၂ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၂ ဘီလီယံကို လယ်ယာစိုက်ရေးပျိုးကဏ္ဍအတွက်လျာထားပြီး စီမံကိန်းများပိုမိုကောင်းမွန်စေရန်နှင့် စီမံကိန်းအသစ်များ အကောင်အထည်ဖော်ရေး၊ သဘာဝအရင်းအမြစ်များနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် အသုံးပြုသွားမည်ဖြစ်သည်။ အမေရိကန်ဒေါ်လာ သန်း ၈၀၀ ကို ပုဂ္ဂလိကကဏ္ဍတွင် ကုန်သွယ်ရေးနှင့် အရောင်းကွင်းဆက်တိုးတက်ရေး၊ စိုက်ပျိုးရေးကဏ္ဍတွင် တိုက်ရိုက်ရင်းနှီးမြှုပ်နှံရေး၊ အသေးစားငွေချေးလုပ်ငန်းများ၊ ဘဏ္ဍာရေးဆိုင်ရာအဖွဲ့အစည်းများကို ပံ့ပိုးကူညီရေးတို့အတွက် အသုံးပြုသွားမည်ဖြစ်သည်။

ဆိုရလျှင် ရေကြီးရေလျှံမှုများ၊ ပူပြင်းခြောက်သွေ့မှုများ၊ ကမ္ဘာလုံးဆိုင်ရာပူနွေးမှု၊ ကပ်ရောဂါနှင့် အခြားကြောင်းတရားများကြောင့် ကုန်ထုတ်လုပ်မှုအပေါ်ထိခိုက်ပြီး စားနပ်ရိက္ခာရှားပါးမှုကိုပိုမိုဖြစ်ပေါ်စေခဲ့သည်။ အာရှ-ပစိဖိတ်ဒေသရှိ အချို့သောနိုင်ငံများသည် စားနပ်ရိက္ခာနှင့်ဓာတ်မြေဩဇာကို ပြည်ပမှ တင်သွင်းရလျက်ရှိသောကြောင့် လက်ရှိအချိန်တွင် စားနပ်ရိက္ခာပြတ်လပ်မှုအန္တရာယ်နှင့် ရင်ဆိုင်ရလျက်ရှိသည်။

အာရှဖွံ့ဖြိုးရေးဘဏ်သည် ဆင်းရဲမှုနှင့် စားနပ်ရိက္ခာဈေးနှုန်းမြင့်တက်လာမှုတို့ကြောင့် ဒေသတွင်းရှိ အာဟာရချို့တဲ့နေသောပြည်သူ ၁ ဒသမ ၁ သန်းကျော်ကို ပံ့ပိုးကူညီရေးအတွက် စီစဉ်ထားကြောင်း၊ အာရှဒေသရှိ မိသားစုများသည် အာဟာရချို့တဲ့ပြီး အလွန်အမင်းဆင်းရဲလျက်ရှိသဖြင့် ယခုလို ချေးငွေထုတ်ချေးပေးမှုသည် အချိန်ကိုက်ဆောင်ရွက်မှုပင်ဖြစ်ကြောင်း၊ စားနပ်ရိက္ခာလုံခြုံမှုအတွက် ရေရှည်ချဉ်းကပ်မှု၏ အရေးပါသောအစိတ်အပိုင်းသည် အရင်းအမြစ်များကာကွယ်စောင့်ရှောက်ရေး၊ ဒေသ၏စားနပ်ရိက္ခာ ထုတ်လုပ်ဖြန့်ဖြူးမည့်တောင်သူလယ်သမားများနှင့် စိုက်ပျိုးရေးဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များကို ပံ့ပိုးကူညီသွားရေးပင်ဖြစ်ကြောင်း ADB ဥက္ကဋ္ဌ မာဆတ်စုဂုအာဆာကာဝါက ပြောကြားသွားသည်။

ချေးငွေထုတ်ချေးပေးမှုအစီအစဉ်သည် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးနှင့် ဂေဟစနစ်ယိုယွင်းပျက်စီးမှုများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာပံ့ပိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းအားဖြင့် ရေရှည်စားနပ်ရိက္ခာလုံခြုံမှုတိုးတက်လာစေရန် ဆောင်ရွက်သွားမည်ဖြစ်သည်။ အဆိုပါချေးငွေရန်ပုံငွေသည် စိုက်ပျိုးရေး၊ စားနပ်ရိက္ခာထုတ်လုပ်ရေးနှင့်ဖြန့်ဖြူးရေး၊ ရေအရင်းအမြစ် စီမံခန့်ခွဲမှုနှင့်လူမှုရေးဆိုင်ရာအထောက်အပံ့များထိပါဝင်သည်။

ရေတိုအစီအစဉ်အနေဖြင့် ထိခိုက်လွယ်အုပ်စုများ၊ အထူးသဖြင့် အမျိုးသမီးများကို ပံ့ပိုးကူညီသွားရန် ရည်မှန်းဆောင်ရွက်ထားရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါရိုက်ခတ်မှုနှင့် ယူကရိန်းပဋိပက္ခတို့ကြောင့် လူသုံးကုန်ပစ္စည်းများ ဈေးနှုန်းမြင့်တက်လာသဖြင့် စီးပွားရေးတိုးတက်မှုအလားအလာမှာ ဆိုးရွားလျက်ရှိကြောင်း၊ ထို့ပြင် အတိုးနှုန်းများမြင့်တက်လာမှုနှင့် ဖွံ့ဖြိုးဆဲစီးပွားရေးလုပ်ငန်းများတွင် ငွေကြေးဖောင်းပွမှုများ ဖြစ်ပေါ်လျက်ရှိသောကြောင့် စီးပွားရေးလုပ်ငန်းများ ပိုမိုခက်ခဲကျပ်တည်းလာကြောင်း ADB ဥက္ကဋ္ဌ မာဆတ်စုဂုအာဆာကာဝါက ပြောကြားသွားသည်။

ADB သည် ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းကို ၅ ဒသမ ၂ ရာခိုင်နှုန်း ခန့်မှန်းခဲ့ရာမှ ၄ ဒသမ ၃ ရာခိုင်နှုန်းသို့ လျှော့ချခန့်မှန်းခဲ့ရပြီး လာမည့်နှစ်အတွက် နှစ်စဉ်ဖွံ့ဖြိုးတိုးတက်မှုနှုန်းကိုလည်း ၄ ဒသမ ၉ ရာခိုင်နှုန်းသာ ခန့်မှန်းထားရှိသည်။ စားနပ်ရိက္ခာမလုံခြုံမှုကြောင့် ဆယ်စုနှစ်ကြာ ဖွံ့ဖြိုးတိုးတက်မှုနှောင့်နှေးကြန့်ကြာနေမှုသည် ယူကရိန်းပဋိပက္ခကြောင့် အခြေအနေပိုမိုဆိုးရွားလာစေခဲ့သည်။ ယူကရိန်းနိုင်ငံသည် ဒေသတွင်းနိုင်ငံများသို့ အုတ်ဂျုံ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့များ အဓိကတင်ပို့လျက်ရှိရာ လက်ရှိအချိန်တွင် ပြည်ပပို့ကုန်တင်ပို့မှုများ ရပ်ဆိုင်းထားရသည်။

ထို့ပြင် ရာသီဥတုပြောင်းလဲမှုကြောင့် ကောက်ပဲသီးနှံရိတ်သိမ်းမှုများအပေါ် ထိခိုက်စေလျက်ရှိပြီး ဒေသတွင်းပြောင်းရွှေ့နေထိုင်မှုများ ပိုမိုဖြစ်ပေါ်စေလျက်ရှိရာ အကျပ်အတည်းများပိုမိုဖြစ်ပေါ်စေလျက်ရှိသည်။ ကုလသမဂ္ဂစားနပ်ရိက္ခာဆိုင်ရာအကြီးအကဲက ကမ္ဘာကြီးသည် အကျပ်အတည်းနှင့် ဆိုးဆိုးရွားရွား ရင်ဆိုင်ရလျက်ရှိကြောင်း၊ အလှူရှင်များ အထူးသဖြင့် ပင်လယ်ကွေ့နိုင်ငံများနှင့် သန်းကြွယ်သူဌေးများအနေဖြင့် လာမည့်နှစ်အတွင်း စားနပ်ရိက္ခာရှားပါးပြတ်လပ်မှုများ မဖြစ်ပေါ်စေရေးအတွက် သဘာဝဓာတ်မြေဩဇာလိုအပ်ချက်များကို ကူညီကိုင်တွယ် ဖြေရှင်းသွားသင့်ကြောင်း သတိပေးပြောကြားသွားသည်။

သာဓကအနေဖြင့် ပါကစ္စတန်နိုင်ငံသည် ရေဘေးအန္တရာယ်ကြုံတွေ့ခဲ့ရသောကြောင့် လာမည့် နွေရာသီတွင် ကောက်ပဲသီးနှံအထွက်နှုန်း ကျဆင်းလာမည်ဖြစ်သည့်အတွက် စားနပ်ရိက္ခာရှားပါးပြတ်လပ်မှုများ ပိုမိုကြုံတွေ့ရတော့မည်ဖြစ်သည်။ ရေလွှမ်းမိုးမှုမကြုံခင်ကတည်းကပင်လျှင် တိုင်းပြည်လူဦးရေ၏ ၁၆ ရာခိုင်နှုန်းကျော်နှင့်ညီမျှသော ပါကစ္စတန်ပြည်သူ

❖ ရာသီဥတုပြောင်းလဲမှုကြောင့် ကောက်ပဲသီးနှံရိတ်သိမ်းမှုများအပေါ် ထိခိုက်စေလျက်ရှိပြီး ဒေသတွင်းပြောင်းရွှေ့နေထိုင်မှုများ ပိုမိုဖြစ်ပေါ်စေလျက်ရှိရာ အကျပ်အတည်းများပိုမိုဖြစ်ပေါ်စေလျက်ရှိသည်။ ကုလသမဂ္ဂစားနပ်ရိက္ခာဆိုင်ရာအကြီးအကဲက ကမ္ဘာကြီးသည် အကျပ်အတည်းနှင့် ဆိုးဆိုးရွားရွားရင်ဆိုင်ရလျက်ရှိကြောင်း၊ အလှူရှင်များ အထူးသဖြင့် ပင်လယ်ကွေ့နိုင်ငံများနှင့် သန်းကြွယ်သူဌေးများအနေဖြင့် လာမည့်နှစ်အတွင်း စားနပ်ရိက္ခာရှားပါးပြတ်လပ်မှုများ မဖြစ်ပေါ်စေရေးအတွက် သဘာဝဓာတ်မြေဩဇာလိုအပ်ချက်များကို ကူညီကိုင်တွယ်ဖြေရှင်းသွားသင့်ကြောင်း သတိပေးပြောကြားသွားသည်။ ❖

၃၈ သန်းခန့်သည် စားနပ်ရိက္ခာရှားပါးမှုအခြေအနေအောက်တွင် နေထိုင်ခဲ့ရပြီး ၎င်းတို့အနေဖြင့် စားနပ်ရိက္ခာဖူလုံမှုမရှိသည့် မသေချာမရေရာသောအခြေအနေတွင် ရပ်တည်သွားရလိမ့်မည်ဖြစ်ကြောင်း၊ ကလေးငယ် ၁၈ ရာခိုင်နှုန်းခန့်သည် အာဟာရပြတ်လပ်လျက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသွားသည်။

မူလကတည်းက ယိမ်းယိုင်နေသောပါကစ္စတန်၏ စီးပွားရေးသည် အကြွေးပြဿနာများ၊ ကုန်ဈေးနှုန်းကြီးမြင့်မှုများကြောင့် ပိုမိုကျပ်တည်းလာခဲ့သည်။ စားနပ်ရိက္ခာပံ့ပိုးမှုနှင့် ဝင်ငွေအပေါ်သက်ရောက်မှုများသည် ပြည်သူလူထုကို စားနပ်ရိက္ခာလိုအပ်ချက်ပိုမိုမြင့်မားလာစေခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတိပေးပြောကြားခဲ့သည်။ ထို့ပြင် ကိုဗစ်-၁၉ ကပ်ရောဂါသည် ပြည်သူ သန်း ၁၀၀ ကျော်ကို အာဟာရချို့တဲ့မှုဖြစ်ပေါ်စေလျက်ရှိကြောင်း၊ စားနပ်ရိက္ခာဈေးနှုန်းများ ၁၀ ရာခိုင်နှုန်းခန့် မြင့်တက်လာခြင်းသည် နောက်ထပ်ပြည်သူ ၆၄ သန်းကျော်ကို ဆင်းရဲမှုပိုမိုနက်ရှိုင်းလာစေမည်ဖြစ်ကြောင်း ADB က ခန့်မှန်းတွက်ချက်ထားရှိသည်။

အာရှဖွံ့ဖြိုးရေးဘဏ်(ADB)သည် မနီလာအခြေစိုက် ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးဘဏ်တစ်ခုဖြစ်ပြီး ၁၉၆၆ ခုနှစ်တွင် စတင်ဖွဲ့စည်းထူထောင်ခဲ့ခြင်းဖြစ်သည်။ ၎င်းဘဏ်သည် အာရှနှင့်ပစိဖိတ်ဒေသ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ရည်မှန်းဆောင်ရွက်လျက်ရှိသည်။ ADB သည် အဖွဲ့ဝင် ၆၈ နိုင်ငံရှိပြီး ၎င်းတို့အနက် ၄၉ နိုင်ငံသည် အာရှ-ပစိဖိတ်ဒေသမှဖြစ်သည်။

ADB သည် ၂၀၀၇ -၂၀၀၈ ခုနှစ်ကာလများအတွင်း ကြုံတွေ့ခဲ့ရသော ကမ္ဘာလုံးဆိုင်ရာစားနပ်ရိက္ခာအကျပ်အတည်းကာလတွင် အဖွဲ့ဝင်နိုင်ငံများကို ပံ့ပိုးကူညီခဲ့မှုများမှ သင်ခန်းစာဖော်ထုတ်ကာ စားနပ်ရိက္ခာလုံခြုံမှု အစီအမံများကို အကောင်အထည်ဖော်သွားမည်ဖြစ်သည်။ ADB သည် ၂၀၀၈ ခုနှစ်မှစ၍ စားနပ်ရိက္ခာလုံခြုံမှုအတွက် နှစ်စဉ်အမေရိကန်ဒေါ်လာ ၂ ဘီလီယံ ရင်းနှီးမြှုပ်နှံဆောင်ရွက်လျက်ရှိသည်။ မည်သို့ပင်ဆိုစေ ADB သည် အာရှ-ပစိဖိတ်ဒေသ သာယာဝပြောရေး၊ အားလုံးအကျုံးဝင်သော စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဖော်ဆောင်သွားရန် အခိုင်အမာဆုံးဖြတ်ထားရှိသည်။


အမှန်တော့ ကမ္ဘာတစ်ဝန်း ရာသီဥတုပြောင်းလဲမှု၊ ယူကရိန်းပဋိပက္ခနှင့် ကုန်ဈေးနှုန်းကြီးမြင့်လာမှုတို့ကြောင့် အာရှ-ပစိဖိတ်ဒေသရှိ အချို့သောနိုင်ငံများ၊ အထူးသဖြင့် တောင်အာရှဒေသနိုင်ငံများသည် စားနပ်ရိက္ခာအကျပ်အတည်းနှင့် ရင်ဆိုင်ကြုံတွေ့ရလျက်ရှိသည်။ ထိုသို့သောအခြေအနေမျိုးတွင် ADB က ပံ့ပိုးရေးရန်ပုံငွေထုတ်ပေးမည်ဆိုသော သတင်းသည် အာရှ-ပစိဖိတ်ဒေသရှိ အာဟာရချို့တဲ့နေသောကလေးငယ်များအတွက် ဝမ်းမြောက်ဖွယ်ရာပင်ဖြစ်သည်။

**ကိုးကား**

- **ADB to Devote $ 14 Billion to Help Ease Food Crisis in Asia-Pacific by the Diplomat.**

ကမ္ဘာ့ကျန်းမာရေးလောကရှုခင်း

# နာတာရှည်အဆုတ်ပွလူနာများ သက်ရှည်ကျန်းမာကြစေရေး




လူ့ခန္ဓာကိုယ်တွင် အဆုတ်က အတော်လေးထူးဆန်းသည့် ကိုယ်တွင်းအင်္ဂါတစ်မျိုးဖြစ်သည်။ အဆုတ်နှစ်ဖက်က လေပြွန်လေးများကို တစ်စုတစ်စည်းတည်း တိုင်းတာကြည့်မည်ဆိုလျှင် ကီလိုမီတာ ၂၄၀၀ အကွာအဝေးရှိသည်ဟု ဆိုသည်။ အဆုတ်ထဲတွင် အောက်ဆီဂျင်နှင့်ကာဗွန်ဒိုင်အောက်ဆိုက်ကို လဲလှယ်ပေးသည့် လေအိတ်ပေါင်း သန်း ၃၀၀ မှ ၅၀၀ ထိ ရှိနေသည်။ လူ့ခန္ဓာကိုယ်တွင် ဒုက္ခဓာတဓာပေးတတ်သည့် ကိုယ်တွင်းအင်္ဂါများထဲတွင်လည်း အဆုတ်ပါလေ့မရှိပေ။ ထို့အတွက်ကြောင့် အဆုတ်ကို လူများက မေ့နေကြသည်။ အဆုတ်ရောဂါဝေဒနာတစ်ခုခု ဖြစ်တော့မှသာ အဆုတ်ကို သတိရကြတော့သည်။

အဆုတ်နှင့်ပတ်သက်ပြီး အဖြစ်အများဆုံး၊ လူသိအများဆုံးရောဂါနှစ်ခုရှိသည်။ ပန်းနာရင်ကျပ်နှင့် နာတာရှည်အဆုတ်ပွရောဂါဖြစ်သည်။ အဆိုပါရောဂါနှစ်ခုကြားတွင် ပြတ်ပြတ်သားသားခွဲခြား၍ မရသည်တို့ အများကြီးရှိနေသည်။ ရောဂါနှစ်မျိုးစလုံးတွင် ချောင်းဆိုး၊ ရင်ကျပ်ခြင်းများ ခံစားရသည်။ ကုသရာတွင် သုံးစွဲရသည့်ဆေးဝါးများကလည်း တူနေကြသည်။ ဤဆောင်းပါးတွင် နာတာရှည်အဆုတ်ပွရောဂါ (COPD) အကြောင်းကို ဆွေးနွေးချင်သည်။

ဆရာဝန်များ အစဉ်တစိုက် လက်ခံလာခဲ့ကြသည်မှာ နာတာရှည်အဆုတ်ပွရောဂါသည် ဆေးလိပ်သောက်သူများတွင် ဖြစ်ကြသည်။ ရောဂါလက္ခဏာများကို ထိန်း၍သာရသည်။ ပျောက်ကင်းသွားအောင် ကုသ၍ မရနိုင်ပေ။ သက်သာလိုက်၊ ပြန်ဖြစ်လိုက်နှင့် ရှိနေမည်။ အသက်ကြီးပိုင်း ဆေးလိပ်သမားများတွင် ခံစားကြရလေ့ရှိပြီး သေသည်ထိ ရောဂါကြီးက ပါသွားသည်။ နာတာရှည်အဆုတ်ပွရောဂါကာကွယ်ရေးနှင့် ကုသရေးပိုင်းများတွင်လည်း နှစ်ပေါင်းဆယ်စုနှစ်များစွာ သိသိသာသာ တိုးတက်လာသည်ဟူ၍ မရှိပေ။ ထို့ပြင် ကမ္ဘာပေါ်တွင် နာတာရှည်အဆုတ်ပွရောဂါ၏ ဖိစီးထားသည့် ဝန်ထုပ်ဝန်ပိုးကလည်း အတော်လေးကြီးလာသည်။ သည်တော့ COPD အဆုတ်ပွရောဂါနှင့်ပတ်သက်ပြီး ပညာရှင်များ ပြန်လည်သုံးသပ်လာကြရသည်။

ရောဂါတစ်ခုအပေါ် အနိုင်ယူရန် ၎င်းရောဂါအကြောင်း ကောင်းကောင်းသိထားရန်လိုသည်။ ယခင်က COPD ဟုဆိုလိုက်လျှင် ဆေးလိပ်ကိုသာ မျက်စိထဲပြေးမြင်ခဲ့ကြရာမှ ယနေ့အချိန်တွင် ထပ်တိုး နောက်ခံအကြောင်းတရားများရှိလာသည်။

လက်ရှိကာလ COPD ရောဂါ ဖြစ်ပေါ်မှုကို အားပေးသည့် နောက်ခံအချက်ကြီး ငါးချက်ရှိသည်။ ၎င်းတို့မှာ မျိုးရိုးဗီဇနောက်ခံအကြောင်းတရားများ၊ ငယ်စဉ်ဘဝကာလများတွင် ဖြစ်ပွားခဲ့သည့်အဆုတ်အပေါ် သက်ရောက်မှုများ၊ အဆုတ်နှင့်ပတ်သက်သည့် ကူးစက်ရောဂါများ၊ ဆေးလိပ်၊ ဆေးရွက်ကြီးနှင့်ထိတွေ့မှုများနှင့်လေထုညစ်ညမ်းမှုဟူ၍ဖြစ်သည်။

ဆေးလိပ်ဆေးရွက်ကြီးနှင့်ထိတွေ့မှုများက နာတာရှည် အဆုတ်ပွရောဂါနှင့်ပတ်သက်လာလျှင် ယနေ့အချိန်ထိ အဓိကနောက်ခံအကြောင်းရင်းတစ်ခုဖြစ်နေဆဲပင်ဖြစ်သည်။ ဆေးလိပ်ဆေးရွက်ကြီးထိန်းချုပ်မှုနှင့် ပတ်သက်လာလျှင် နယူးဇီလန်နိုင်ငံ၏ ဆောင်ရွက်ချက်များက အလွန်အားရဖွယ်ကောင်းသည်။ နယူးဇီလန်နိုင်ငံတွင် ဆေးလိပ်ငွေ့အန္တရာယ်မှ ကင်းလွတ်သည့် မျိုးဆက်တစ်ခု ပေါ်ပေါက်လာစေရမည်ဟု သန္နိဋ္ဌာန်ချထားသည်။ ဥပဒေသစ်များ ပြဋ္ဌာန်းပြီး ဆေးလိပ်ဝယ်ယူခွင့်ရှိသည့် အသက်အရွယ်ကို တိုးမြှင့်လိုက်သည်။ ထူးခြားချက်တစ်ခုက ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁ ရက်နောက်ပိုင်း မွေးဖွားသူမှန်သမျှ ဆေးလိပ်ဝယ်ယူခွင့်မရှိစေရဟု ဥပဒေပြဋ္ဌာန်းလိုက်ခြင်းဖြစ်သည်။

နယူးဇီလန်နိုင်ငံ၏ ဆေးလိပ်ထိန်းချုပ်ရေးဥပဒေများထဲတွင် စီးကရက်ထဲ၌ပါဝင်သည့် နီကိုတင်းပမာဏကို လျှော့ချလိုက်ခြင်းမျိုး၊ ဆေးလိပ်ရောင်းချခွင့်ရှိသည့် ဆိုင်အရေအတွက်ကို ကန့်သတ်လိုက်ခြင်းမျိုးများ ပါနေသည်။ ၎င်းဆေးလိပ်ထိန်းချုပ်ရေးဥပဒေ၏ ပထမမူကြမ်းကို နယူးဇီလန်လွှတ်တော်က ၂၀၂၂ ခုနှစ် ဇူလိုင် ၂၆ ရက်တွင် မဲခွဲအတည်ပြုခဲ့သည်။ မလေးရှားနှင့်ဒိန်းမတ်နိုင်ငံတို့ကလည်း အလားတူ ဆေးလိပ်ထိန်းချုပ်ရေးဥပဒေများ ရေးဆွဲနိုင်ရန် ကြိုးစားနေကြသည်။ တစ်ခုပြောစရာရှိသည်က နယူးဇီလန်နိုင်ငံတွင် Vaping ဟုခေါ်သည့် လျှပ်စစ်စီးကရက်များကို ဆက်လက်သုံးစွဲခွင့်ပြုထားသည်။

ရည်ရွယ်ချက်က ဆေးလိပ်၊ စီးကရက်ဖြတ်သည့်နေရာတွင် အစားထိုးအသုံးပြုနိုင်ရန် ဖြစ်သည်။ ဆေးလိပ်ကုမ္ပဏီများက နီကိုတင်းပါသည့် လျှပ်စစ်စီးကရက်များ ထုတ်လုပ်ရေးဘက်သို့ ပြောင်းရွှေ့မြှုပ်နှံနေပြီဖြစ်သည်။ အချို့လျှပ်စစ်စီးကရက်များဆိုလျှင် စီးကရက်အစစ်ထက်ပင် နီကိုတင်းဓာတ်ပါဝင်မှုများ နေသေးသည်။ အချို့လူငယ်များသည် ဆေးလိပ်မသောက်တတ်သည့်အခြေအနေမှ အီးစီးကရက်ကို စမ်းသုံးကြည့်ရာမှ ဆေးလိပ်သောက်တတ်သွားခြင်းမျိုးပင်ရှိနေသည်။

လျှပ်စစ်စီးကရက် သို့မဟုတ် အီးစီးကရက်က ဒီဇိုင်းများစုံသည်။ နီကိုတင်းနှင့်အတူ အနံ့အရသာလည်း ထည့်ထားသည်။ သည်တော့ လူငယ်လေးများ ကြိုက်ကြသည်။ သို့သော်လည်း အီးစီးကရက်သည် အဆုတ်ကိုအန္တရာယ်ပေးမည့် ဓာတုပစ္စည်းများစွာ ပါနေသည်။ နာတာရှည်အဆုတ်ပွရောဂါဖြစ်လာနိုင်ခြေလည်း များစွာရှိသည်။ ဆေးလိပ်နှင့် Vaping သို့မဟုတ် အီးစီးကရက်နှစ်မျိုးစလုံး ကမ္ဘာမြေပေါ်မှ ပျောက်ကွယ်သွားရန်လိုသည်။

ဆေးလိပ်နှင့်ဆေးရွက်ကြီးပြီးလျှင် နာတာရှည် အဆုတ်ပွရောဂါ အားပေးသူတစ်ဦးက လေထုညစ်ညမ်းမှုဖြစ်သည်။ လေထုညစ်ညမ်းမှုဆိုရာတွင် အိမ်တွင်းလေထုညစ်ညမ်းမှုရော၊ ပြင်ပလေထုညစ်ညမ်းမှုပါ ပါဝင်သည်။ အိမ်တွင်းလေထုညစ်ညမ်းမှုဒဏ်ကို အမျိုးသမီးများ ပိုခံရသည်။ မီးဖိုချောင်တွင် ထင်း၊ ကျောက်မီးသွေး အစရှိသည့်လောင်စာများနှင့် ထမင်း၊ ဟင်းချက်ကြရသည့်အခါ အိမ်တွင်းလေထုညစ်ညမ်းမှုဖြစ်ရသည်။ ဖွံ့ဖြိုးမှုနိမ့်ကျနေသေးသည့် နိုင်ငံများတွင် အများဆုံးရင်ဆိုင်နေကြရသည်။ ဆေးလိပ်မသောက်တတ်သည့် အမျိုးသမီးများတွင် နာတာရှည်အဆုတ်ပွရောဂါများ ခံစားကြရသည့်အခါ အိမ်တွင်း လေထုညစ်ညမ်းမှုကြောင့် ဖြစ်ရန်များသည်။

ပြင်ပလေထုညစ်ညမ်းမှုမှာ စက်ရုံ၊ အလုပ်ရုံမှ ထွက်သည့် ဓာတ်ငွေ့များ၊ မော်တော်ယာဉ်အိတ်ဇောများမှထွက်သည့် ဓာတ်ငွေ့များ၊ တောမီးလောင်ရာမှ ထွက်လာသည့်အငွေ့များကြောင့်ဖြစ်ရသည်။ ၎င်းအဆိပ်ဓာတ်ငွေ့များကို ရှူဖန်များလာလျှင် အဆုတ်တွင် ဒဏ်ရာဒဏ်ချက်များ များလာပြီး နာတာရှည်ရောဂါများ ဖြစ်လာရတော့သည်။ ကုလသမဂ္ဂ၏ ၂၀၂၂ ခုနှစ် ဇူလိုင်လအတွင်းထုတ်ပြန်သည့် ဆုံးဖြတ်ချက်တစ်ခုမှာ ကျန်းမာရေးနှင့်ကိုက်ညီသည့်ပတ်ဝန်းကျင်အခြေအနေကောင်းရရှိရန်သည် လူသား၏ အခွင့်အရေးဖြစ်သည်ဟု တွေ့ရသည်။

ငယ်စဉ်ဘဝတွင် ကြုံတွေ့ခဲ့ရသည့်အဖြစ်အပျက်များကို ယခင်က နာတာရှည်အဆုတ်ပွရောဂါ၏ နောက်ခံအကြောင်းရင်းများထဲတွင် မတွေ့ရပေ။ လမစေ့ဘဲ မွေးဖွားလာသည့် ကလေးငယ်များ၏ အဆုတ်တွင် ဒဏ်ရာဒဏ်ချက်များ ရှိနေတတ်သည်။ အသက်အရွယ်ရလာသည့်အခါ ၎င်းဒဏ်ရာများက နာတာရှည် အဆုတ်ပွရောဂါ ဖြစ်လာစေသည်။ ထို့အတွက်ကြောင့် ယနေ့အချိန်တွင် နာတာရှည်အဆုတ်ပွရောဂါကိုကာကွယ်ရန် လူတစ်ဦးစတင်မွေးဖွားလာစဉ်ကစ၍ မွေးဖွားမှတ်တမ်းကို ယူထားသင့်သည်။ နေ့စေ့လစေ့ မွေးခဲ့သလား၊ မွေးကင်းစတွင် ဘာများဖြစ်ခဲ့သေးသလဲစသဖြင့် အဆုတ်ကျန်းမာရေးကို အာရုံစိုက်ကြရန် လိုလာသည်။

သွေးတိုးရောဂါ ရှိ၊ မရှိ သွေးပေါင်ချိန်တိုင်းရသကဲ့သို့ အဆုတ်ရောဂါများဖြစ်လာနိုင်ခြေ ရှိ၊ မရှိကိုလည်း Lung Function Test ခေါ်သည့် အဆုတ်ကျန်းမာရေးစစ်ဆေးသည့် နည်းလမ်းများဖြင့် စစ်ဆေးနိုင်သည်။ လူတစ်ဦးချင်းစီ၏ အဆုတ်ကျန်းမာရေးကို ပုံမှန်ကြိုတင်စစ်ဆေးခြင်းဖြင့် နာတာရှည်အဆုတ်ပွရောဂါများ ဖြစ်ပွားမလာစေရန် ကာကွယ်နိုင်မည့် အလားအလာရှိသည်။

နာတာရှည်အဆုတ်ပွရောဂါ ဖြစ်လာစေသည့် နောက်ခံအကြောင်းရင်းများထဲတွင် အဆုတ်၌ဖြစ်ပွားသည့်ကူးစက်ရောဂါများ ပါဝင်သည်ဟုဆိုထားသော်လည်း လက်ရှိကာလထိ နာတာရှည်အဆုတ်ပွရောဂါ တိုက်ရိုက်ဖြစ်ပွားစေနိုင်သည့် အဆုတ်ရောဂါကူးစက်ပိုးဟူ၍ မတွေ့ရှိရသေးပေ။ အဆုတ်တီဘီရောဂါ၊ ကိုဗစ်-၁၉ ရောဂါ အစရှိသည့်ကူးစက်ရောဂါပိုးများကြောင့် နာတာရှည်အဆုတ်ပွရောဂါ ဖြစ်ပွားစေနိုင်သည့် အထောက်အထားမတွေ့ရှိရသေးဟု ဆိုသည်။

နိဂုံးချုပ်အားဖြင့် နာတာရှည်အဆုတ်ပွရောဂါ၏ ဝန်ထုပ်ဝန်ပိုးကို လျှော့ချနိုင်ရန်အတွက် မဖြစ်ခင်ကကြိုတင်ကာကွယ်ခြင်း၊ အဆုတ်ကျန်းမာရေးကြိုတင်စစ်ဆေးခြင်း၊ နာတာရှည်အဆုတ်ပွရောဂါဖြစ်ပွားခါစ အခြေအနေကိုကြိုတင်သိရှိစေခြင်း၊ ထိရောက်သည့်ဆေးဝါးများဖြင့် စနစ်တကျကုသခြင်းစသည့် နည်းလမ်းများကို အသုံးပြုဆောင်ရွက်ကြရမည်။ ကုသ၍ ပျောက်ကင်းနိုင်ခြင်းမရှိသည့် နာတာရှည်အဆုတ်ပွရောဂါမဖြစ်ပွားကြစေရေးအတွက် အဆုတ်များ၏ ကျန်းမာရေးကို ငယ်ရွယ်စဉ်အချိန်များမှ စတင်လျက် ဂရုပြုကြရမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

❖ လမစေ့ဘဲမွေးဖွားလာသည့် ကလေးငယ်များ၏အဆုတ်တွင် ဒဏ်ရာဒဏ်ချက်များ ရှိနေတတ်သည်။ အသက်အရွယ်ရလာသည့်အခါ ၎င်းဒဏ်ရာများက နာတာရှည်အဆုတ်ပွရောဂါ ဖြစ်လာစေသည်။ ထို့အတွက်ကြောင့် ယနေ့အချိန်တွင် နာတာရှည်အဆုတ်ပွရောဂါကို ကာကွယ်ရန် လူတစ်ဦးစတင်မွေးဖွားလာစဉ်ကစ၍ မွေးဖွားမှတ်တမ်းကို ယူထားသင့်သည်။ နေ့စေ့လစေ့ မွေးခဲ့သလား၊ မွေးကင်းစတွင် ဘာများဖြစ်ခဲ့သေးသလဲစသဖြင့် အဆုတ်ကျန်းမာရေးကို အာရုံစိုက်ကြရန် လိုလာသည်။ ❖

**ကိုးကား**

- COPD: from an end-stage disease to lifelong lung health from Lancet Sept, 2022.

ဒေါက်တာလှမ်းမိုးဟန်

# မာဘယ်ကျောက်ပြားစက်ရုံ (မန္တလေး)

ဖင်ရင်းအရှေ့ဘက်အရောင်းဌာန - ဖုန်း- ၀၁ ၆၀၈၈၄၄

အီတလီနိုင်ငံထုတ် ခေတ်မီစက်ကရိယာများအသုံးပြုကာ
အီတလီနည်းပညာဖြင့်ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သော
နေပူခံကျောက်ပြား၊ အိမ်တွင်းအလှဆင်ကျောက်ပြားနှင့်ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ....

**CNC 3D** ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ
ကျောက်ထွင်းပန်းချီကားများ၊လူသုံးကုန်ပစ္စည်းများအား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။





STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

## STARMART MANDALAY Wholesale

အရည်အသွေးမြင့် စားသောက်ကုန်များအပါအဝင်
ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို ဝိတ်ရတ်မရှိ
လတ်လတ်ဆတ်ဆတ် ဝယ်ယူရရှိနိုင်ပါသည်။







၂၆လမ်းနှင့် ၆၆လမ်းထောင့် မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄


## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ဗ-၂၆ နေ ကျွန်မ မစောယုနွယ် (၉/ခမစ(နိုင်)၁၀၇၇၁၃) နှင့် မောင်သာထွန်းအောင် (၉/ပသက(နိုင်)၁၄၆၃၇၆) တို့သည် ၂၀၁၅ ခုနှစ်၊ မတ်လ၊ ၉ ရက်နေ့တွင် အသိသက်သေများရှေ့မှောက်၌ လက်မှတ်ရေးထိုးကာ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ပြီး သားသမီးတစ်ဦးထွန်းကားခဲ့ပါသည်။ လက်ထပ်ပြီးချိန်မှစ၍ ယနေ့အချိန်ထိ ကျွန်မတို့ဇနီးမောင်နှံသည် ကွာရှင်းပြတ်စဲထားခြင်းမရှိသေးဘဲ ယခုအချိန်ထိ ကျွန်မ မစောယုနွယ် သာလျှင် တရားဝင်ဇနီးမယားဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မစောယုနွယ်(၉/ခမစ(နိုင်)၁၀၇၇၁၃)**

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၆၁၉ (ရုံးချိန်အတွင်း)



ကြက်သွန်မြိတ်နှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ် အတွက် အထူးကောင်းမွန်သည်။

"အဂတိပယ်ရှား ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။
၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။
၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။
၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။
၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊ စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊ ၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

ကျွန်တော်တို့အစိုးရအနေနဲ့ "ရှေ့သို့လှမ်းမည်၊ ပန်းတိုင်ဆီ (Keep Moving Forward to Achieve Our Goal) ဆိုတဲ့အတိုင်း နိုင်ငံအကျိုး၊တိုင်းရင်းသားပြည်သူလူထုအကျိုးကို ရှေးရှုပြီး ပိုမိုကောင်းမွန်တဲ့ နိုင်ငံတော်နဲ့ လူမှုစီးပွားဘဝတွေကို တည်ဆောက်ပေးသွားမှာဖြစ်ကြောင်း တိုင်းရင်းသားပြည်သူလူထုကို အသိပေးပြောကြားလိုပါတယ်။ ပြည့်အင်အားသည် ပြည်တွင်းမှာရှိတယ်ဆိုတဲ့အတိုင်း ကျွန်တော်တို့အားလုံး အတူတကွ ပူးပေါင်းဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဩဂုတ် ၁ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ နှစ်နှင့် ၆ လ(၁၈လ) ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

**၁-၈-၂၀၂၂**

# မြန်မာနိုင်ငံမှ စင်ကာပူနိုင်ငံနှင့် ကိုရီးယားနိုင်ငံသို့ သံရည်ကျိုပုံလောင်းထုတ်ကုန်ပစ္စည်းများ တင်ပို့လျက်ရှိ



**ပဲခူး အောက်တိုဘာ ၂**

မြန်မာနိုင်ငံမှ စင်ကာပူနိုင်ငံနှင့် ကိုရီးယားနိုင်ငံသို့ ပို့ကုန်အဖြစ် လျှပ်စစ်မီးတိုင်အောက်ခံခုံများ၊ သံကွပ်မြောင်းဖုံးအမျိုးမျိုး၊ ပို့ကုန်ခဲသီးအစားထိုး သံကွပ်ခဲသီးများကို နေ့စဉ် လုပ်သား ဦးရေ ၈၀ ဖြင့် တစ်ရက်လျှင် ကုန်ချောထုတ်ကုန် ရှစ်တန်ခန့် ထုတ်လုပ်တင်ပို့လျက်ရှိကြောင်း သိရသည်။

**စာမျက်နှာ ၁၉ ကော်လံ ၄☆**

**ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း သံရည်ကျိုပုံလောင်းလုပ်ငန်းအား ကြည့်ရှုအားပေးစဉ်။**

## စစ်ကိုင်းတိုင်းဒေသကြီး လုတောကျေးရွာနှင့် ဝက်လက်မြို့သွား ကားလမ်းမကြီး တစ်လျှောက် NUGနှင့်PDF အမည်ခံ အကြမ်းဖက် သမားများ ထောင်ထားသည့်မိုင်းများကို အများပြည်သူ ဘေးအန္တရာယ် မရှိစေရေး ဖယ်ရှားရှင်းလင်း

စာမျက်နှာ - ၂၂

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၄၀၂၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် အောက်တိုဘာ ၂**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်း ဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့်

**စာမျက်နှာ ၂၂ ကော်လံ ၁☐**

## မြစ်ရေကြီးခြင်းသတိပေးချက်

**နေပြည်တော် အောက်တိုဘာ ၂**

ယနေ့ မြန်မာစံတော်ချိန် နံနက် ၇ နာရီခွဲအချိန် တိုင်းထွာချက်အရ မယ်ဆိုင်မြစ်ရေသည် တာချီလိတ်မြို့(လွယ်တော်ခမ်းရပ်ကွက်)တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တာချီလိတ်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

